www.burmeseclassic.com

# အသည်းကွဲလူရှင်တော်

BURMESE CLASSIC .com

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

■ စာမူခွင့်ပြုချက်အမှတ် – [ ၅၀၀၃၇၆၀၆၀၃ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၀၆၄၅၀၆၀၅ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၀၆ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်နိုင် (ယာယီ ၁၀၇၄) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း – ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)

■ ကွန်ပျူတာစာစီ – သူသူ

■ အတွင်းဖလင် – ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် – စွယ်တော်

■ အုပ်ရေ – ၅၀၀ အုပ်

■ တန်ဖိုး – ၁၂၀၀ ကျပ်

BURMESE CLASSIC .com

# ဝေမှူးသွင်

## အ သ ည် း ကွဲ လူ ရွှ င် တေ ာ်

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်၏ သုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နိုင်ငံ့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | နိုင်ငံ့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နိုင်ငံ့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

## စာရေးသူ၏ ထုတ်ဝေပြီးစာအုပ်များ

- လဆွဲအားနဲ့ မိန်းမ
- အဆင့်မြင့် ချည်တိုင်
- အနေးသွား လွှန်းပျံယာဉ်
- စိတ်ကောက်နတ်သမီး
- လေလုံဇကာ (ကဗျာ)
- အပြာရောင်မှတ်ဉာဏ် အပိုင်းအစများ
- သံယောဇဉ် ဖတ်စာ
- သစ်ရွက်တို့၏ ပေါ့ဆခြင်းများ (ကဗျာ)
- ဝတ်မှုန်ကူးတဲ့ ကြယ်
- စက္ကူပန်းတွေရဲ့ သီချင်း
- ကျူးပစ်ကိုယ်တိုင် မသိခဲ့တဲ့များအကြောင်း
- ဗလာကောင်ရေးတဲ့ ဗလာအကြောင်းများ
- အခန်းဆက်နှင်းဆီ
- ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း
- ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင်
- တစ်ခါတစ်ရံများ
- အချစ်အကြောင်း (ကဗျာ)
- အဆောင်သူအတွက်

---

- အသည်းကွဲလူရွှင်တော်

---

လက်၍

---

- ဘတ်သီးအော်ပရေးရှင်း
- တယော

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

BURMESE CLASSIC .com

မိုးတွေအုံ့မှိုင်းနေသော တနင်္ဂနွေမနက်ခင်းတစ်ခုမှာ နိုးထလာရတာကို မင်းဝေက စိတ်ပျက်လက်ပျက် ဖြစ်နေမိသည်။ သူက အိပ်ရာမှ နိုးနိုးချင်း ကောင်းကင်ကြီးတစ်ခုလုံး မှောင်နေတာမျိုးကို မကြိုက်ပေ။ အိပ်ရေးဝနေပြီဖြစ်သော်လည်း အရောင်ခပ်မှိုင်းမှိုင်း မိုးသားများကြောင့် သူ့စိတ်တွေ မကြည်လင်ဘဲ ထလာရ၏။ စားပွဲပေါ်မှ နာရီကို လှမ်းကြည့်လိုက်တော့ ကိုးနာရီတောင်ခွဲနေပြီ။ မင်းဝေက မထသေးဘဲ လက်နှစ်ဖက်ကို ဆန့်တန်းရင်း အားရပါးရ သမ်းဝေလိုက်သည်။ သူသည် ဒီလိုတနင်္ဂနွေနေ့မျိုးတွင် အိပ်ရေးဝဝ အိပ်ခွင့်ရတတ်၏။

သူက ဒုတိယနှစ်ဆေးကျောင်းသားတစ်ယောက်. . .။ ဒါကြောင့် သူ့မှာ ဆေးကျောင်းသား၊ ကျောင်းသူတို့၏ ထုံးစံအတိုင်း အမြဲလိုလို ကျောင်းစာများနှင့် နပမ်းလုံးနေရပြီး မနက်ဆိုလည်း အိပ်ရာမှ စောစောထရလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . . သူ့အိပ်ခန်း၏ ခန်းဆီးစလေးက လှင့်ခနဲ လှပ်ရမ်းသွား တော့ မေမေ့မျက်နှာကြီး ပေါ်လာ၏။

"သား. . . နိုးပြီလား"

"ဟုတ်. . . နိုးပါပြီ"

သူက ပြန်ဖြေရင်း တစ်ဆက်တည်း လှဲနေရာမှ ထလိုက်ပါသည်။ မေမေသည် သူ့ကိုပြုံးပြီးကြည့်နေ၏။ သူ့မှာ အစ်ကိုတစ်ယောက်ရှိခဲ့ဖူး ပေမယ့် အခုတော့ ကိုကိုသည် မိန်းမတစ်ဦးကြောင့် အရက်စွဲကာ ကွယ် လွန်ခဲ့ရသည်။ မေမေကလည်း သူ့ကို မွေးဖွားပြီး နာရီပိုင်းအတွင်းမှာပင် အသက်ဆုံးရှုံးခဲ့ရတာမို့ အဖေတစ်ခု၊ သားတစ်ခုဘဝတွင် ဖေဖေသည် သူ့အပေါ် အမြဲတရိပ်ရိပ်ကြည့်ကာ ဂရုစိုက်တတ်ပါသည်။ ကိုကို မရှိ တော့သည့်နောက် ခေတ်ပညာတတ်မရှိသော သူတို့ဆွေမျိုးများကြားတွင် မင်းဝေကို ဖေဖေက ဆရာဝန်တစ်ယောက်ဖြစ်စေချင်၏။ ဖေဖေကတော့ နိုင်ငံကျော်လူရွှင်တော်ကြီးတစ်ဦးဖြစ်သည်။ လူရွှင်တော်ကြီးဦးကြာရိုးဆို လျှင် အရပ်ထဲတွင် မသိသူမရှိပေ။

သို့သော် လွန်ခဲ့သော ရှစ်နှစ်ခန့်က စက်မှုတက္ကသိုလ်ကျောင်း သား ကိုကိုမင်းနွေ ဆုံးသွားခဲ့ရာ ဖေဖေသည် လူရွှင်တော်အလုပ်ကို အပြီး အပိုင် စွန့်လွှတ်ခဲ့ပါသည်။ အဲဒီအချိန်က သူသည် ငါးတန်းကျောင်းသား တစ်ဦးမျှသာရှိသေး၏။ ကိုကိုနှင့်သူ အသက်ခုနစ်နှစ်ကျော် ကွာသည်။ ထိုအချိန်မှစ၍ ဖေဖေက လူရွှင်တော်အလုပ်ကို အနားယူလိုက်ပြီး အိမ် မှာပဲ စာအုပ်နှင့် တိတ်ခွေအငှားဆိုင်လေးတစ်ဆိုင်ဖွင့်ကာ သူ့ကို အခုလို ဆေးကျောင်းသားတစ်ယောက်ဖြစ်သည်အထိ ပညာသင်ပေးခဲ့သည်။

"ဒီမှာ သားနာမည်နဲ့ စာတစ်စောင်ရောက်နေတယ်"

ဖေဖေက အပြာရောင်စာအိတ်လေးတစ်အိတ်ကို ထောင်ပြရင်း ပြော၏။ သူ နည်းနည်းတော့ အံ့သြသွားပါသည်။ ဖေဖေသည် စာကို



သူ့ဆီကမ်းပေးလိုက်၏။

"ရော့. . . သားရဲ့စာ၊ မျက်နှာသစ်ပြီးရင် ထမင်းစားခန်းကိုလာ ခဲ့၊ သားကြိုက်တဲ့ ခေါ်က်ပေါင်းကို ငါးကြော်ကြွပ်ကြွပ်လေးနဲ့ ဖေဖေ စီစဉ် ထားတယ်၊ အဲ. . . စားပြီးသွားရင် ငါ့သား စာကြည့်တော့ ဟုတ်ပြီလား"

မင်းဝေသည် ဖေဖေ့စေတနာနှင့် သားတစ်ယောက်အပေါ် ထား ရှိသော လောဘ. . . အစွန်းနှစ်ဖက်စလုံးကို မြင်တွေ့နေရသဖြင့် ပြုံးမိ သွား၏။ ဖေဖေ ပြန်ထွက်သွားတော့မှ မင်းဝေသည် သူ့လက်ထဲက စာအိတ်အပြာရောင်လေးကို ငုံ့ကြည့်လိုက်မိသည်။ သူ့နာမည်နှင့်အတူ သူတို့စာအုပ်အငှားဆိုင်နာမည်ဖြစ်သော 'ရွှေမြို့တော်စာပေ' ဆိုသည့် အမည်ကိုပါ ပူးတွဲတွေ့လိုက်ရသောကြောင့် သူ ပိုပြီး အံ့သြသွားပါ၏။ ပြီးတော့လည်း အထဲမှာပါသည်ဟု မထင်ရလောက်အောင် တကယ့်ကို ပါးပါးလေးဖြစ်သည်။

စာအိတ်အပြာရောင်လေးကို မင်းဝေက ဖောက်ကြည့်လိုက် သည်။ သူ့ရင်တွေခုန်နေ၏။ ထူးခြားမှုက စာအိတ်ထဲမှ ထွက်လာသော အရာသည် စာတစ်စောင်မဟုတ်ဘဲ လိပ်စာကဒ်လေးတစ်ခုဖြစ်နေ၏။ သူက လိပ်စာကဒ်လေးကို အလျင်စလိုကြည့်လိုက်ပြန်သည်။

ဟောဗျာ. . .။

မင်းဝေ တွေ့ရသည်မှာ သူ့ရဲ့လိပ်စာကဒ်ဖြစ်နေလေသည်။

**ရွှေမြို့တော်စာပေ**

မင်းဝေ

အမှတ် (...)၊ ဗညားဒလလမ်းသွယ်၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကများ သူ့ရဲ့လိပ်စာကဒ်ကို သူ့ဆီပြန်ပို့ပေးလိုက်ပါလိမ့်။ ဆေးပို့သူ၏ လိပ်စာကို သိချင်စိတ်ဖြင့် မင်းဝေက စာအိတ်နောက်ကျောဘက်မှာ ရှာကြည့်မိသည်။ မတွေ့ရ. . .။ သူက စဉ်းစားနေလိုက်၏။

ပုံမှန်ဆို မင်းဝေဆီမှာ လိပ်စာကဒ်တွေ၊ ဘာတွေရှိတာမဟုတ်။ ဒါပေမဲ့ ပြီးခဲ့သော ပထမနှစ်တုန်းက သူ့သူငယ်ချင်းတင်မောင်ထွေးဆိုသည့်ကောင်က မြို့ထဲမှာ ကွန်ပျူတာဆိုင်တစ်ဆိုင်ဖွင့်၏။ အဲဒီကောင်က သူ့ဆိုင်ကို အတင်းအားပေးခိုင်းသဖြင့် မင်းဝေက အားနာပါးနာနဲ့ တင်မောင်ထွေးရဲ့ဆိုင်မှာ လိပ်စာကဒ်ဆယ့်နှစ်ခုတိတိကို လုပ်ခိုင်းခဲ့ခြင်းဖြစ်သည်။

ထိုလိပ်စာကဒ်တွေကိုလည်း သူက ဘယ်သူ့ကို ဘယ်မှာပေးပစ်ခဲ့မှန်း မမှတ်မိတော့ချေ။ သူ့ဆီမှာတောင် တစ်ခုမှမကျန်တော့. . .။ အခု ထိုလိပ်စာကဒ်ဆယ့်နှစ်ခုထဲမှ တစ်ခုက သူ့ထံကို စာတိုက်ကတဆင့် ပြန်ရောက်လာခဲ့ပြီ။ မင်းဝေက သူ့လိပ်စာကဒ်ကို ဘာအဓိပ္ပာယ်နဲ့ သူ့ဆီပြန်ပို့ပေးခဲ့သလဲဆိုတာ အဖြေရှာမရနိုင်ဘဲရှိသည်။ ရုတ်တရက် သူက လိပ်စာကဒ်လေးကို တစ်ဖက်သို့ လှည့်ကြည့်လိုက်မိ၏။ လိပ်စာကဒ်၏ နောက်ကျောဖက်မှာ လက်ရေးစောင်းစောင်းနှင့် ရေးထားသော စာတွေကို သူ တွေ့ရလေသည်။

> *ဟိတ်. . . မင်းဝေ*
> *ကိုယ့်ရဲ့လိပ်စာကဒ်ကို တန်ဖိုးမထားတဲ့လူလက်ထဲ*
> *နောက်တစ်ခါ မရောက်ပါစေနဲ့။*
> ***R.C*** *ရှေ့ပေါက်ဝမှာ ဟိုလူတက်နင်း၊ ဒီလူကျော်ခွနဲ့*
> *အမြင်မတော်လို့*
> *(အဓိက ကတော့ ယောက်ျားလေးဆိုတော့ ဘုန်းနိမ့်မှာစိုးလို့ပါ)*
> *ကောက်ပြီး ပြန်ပို့ပေးလိုက်တယ်။ ကျေးဇူးတင်ရန်မလိုပါ။*

BURMESE CLASSIC .com



စာကဒါပဲ။ အောက်က ရေးတဲ့လူရဲ့နာမည်ကို ကြည့်လိုက်တော့ ကွက်လပ်သာဖြစ်နေ၏။ သူသည် ထိုစာကို ရေးသူ ဘယ်သူမှန်းမသိသော်လည်း ကောင်မလေးတစ်ယောက်ဟု အသေအချာကြီး ယုံကြည်ပစ်လိုက်ပါသည်။

နောက်. . . မင်းဝေက သူ့ဆီ လိပ်စာကဒ်လေးကို ပြန်ပို့ပေးလိုက်သည့် တစ်စုံတစ်ဦး၏ စိတ်ကူးလေးကိုလည်း ချစ်မိသွား၏။ လမ်းပေါ်မှာ လိပ်စာကဒ်လေးတစ်ခုကို ကောက်တွေ့ရုံနဲ့ ဘယ်သူဟာ အခုလို စိတ်ကူးမိနိုင်မှာလဲ။ မဟုတ်ဘူးလား။

သူက တစ်ယောက်တည်း ကျေနပ်စွာပြုံးရင်း စာအိတ်အပြာလေးကို စားပွဲပေါ်သို့ လှမ်းတင်ထားလိုက်သည်။ ထိုအခိုက် ဖေဖေ့ဆီမှ "သားရေ. . . မပြီးသေးဘူးလား" ဆိုသည့် အသံကြီးကြောင့် သူ အမြန်ထကာ မျက်နှာသစ်ရန် ရေချိုးခန်းထဲ ဝင်ရတော့၏။

ဘာပဲဖြစ်ဖြစ် ထိုနေ့က အညိုရောင်မိုးသားများကြောင့် စိတ်မကြည်မသာဖြစ်နေသော မင်းဝေမှာ အမည်မသိသူတစ်ယောက်က လိပ်စာကဒ်လေးကို ပြန်ပို့ပေးလိုက်သည့်အတွက် သူ့စိတ်တွေ လန်းဆန်းကြည်လင်လာခဲ့သည်။ ဘယ်သူမှန်းမသိပေမယ့် ထိုသူကို မင်းဝေ ကျေးဇူးတင်နေမိ၏။

လူတစ်ယောက်၏ အမှတ်တမဲ့လုပ်ရပ်လေးတစ်ခုသည် တခြားတစ်ယောက်ရဲ့ရင်ထဲကို တိုက်ဆိုင်စွာ အမှတ်တရ ရောက်သွားဖို့ဆိုတာ များစွာသော မဖြစ်နိုင်ခြင်းတွေထဲက တစ်ခုဖြစ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

နာမည်ကျော်ရန်ကုန်မိုးသည် ဒီနေ့မှ နာမည်မပျက်လျှင် ဘယ်နေ့ နာမည်ပျက်တော့မည်နည်း။ ဇွန်လမှ ဟုတ်ပါလေစဟု တွေးရလောက်အောင်ပင် ကောင်းကင်တစ်ခွင်လုံး မိုးသားများ ကင်းစင်လျက်ရှိနေပါသည်။ နေရောင်က မြောက်အရပ်ဆီမှ ဖျော့ဖျော့လေးထိုးကျနေ၏။

မင်းဝေတို့ သူငယ်ချင်းတစ်သိုက်က အခုလိုအချိန်မျိုးတွင် အတန်းတက်ရန် ပျင်းရိနေကြပြီး ကန်တင်းမှာ တစ်နေကုန်ထိုင်၍ ဆေးပေါ့လိပ်ကို ဖိမ်နဲ့ ဖွာနေတတ်ကြသည်။ သူတို့အဖွဲ့သည် ဘုရားစူးဆေးကျောင်းသားတွေဖြစ်ကြပါ၏။ မင်းဝေ၊ စည်သူအောင်၊ ပြည့်စုံ၊ မြင့်နိုင်ဦး အားလုံး စုစုပေါင်း လေးယောက်ပါဝင်သော သူတို့အုပ်စုကို ဒီကျောင်းမှာ မသိသူမရှိ။

သူတို့အဖွဲ့ဝင်တွေရဲ့စတိုင်မှာ အမြဲတမ်း အဆီပြန်မျက်နှာများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်ကြား၌ ဆေးပေါ့လိပ်ကိုယ်စီနှင့် ကန်တင်းတွင် အကြွေးစာရင်း ရှည်ကြီးနှင့် အဝတ်အစားဆိုလည်း ကပိုကရိုနဲ့ ဖြစ်သလိုဝတ်ထားပြီး ဆံပင်ကိုလည်း ဘယ်တော့မှ မဖီးသင်ဘဲနေကြသည်။ သူတို့၏ ဂျူတီကုတ်များသည် အမြဲလိုလို ညစ်ထေးလျက်ရှိ၏။ သူတို့ပြောသောစကားတွေသည် ကဗျာအကြောင်း၊ ဘောလုံးပွဲတွေအကြောင်း၊ ကောင်မလေးများအကြောင်းနှင့် ပြင်ပဗဟုသုတတွေအကြောင်းသာဖြစ်ပြီး ကျောင်းစာနဲ့ ပတ်သက်၍ ယောင်လို့တောင်မပါပေ။ သူတို့ထဲမှာ မြင့်နိုင်ဦးက အသက်အကြီးဆုံး၊ ပါဝါမျက်မှန်အထူကြီးတပ်ထားရသည်။ ပြီးတော့ အိမ်ထောင်သည်ဖြစ်ပြီး သူ့မှာ ကလေးတစ်ယောက်လည်းရှိ၏။ မြင့်နိုင်ဦးသည် ဆယ်တန်းကို ခြောက်နှစ်တိတိဖြေပြီး ဆေးတက္ကသိုလ်ကျောင်းသားဖြစ်လာသူ။ ဆယ်တန်းရောက်သည့်နှစ်မှာပဲ သူက မိန်းမရခဲ့ခြင်းဖြစ်ပါသည်။

ဒီတော့ သူက မင်းဝေတို့တွေထက် အသက် ငါးနှစ်ပိုကြီးကာ အဖွဲ့ထဲတွင်လည်း ဝါစဉ်အရ ခေါင်းဆောင်ဖြစ်၏။ မင်းဝေကတော့ ဒီအုပ်စု၏ အသက်သွေးကြော။ သူရှိနေလျှင် ကျန်လူတွေ မပျင်းရ။ အမြဲနောက်ရွှတ်နေတတ်၍ ဟာသဉာဏ်လည်းကောင်းလှသည်။ ဒါကတော့ သူ့အဖေ လူရှင်တော်ကြီးဦးကြာနိုး၏ မျိုးဆက်ဟု ပြောနိုင်သောအချက်တစ်ချက်ပင်ဖြစ်၏။ သူ့ကို သူငယ်ချင်းတွေက ချစ်စနိုးနှင့် 'လူပြက်'လို့ ခေါ်ဝေါ်တတ်ကြသည်။

စည်သူအောင်နှင့် ပြည့်စုံ နှစ်ယောက်ကတော့ မင်းဝေတို့နဲ့ ခြားနားစွာ ငွေကြေးချမ်းသာကြွယ်ဝသော အသိုင်းအဝိုင်းက ဖြစ်ပေမယ့် မင်းဝေတို့ နေပုံထိုင်ပုံအတိုင်းသာ ရှိကြသူတွေဖြစ်လေ၏။ ဒါကြောင့်လည်း အသွင်သဏ္ဌာန်တူသူတွေချင်း ပေါင်းဖက်မိကြခြင်းဖြစ်ပါသည်။ စည်သူအောင်နှင့်ပြည့်စုံတို့သည် ပိုက်ဆံရှိ သားသမီးတွေဆိုသော်လည်း အကြွေးပတ်လည်ဝိုင်းနေကြသူတွေဖြစ်သည်။ သူတို့မိဘတွေက ပိုက်ဆံ



ရှိကြပေမယ့် သူတို့မှာတော့ ပိုက်ဆံမရှိကြ။ ငွေလိုပြီဆိုလျှင် နားကြပ်တွေကို အလွယ်တကူပဲ အပေါင်ဆိုင်ပို့ပစ်လိုက်လေ့ရှိ၏။ သူတို့က ဆွေမျိုးများနှင့် မိသားစုအတွင်းမှာ အားလုံး၏ ချဉ်ဖတ်။ ဆေးကျောင်းသားတွေဖြစ်နေတာတစ်ချက်က ခံနေ၍သာ တော်တော့သည်။ ဆေးကျောင်းသားဆိုလျှင် ဟုတ်ဟုတ်မဟုတ်ဟုတ် ဇွတ်အထင်ကြီးတတ်သည့် လူတွေရဲ့ မလေ့ကြောင့် သူတို့က အနည်းငယ် အနေအစားချောင်လျက်ရှိ၏။

စိတ်တိုလွယ်သော မင်းဝေဆီမှာ လူပြက်ဆိုတဲ့ ဂုဏ်ပုဒ်အပြင် ရန်ခဏခဏဖြစ်သည့်အတွက် လူမိုက်ဟုလည်း အမည်တွင်၏။

ကန်တင်း၌ မင်းဝေသည် သူငယ်ချင်းတွေကို သူ့ဆီ လိပ်စာကဒ်လေးတစ်ကဒ် ထူးဆန်းစွာ ရောက်ရှိလာပုံအား ပြောပြနေပါသည်။ အားလုံးက မင်းဝေ ပြောသမျှကို စိတ်ဝင်တစား ဝိုင်းနားထောင်နေကြ၏။ မင်းဝေ၏စကားဆုံးတော့ အတွေ့အကြုံများသော မြင့်နိုင်ဦးက မှတ်ချက်ချသည်။

"မင်းအဖြစ်က ဆန်းတော့ဆန်းသားကွ၊ ဒါပေမဲ့ အခုကိစ္စမှာ တစ်ယောက်ယောက်က မင်းကိုလှမ်းပြီး ဦးနှောက်စားတာလဲ ဖြစ်နိုင်တယ်နော်"

မင်းဝေက. . .

"အဲဒါပြောတာပေါ့၊ နောက်ဆုံး ကုန်ကုန်ပြောရရင် မင်းတို့သုံးယောက်ထဲက တစ်ယောက်ယောက်တောင် ဖြစ်နိုင်သေးတယ်"

"ဗုဒ္ဓေါ. . ."

မင်းဝေစကားကြောင့် ကတုံးဆံပင်ပေါက်နှင့် ပြည့်စုံက ဘုရားတလိုက်ရင်း သူ့ခေါင်းကို သူပြန်ပွတ်နေ၏။ စည်သူအောင်က မင်းဝေ၏ စွပ်စွဲချက်ကို ပြန်ပြီး အတွန့်တက်ပါသည်။

"ဟာ. . . ငါတို့က ဘာဖြစ်လို့ တံဆိပ်ခေါင်းဖိုးအကုန်ခံပြီး မင်း

www.burmeseclassic.com

www.burmeseclassic.com



လိပ်စာကဒ်ကို မင်းဆီ ပြန်ပို့ပေးရမှာလဲ. . . အမိပ္ပာယ်မရှိ. . .”

စည်သူအောင်ရဲ့ စကားမဆုံးခင် မင်းဝေက လက်ကာပြရင်း ဖြတ်ပြောလိုက်၏။

“နေဦး၊ နေဦး. . . ငါပြောမယ်. . . အဓိပ္ပာယ်ရှိ မရှိတော့ မှသိဘူး၊ သံသယဖြစ်စရာကောင်းတဲ့အချက်တွေကို ငါပြောပြမယ်”

“ပြောစမ်းပါဦး”

“ဒီလိုလေကွာ. . . မနှစ်တုန်းက ငါ အဲဒီလိပ်စာကဒ်ကို တင်မောင်ထွေး ဂျီကျနေလို့ သူ့ဆိုင်မှာလုပ်ခဲ့တာ မင်းတို့မှတ်မိမှာပါ၊ အားလုံးစုစုပေါင်းမှ ဆယ့်နှစ်ခုပဲလုပ်တာ. . .။ အဲဒီတုန်းက ငါ့ကဒ်တွေကို မင်းတို့သုံးယောက်စလုံးကို ငါပေးထားတယ်၊ ကျန်တာတွေကိုတော့ ငါလည်း ဘယ်သူ့ပေးမိသလဲ မမှတ်မိတော့ဘူး၊ ဒီတော့ အခု မင်းတို့သုံးယောက်စလုံး ငါပေးထားတဲ့ကဒ်တွေပြန်ပြကြ. . . မပြနိုင်တဲ့လူကိုတော့ တရားခံဖြစ်နိုင်ချေစာရင်းထဲကို ယာယီထည့်ထားရမှာပဲ”

ပြည့်စုံက ချက်ချင်းပင် သူ့ပိုက်ဆံအိတ်ကိုထုတ်ကာ. . .

“ဟောဒီမှာပါခင်ဗျာ၊ ကျွန်တော်မျိုးက အဲဒီကဒ်ကို အခုချက်ချင်း ပြနိုင်ပါတယ်”

ပြောပြောဆိုဆို ပြည့်စုံက သူ့ပိုက်ဆံအိတ်ကြားမှ မင်းဝေ၏ ကဒ်ပြားလေးကို ထုတ်ပြပါသည်။ စည်သူအောင်ကလည်း အားကျမခံ သူ့ရဲ့လိပ်စာကဒ်စာအုပ်လေးထဲမှ လိပ်စာကဒ်ကို ပြလိုက်၏။

“ဟုတ်ပြီနော် လူပြက်”

“တွေ့ပြီမဟုတ်လား”

“အေးပါကွ. . . ဟုတ်ပါပြီ၊ ဒါနဲ့ မြင့်နိုင်ဦးရော. . . ပြဦးလေ”

မင်းဝေက ရယ်ရယ်မောမောနှင့် မြင့်နိုင်ဦးအား လှမ်းမေးပါသည်။ မြင့်နိုင်ဦးမှာ သူတို့ထက် ငါးနှစ်တောင်ပိုကြီးသော်လည်း ကျောင်း



နေဖက်များမို့ မင်းတွေငါတွေနဲ့ပဲ ပြောတတ်ကြ၏။

“ဂါ့ကဒ်ပြားက အိမ်မှာထင်တယ်ကွ၊ အိမ်ပြန်မှ မိန်းမကို မေးကြည့်ရဦးမယ်”

“အင်း. . . ဒါဆိုလည်းပြီးရော၊ မနက်ဖြန်ကျရင်တော့ ကျောင်းကိုယူလာခဲ့နော်. . . သိလား”

“အေးပါ. . . ငါ့မိန်းမကို ရှာခိုင်းထားပါ့မယ်”

“အိုကေ. . . အိုကေ”

ထိုစဉ် တစ်ကျောင်းလုံးနီးပါး အတန်းဆင်းလာတာမို့ ကန်တင်းကြီးတစ်ခုလုံး စားပွဲနေရာလွတ်မကျန်တော့လောက်အောင် လူတွေစုပြုံ၍ ကျလာ၏။ ဆေးကျောင်းကန်တင်းတွေဆိုတာ ဒီလိုပဲ။ ကျောင်းသား ကိုးဆယ်ရာခိုင်နှုန်းသည် တော်ရုံတန်ရုံ ကိစ္စမျိုးနှင့် အထန်းဖျက်လေ့မရှိကြ၊ ကျောင်းစာထဲမှာပဲ စိတ်ရောကိုယ်ပါ နှစ်ထားကြသူတွေများသည်။

မင်းဝေတို့အုပ်စုလောက်သာ အတန်းလစ်ရဲသူတွေ ဖြစ်ကြပါ၏။ ကန်တင်းသည် လူတွေများလွန်းသဖြင့် တချို့က နေရာမရဘဲ မတ်တပ်ရပ်ကာ စားသောက်ဖွယ်ရာတွေကို ပါဆယ်မှာနေသည်။ အတန်းထဲမှာ သွားစားကြဖို့ဖြစ်လိမ့်မည်။

သူတို့အုပ်စုကတော့ နေရာရပြီးသားမို့ လူတွေ ဘယ်လောက်များများ သိပ်ပူစရာမလို၊ မင်းဝေက ဆေးလိပ်ကိုဖွာရင်း လက်ဖက်ရည်တစ်ငုံကို အရသာခံကာ သောက်လိုက်သည်။ ရုတ်တရက် သူ တွေ့လိုက်ရသည်မှာ သူတို့အတန်းထဲမှ ခင်မေအောင် ဆိုသော ကောင်မလေးနှင့် အပေါင်းအသင်း တစ်ယောက်သည် ထမင်းဘူးလေးတွေကိုင်လျက် ထိုင်စရာစားပွဲမရှာဘဲ ဟိုဟိုဒီဒီ လှမ်းကြည့်နေသောမြင်ကွင်းဖြစ်သည်။ ခင်မေအောင်၏ အကြည့်များက သူတို့စားပွဲဆီရောက်လာချိန်တွင် အားနာတတ်သော မင်းဝေက သူတို့စားပွဲမှာလာထိုင်ဖို့ ဖိတ်ခေါ်လိုက်မိ၏။

“လာ. . . ခင်မေအောင်. . . ဒီဝိုင်းမှာလာထိုင်”

www.burmeseclassic.com

www.burmeseclassic.com



ခင်မေအောင်က ပြုံးရွှင်စွာ မင်းဝေကို ကျေးဇူးစကားဆိုသည်။

"အတော်ပဲဟာ. . . ငါတို့မှာ ထမင်းစားစရာနေရာ ရှာမရဘူး ဖြစ်နေတာ. . . ကျေးဇူးပဲ"

ခင်မေအောင်နှင့်ပါလာသော ကောင်မလေးကို အားလုံးက ဝိုင်းအကဲခတ်နေကြ၏။ ကောင်မလေးက တော်တော်လှပါသည်။ အထူးသဖြင့် မျက်လုံးလေးတွေက လူတစ်ဖက်သားကို ချက်ချင်းညှို့ငင်ပစ်လိုက်နိုင်စွမ်းရှိသည်ဟု မင်းဝေထင်၏။ သူ့အထင်မှာ အလကားတော့မဟုတ်။ သူက ကိုယ်တွေ့ဖြစ်ပါသည်။ အခုဆို မင်းဝေသည် ထိုကောင်မလေး၏ မျက်လုံးဝိုင်းဝိုင်းလဲ့လဲ့လေးများမှာ ဘယ်လိုမှ ပြင်ဆင်ချိန်မရလိုက်ဘဲ ကျရှုံးသွားခဲ့လေပြီ။

ထို သူမသည် ABCD စာတန်းများပါသော တီရှပ်လေးကို ဝတ်ဆင်ထား၏။ ကောင်မလေးက ခပ်တည်တည်နှင့် ကြေရွှစွာ သူမ ထမင်းဘူးကို ဖွင့်နေပါသည်။ ခင်မေအောင်က သူတို့နှင့် ထိုကောင်မလေးအား မိတ်ဆက်ပေးလိုက်သည်။

"ဟဲ့. . . ဒါက တာရာတဲ့။ ဒီနေ့မှ ငါတို့အတန်းထဲကို မန္တလေးကပြောင်းလာတာ၊ ကျောင်းသူအသစ်ပေ့"

"ဩော်. . . "

"တာရာ. . . ဒါကတော့ ငါတို့ခေါ်တာ လူပြက်တဲ့၊ ဟိုဘက်က ပြည့်စုံ၊ သူက မြင့်နိုင်ဦး၊ ဟောဒီတစ်ယောက်ကတော့ စည်သူတဲ့၊ မှတ်ထားနော်. . . အားလုံး ငါတို့အတန်းထဲကချည်းပဲ"

တာရာ ဆိုသော ကောင်မလေးက သူတို့ကို သွားတက်ကလေးတွေပေါ်အောင် ချိုစဖွယ်ရယ်ပြပါသည်။ ပြီးတော့ သူမက မေးခွန်းတစ်ခုကိုမေး၏။

"သူတို့က တာရာတို့နဲ့ တစ်တန်းထဲဆိုပြီးတော့ ဘာဖြစ်လို့



တန်းမတက်ကြတာလဲဟင်"

တာရာမေးခွန်းကြောင့် အားလုံးက ပြုံးမိသွားကြသည်။ ဒီအုပ်စုကြောင်း ဘာမှမသိရှာသေးပါလား ဆိုသော အဓိပ္ပာယ်ကို ထိုအပြုံးက ကိုယ်စားပြုမှန်း ခင်မေအောင်က ရိပ်မိပါ၏။ ဒါကြောင့် ခင်မောင်က တာရာမေးခွန်းအား ဝင်ဖြေပေးလိုက်သည်။

"သူတို့တွေက ဆရာကြီးတွေမို့လို့ အတန်းလစ်တာ တာရာရဲ့. . ာား"

သူမ၏ မျက်ခုံးလေးများ မြင့်တက်၍သွားပါသည်။

"ဆရာကြီးတွေ ဟုတ်လား၊ ဘာဆရာကြီးတွေလဲ၊ မူကြိုဆရာကြီးလား"

တာရာက ထိုသို့ ခပ်လောင်လောင်စကားကို ဆိုလိုက်၏။ မင်းဝေည် သူထုံးစံအတိုင်း တာရာ့ကို ချက်ချင်း ရယ်စရာပြော၍ တုံ့ပြန်လိုက်သည်။

"ငါက မူကြိုဆရာကြီးတော့မဟုတ်ဘူး၊ ဒါပေမဲ့ နီးစပ်ပါတယ်"

"ဘယ်လိုနီးစပ်တာလဲ"

သူက သူမ၏ တီရှပ်ပေါ်မှ ABCD စာတန်းများကို ရည်ရွယ်၍ ဖြေပါ၏။

"ငါက မူကြိုထက်မြင့်တဲ့ သူငယ်တန်းဆရာကြီးကွ၊ ABCD တွေ တွေလည်းတတ်တယ်. . . ဟဲ ဟဲ ဟဲ"

အားလုံးက တာရာ့တီရှပ်ကို သဘောပေါက်စွာရယ်ပြီး ဝိုင်းကြည့်သည်။ သူမက သူ့ကို ပြုံးရွှင်စွာပြောလိုက်၏။

"သူငယ်တန်းဆရာကြီးဆိုတော့ တော်တော်အဆင့်မြင့်တာပဲ၊ ပိုင်အရည်အချင်းလေးတစ်ခုလောက်ဖြစ်ဖြစ် ပြောပြစမ်းပါဦး"

"သူငယ်တန်းကို ပထမအစမ်းတုန်းက သုံးဘာသာကျထားတယ်

www.burmeseclassic.com



ဆေး. . . မသိဘူးလား"

မင်းဝေ၏ ရုတ်တရက်အဖြေကြောင့် သူတို့အားလုံး ဝါးခနဲ ရယ် မောမိကြသည်။ တာရာသည် သွားတက်လှလှလေးပေါ်အောင် အား ပါးရ ရယ်နေ၏။ သူမက ရယ်နေရင်းက မင်းဝေကို ပြောလိုက်ပါသည်။

"လူပြက်ဆိုတဲ့ နာမည်နဲ့ လိုက်တယ်နော်"

သူမပြောမှ မင်းဝေက ပါးစပ်ကို ရွဲ့၍ မျက်လုံးထဲက မျက်ဆံ လေးတွေကိုလှည့်ကာ ကစားပြသည်။ ထိုအခါ တာရာသာမကဘဲ ခင် အောင်ပါ မထိန်းနိုင်၊ မသိမ်းနိုင် ရယ်လေတော့၏။ နောက်. . . ခင် အောင်က တာရာ့ကို ရှင်းပြ၏။

"သူနဲ့ ပေါင်းလို့ကတော့ ဒါမျိုး အမြဲရယ်ရမယ်၊ ဒါကြောင့်လည်း သူ့နာမည်ကို အားလုံးက လူပြက်လို့ခေါ်ကြတာ. . . တာရာရဲ့၊ သူ့ တစ်ဖွဲ့လုံး ပြောင်တွေချည်းပဲ"

"ဟာ. . . တာရာက အဲဒါမျိုးမှကြိုက်တာ၊ အဲဒီလို သူငယ်ချ မျိုး ရချင်နေတာ၊ အတော်ပဲ"

"ဒါဆိုရင် အခုချိန်ကစပြီး ငါတို့ သူငယ်ချင်းတွေဖြစ်သွားကြ နော်"

တာရာ့ကို စမြင်ကတည်းက သူငယ်ချင်းဖြစ်ချင်နေသော ပြည့် က အဲဒီလိုပြောလိုက်တော့ သူမက ချက်ချင်းပဲ အားရဝမ်းသာ ခေါင်းညိတ် ပြပါသည်။ ပြီးတော့ သူမက မင်းဝေကို ဦးတည်ကာပြော၏။

"ဟုတ်တယ်၊ တကယ်ပြောတာ. . . တာရာက သူငယ်ချင်းဆို ဘာဟန်ဆောင်မှုမှမရှိဘဲ ပွင့်ပွင့်လင်းလင်းနဲ့ ပျော်စရာကောင်းမှ. . . အိုက်တင်ကြီးတွေနဲ့ ပဲများနေတဲ့လူတွေဆို တအားမုန်းပဲ"

မင်းဝေက. . .

"ဒါကိုတော့ စိတ်ချ၊ တို့မပွင့်လင်းမှာ လုံးဝမပူနဲ့၊ အင်း. . . ဟု



ပြီ အခုလောလောဆယ် ကြုံတုန်း တစ်ခုပွင့်လင်းလိုက်ဦးမယ်"

"ပြောလေ"

"တာရာ့ကို စခင်ခင်ချင်း ပြောရတာလည်း အားနာပါတယ်၊ ဒါပေမဲ့ တာရာက ပွင့်လင်းဆိုလို့ပါ၊ ဟိုလေ. . . ဟို. . .၊ ငါတို့ အခု ဆိုင်းမှာ စားသောက်ထားသမျှ အားလုံးပေါင်းရင် နှစ်ထောင်ဝန်းကျင် သောက်ကျလိမ့်မယ်ဟ. . .၊ အဲဒါလေ. . . ငါတို့မှာ ပိုက်ဆံမလောက်လို့ တာရာကပဲ သူငယ်ချင်းတွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ရှင်းလိုက်ပါလား"

"ဟောတော့. . ."

မိန်းကလေးနှစ်ယောက်ဆီမှ အာမေဋိတ်သံတစ်ခုကို ပြိုင်တူ ကြားလိုက်ရပါသည်။ သူမတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်နေရာက သူတို့တွေကို မယုံနိုင်စွာ လှမ်းကြည့်လိုက်ကြ၏။ သူတို့လေးယောက်စလုံးမှာ တိုင်ပင်ထားသကဲ့သို့ မျက်နှာငယ်လေးတွေနဲ့ နေပြီး ပိုက်ဆံရှင်းပေးရန် အကူအညီတောင်းခံနေဟန်ဖြစ်သည်။ တာရာကလည်း ရုတ်တရက်မို့ ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်နေဆဲ။ ခင်မေအောင်က တာရာ့ကို အားနာကာ သူတို့ကိုဝင်ဟန့်၏။

"တာရာ နင် မရှင်းနဲ့နော်. . . ဟဲ့. . . နင်တို့ကလည်း၊ အခုမှ ခင်တဲ့ဟာကို. . . အားနာစရာကြီး၊ ငါတော့ မိတ်ဆက်ပေးမိတာ မှားပြီ ထင်တယ်"

"မဟုတ်ပါဘူးဟ. . . သူက ပွင့်လင်းရမယ်ဆိုလို့ပါ၊ ဟဲ ဟဲ. . ."

ဒီတော့မှ တာရာက သတိဝင်လာပြီး. . .

"ရပါတယ် ခင်ရဲ့. . . တာရာ ရှင်းပါ့မယ်၊ သူငယ်ချင်းတွေဖြစ် သွားကြပြီပဲဥစ္စာ၊ ဒါပေမဲ့ နောက်အချိန်တော့ အားလုံး အတန်းတက် ကြမယ်နော်"

ထိုအခါတွင်တော့ သူတို့လေးယောက်စလုံး ပြိုင်တူခေါင်းညိတ်

www.burmeseclassic.com

www.burmeseclassic.com



ကြလိုက်ကြ၏။ မင်းဝေက စပ်ဖြဖြ ပြောင်ချော်ချော်နဲ့ ကျေးဇူးတင်စကား ဆိုပါသည်။

"ဟီးဟီး. . . သဘောကောင်းလိုက်တာ၊ ကျေးဇူးပဲ. . . စိတ် ဒီနေ့တစ်ညနေလုံး အတန်းတက်ပစ်လိုက်ဦးမှာ"

ခင်မေအောင်က မင်းဝေကို မကျေနပ်သ'' မျက်စောင်းလှမ်းထိုး ၏။ တာရာ့မျက်နှာမှာ အပျော်ကြောင့် ပြုံးချိုနေသည်။ သူမ၏ ဝက် ရုပ်ပုံနဲ့ ပိုက်ဆံအိတ်လေးထဲမှ ပိုက်ဆံအသစ်လေးများကို တာရာက ထုတ် လိုက်၏။

"ဒီဝိုင်းဘယ်လောက်ကျသလဲ"

"နှစ်ထောင့်နှစ်ရာပါ အစ်မ"

တာရာသည် ပိုက်ဆံ တစ်ထောင်တန်အသစ်သုံးရွက်ကို စား ထိုးလက်ထဲ ထည့်ပေးလိုက်ပြီး မျက်နှာကို စူပုပ်ထားတဲ့ ခင်မေအော အား ပြုံးပြုံးလေးနှင့်ခွင့်လွှတ်သလို ကြည့်ပါသည်။ ခင်မေအောင်က အ ဟန့်တားသည့်တိုင် မအောင်မြင်သောကြောင့် တာရာ့ကို စိတ်ကော နေ၏။ တာရာက စိတ်ကောက်နေတဲ့ တစ်ဦးတည်းသော မိန်းကလေး သူငယ်ချင်းအသစ်စက်စက်လေးကို ဘယ်လိုချော့ရပါ့မလဲဟု စဉ်းစား မိသည်။

စားပွဲထိုးလေးက ပိုသောပိုက်ဆံရှစ်ရာအား ပြန်အမ်းရန် သူ ဝိုင်းသို့အရောက် တာရာက ခင်မေအောင်၏ စူပုပ်ထားသောမျက် လေး ကြည့်နေသည်ဖြစ်ရာ စားပွဲထိုးလေးဆီမှ နှစ်ရာတန်လေးရွက် မင်းဝေက အမြန်ယူထားလိုက်၏။ ပြီးတော့ သူက တာရာ့ကို ပြန်အမ်း မည့်ပိုက်ဆံအား မေ့သွားစေရန် အတန်းထဲသွားဖို့ အတင်းတိုက်တွန်း သည်။

"ကဲ. . . ကဲ. . . လာကြ၊ ဒီမှာ အချိန်ကနီးနေပြီ၊ ခင်မေအော



နင်ကလည်း စိတ်ကောက်စရာရှိရင် အကြွေးမှတ်ထား၊ နောက်မှ စိတ် ကောက်. . . အခုတော့ အတန်းသွားတက်ကြမယ်"

မင်းဝေ၏ အကြံအစည်ကို သဘောပေါက်စွာ ကျန်သူငယ်ချင်း သုံးယောက်က ကျေနပ်နေကြ၏။ ထိုပိုက်ဆံရှစ်ရာမှာ နောက်တစ်နေ့ အတွက် သူတို့အဖွဲ့၏ လက်ဖက်ရည်ဖိုး (တစ်နည်းအားဖြင့်) ဘုံရန်ပုံငွေ ဆိုတာကို အားလုံး နားလည်ထားပြီးသားဖြစ်ပါသည်။ တာရာကလည်း ခင်မေအောင်ဆီ အာရုံရောက်နေတာမို့ သူမ ပိုက်ဆံ ပြန်အမ်းငွေမရသေး သည့်အဖြစ်အား မေ့လျော့သွားကာ ကန်တင်းမှ ဦးဆောင်၍ ထွက်သွား သော မင်းဝေတို့နောက်ကို အမြန်ထလိုက်သွားရ၏။

ခင်မေအောင်က ကန်တင်းမှ အတန်းထဲရောက်တဲ့အထိ တာရာ့ ကို စိတ်ကောက်နေဆဲ။ ဒါက ခင်မေအောင်၏အကျင့်တစ်ခု။ သူမသည် ဘာမှမဟုတ်လောက်တဲ့ကိစ္စလေးကိုပင် ဖွဲကြီးစွာ အညိုးထားတတ်၏။ အတန်းထဲမှာဆိုလည်း သူမနှင့်တည့်သူက ခပ်ရှားရှား။ များသောအားဖြင့် ခင်မေအောင်ဆီမှာ မင်းဝေတို့လို ယောကျ်ားလေးသူငယ်ချင်းတွေသာ ရှိပါသည်။ သို့သော် သူမသည် စိတ်ထားကောင်းသော ကောင်မလေးတစ် ယောက်ဖြစ်၏။ သူမ၏ စိတ်အခြေခံနှင့် ဟန်မဆောင်တတ်ခြင်းသည် အတန်းထဲရှိ အခြားသောအတန်းဖော်မိန်းကလေးတွေနဲ့ မိတ်ဆွေသူငယ် ချင်းဖြစ်ရန် အကြောင်းမရှိချေ။

ဒါပေမဲ့ အခုတော့ ခင်မေအောင့်ဆီတွင် ရှားရှားပါးပါး တာရာ ဆိုသည့် မိန်းကလေးသူငယ်ချင်းတစ်ယောက်ကို ရထားပြီးပြီ။ တာရာ သည် ခင်မေအောင့် သူငယ်ချင်းဖြစ်ခွင့်ရသည့် ပထမဆုံးနေ့မှာပင် သူမ ကို လိုက်ချော့နေရရှာသည်။

"ခင်ရယ်. . . သူတို့မှာ ပိုက်ဆံမရှိလို့ တာရာက ရှင်းပေးတာပါ၊ ဘာပဲဖြစ်ဖြစ် ကုသိုလ်ရပါတယ်ကွာ. . . ခင့်စကားကို နားမထောင်ချင်

www.burmeseclassic.com

www.burmeseclassic.com



လို့ မဘာတ်ပါဘူး၊ တာရာ့ကို စိတ်မဆိုးပါနဲ့တော့နော် ခင်"

ဒီတော့မှ ခင်မေအောင်၏ စူပုပ်နေသောမျက်နှာကြီးက ပြန်လည်ပြေလျော့စပြုလာသည်။ အတန်းထဲမှာ သူတို့အုပ်စု အတန်းတက်ရန် ရောက်နေချိန်မှ ဆရာက နေမကောင်းဖြစ်ကာ အတန်းမဝင်နိုင်ပေ။ ခင်မေအောင်က တာရာ့ကို စိတ်ဆိုးပြေသွားပြီး အကျိုးအကြောင်း ရှင်းပြပါ၏။

"အဲဒီလူပြက်ဆိုတဲ့ကောင်က ဘယ်တော့မှ အပိုးမကျိုးဘူး။ ငါ့ကိုဆိုလည်း အမြဲချောက်ချနေတဲ့ကောင်၊ ပိုက်ဆံကလည်း အမြဲဘိုင်ကျနေတာ. . . ငါ့ဆီက ချေးထားတဲ့ပိုက်ဆံ သုံးထောင့်ငါးရာလည်း အခုထိ ပြန်မရသေးဘူး. . . နင် အဲဒီလို သဘောကောင်းပုံမျိုးနဲ့ဆို သူတို့အဖွဲ့ကို ခဏခဏ ကျွေးနေရလိမ့်မယ်. . . သိလား"

တာရာက ခင်မေအောင့်စကားကြောင့် သူမတို့နှင့် မျက်စောင်းထိုးအနေအထားတွင် ထိုင်နေသော မင်းဝေကို လှမ်းကြည့်လိုက်ကာ ရယ်၏။ ပြီးတော့ သူမတို့ နှစ်ယောက်သား တိုးတိုး တိုးတိုးနဲ့ သဘောတွေကျနေပြန်သည်။

အကြည့်ချင်းဆုံတော့ မင်းဝေက ခုနကထက် ပိုရယ်စရာကောင်းအောင် သူ့မျက်ဆန်တွေကို စကောဝိုင်းပြု၍ မျက်ခုံးတွေကိုလည်း နိမ့်လိုက်မြင့်လိုက်နဲ့ ကစားပြပါသည်။ တာရာသည် သူမ၏ ချစ်စရာ သွားတက်ကလေးများကို လက်ဖဝါးဖြင့်အုပ်ကာ တခစ်ခစ်နဲ့ ရယ်မဆုံးနိုင်တော့။ ခင်မေအောင်မှာ စောစောတုန်းက စိတ်ကောက်ပြီး စူပုပ်နေတာသူ မဟုတ်ခဲ့သလိုပင် အခုတော့ တဝါးဝါးနှင့် ဗိုက်နှိပ်ရယ်မောနေလေသည်။ မင်းဝေ၏ လူပြက်အိုက်တင်များသည် သူမတို့နှစ်ယောက်တည်းကိုသာမကဘဲ ကျန်အတန်းသားတွေကိုပါ ဆွဲဆောင်သွားနိုင်ခဲ့၏။ တစ်တန်းလုံးမှာလည်း ရယ်သံတွေ လွှမ်းမိုးထား၏။



ဆရာ စာလာမသင်ဖြစ်သည့် စာသင်ခန်းများ၏ ထုံးစံအတိုင်း ကျောင်းသူတွေက နေကြာစေ့နှင့် အချဉ်ထုပ်များကို တွတ်ထိုးရင်း စားသုံးနေကြသည်။ ကျောင်းသားများက မင်းဝေ၏ အမူအရာတွေကို ဝိုင်းပြီး ဩဘာပေးနေကြ၏။ တစ်တန်းလုံးရှိ လူတွေအားလုံးရဲ့အကြည့်များမှာ မင်းဝေတို့လေးယောက်ထံ စုပြုံကျရောက်နေတော့သည်။ သူတို့ကို အားပေးသံတွေကလည်း ပို၍ ကျယ်လောင်လာ၏။ အတန်းသားတချို့က သူ့ကို အတန်းရှေ့မှာထွက်ပြီး လူပြက်လုပ်ဖို့ တောင်းဆိုနေကြသည်။ ညည့်စုံက မင်းဝေကို ဆရာစာသင်သည့်စတိတ်စင်ပေါ် သွားရန် ပြောသည်။ မင်းဝေက စတိတ်စင်ပေါ် သွားရောက်၍ အတန်းသားတွေကို ဖျော်ဖြေတင်ဆက်ချင်သော်လည်း ဆရာရောက်လာမှာကိုတော့ စိုးရိမ်မိသည်။

ထိုအချိန်တွင် မင်းဝေနှင့်တာရာတို့သည် မျက်လုံးချင်းအချိတ်အဆက်မိလျက် ရှိနေကြ၏။ မင်းဝေက သူမရဲ့အကြည့်တွေကို ဘာသာပြန်လိုက်သောအခါ တာရာက သူ့ကို အတန်းရှေ့မှာထွက်၍ ဖျော်တော်ဆက်စေချင်နေသည်ဟု အဓိပ္ပါယ်ထွက်ပါသည်။ တာရာ့ဆီမှာသာ ထိုဆန္ဒမျိုး အမှန်တကယ်ရှိနေပါက သူ့အနေနဲ့ သူမဆန္ဒအား ဘာကြောင့် မဖြည့်ဆည်းပေးနိုင်ရမည်နည်း။

သူ့ကို အတန်းရှေ့ထွက်ရန် အော်ဟစ်ပွဲတောင်းနေကြသော အတန်းသားများကို မင်းဝေက အတန်းဖော်သူငယ်ချင်းတွေလို့ မမြင်တော့ဘဲ သူ့ပရိသတ်တွေလို့ ထင်မြင်လာတော့၏။ ထိုခဏ၌ သူ့ဗီဇသွေးထဲရှိ အနုပညာပိုးများမှာ ရှိန်းခနဲနိုးကြွလာခဲ့သည်။

ဒါဟာ ဖေဖေ့သွေးမှ ဖေဖေ့သွေးအစစ်။ ငါက ဖေဖေ့သား။ ငါ့ဖေဖေဆိုတာ တစ်ချိန်တုန်းက ပြည်သူ့အချစ်တော် နိုင်ငံကျော် လူရွှင်တော်ကြီး ဦးကြာရိုး. . .။

ထိုနေရာမှ မင်းဝေ ဝုန်းခနဲထရပ်လိုက်၏။ နောက်. . .သူက

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေရည်ရွယ်ပြီး စကားတစ်ခွန်း ပြောလိုက်ပါသည်။

"ဟောကောင်တွေ. . . မင်းတို့ ငါနဲ့အတူတူ အတန်းရှေ့ကိုလိုက်ခဲ့ကြ. . ."

ပြောပြီးပြီးချင်းပဲ မင်းဝေက အတန်းရှေ့ကိုဦးဆောင်၍ ထွက်သွားပါ၏။ ဒီလိုကိစ္စမျိုးဆို နှစ်ခွန်းပြောစရာမလိုသော သူငယ်ချင်းတွေက သူ့နောက်က ချက်ချင်းထလိုက်လာကြသည်။

"ဟေး. . . ဖြောင်းဖြောင်း. . . ဖြောင်းဖြောင်း. . ."

အတန်းထဲမှာ လက်ခေါက်မှုတ်သံတွေ ဆူညံသွား၏။ ခဏကြာတော့ အတန်းရှေ့ကစင်မြင့်ထက်တွင် သူတို့လေးယောက်သည် တကယ့်လူပြက်ကြီးများပမာ ပရိသတ်တွေရဲ့လက်ခုပ်သံတွေကို ခြွေယူသွားနိုင်ခဲ့သည်။ သူတို့လေးယောက်တွင် မင်းဝေကခေါင်းဆောင်၍ ပြက်လုံးများကို အတိုင်အဖောက်ညီစွာ ပြက်နေ၏။ လူတွေက တဝါးဝါးတဟားဟားနှင့် ပွဲကျနေလေသည်။ ဒါမျိုး တစ်ခါမှမမြင်ဖူးသော တာရာက သူတို့ကို အံ့သြတကြီးငေးကြည့်နေရာမှ သတိဝင်လာကာ သူမကိုယ်တိုင် တခြားသူများကဲ့သို့ အားရပါးရလက်ခုပ်တီးပြီး အားပေးလိုက်မိတော့၏။

ဘာမှမဆိုင်ဘူးဟု ဆိုနိုင်သော်လည်း ဒီနေ့မှစသိသော သူငယ်ချင်း ကိုလူပြက်အတွက် သူမ ဂုဏ်ယူမိသွားပါသည်။ လူတွေရဲ့အော်ဟစ်သံများကြောင့် တာရာ့တစ်ကိုယ်လုံးမှာ ကြက်သီးများထလာကာ ရင်ထဲမှာလည်း အမျိုးအမည်မဖော်ပြတတ်သော ခံစားမှုနှင့် နင့်သည်းသည်းကြီး စိုးမိုးနေ၏။ သူတို့သည် တကယ့်အငြိမ့်အဖွဲ့ကြီးများက ဝါရင့်လူပြက်များအလား ပရိသတ်ရှေ့တွင် ခွန်းထောက်တွေ၊ ပရိခံတွေကို ပြောနေကြသေးသည်။

ဆေးတက္ကသိုလ်၏ စာသင်ခန်းတစ်ခုတွင် လူပြက်လေးယောက်က အတန်းဖော်သူငယ်ချင်းများရှေ့တွင် စိတ်ကူးထဲပေါ်လာသမျှ ဟာသ



တွေကို အတိုင်အဖောက်ညီစွာ အသုံးတော်ခံလျက် ရှိကြပါသည်။ တာရာသည် ဒီလို ရန်ကုန်ဆေးတက္ကသိုလ်မျိုး၌ အငြိမ့်အဖွဲ့မှလူရွှင်တော်တွေလို ပြက်လုံးထုတ်နေသည့် ဆရာဝန်လောင်းများကို တကယ်ပဲ အံ့သြနေမိ၏။ ဆေးကျောင်းသားနှင့်လူရွှင်တော်ဆိုတာ သူမစိတ်ကူးထဲမှာ ယောင်လို့တောင် မဆက်စပ်ဖူးခဲ့ပေ။ တာရာက အတန်းရှေ့၌လူပြက်လုပ်နေသော မင်းဝေတို့တွေဆီ တစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုအခိုက်အတန့်လေးတွင် သူမနှင့်မင်းဝေတို့ အကြည့်ချင်းဝင်ဘိုက်ပစ်ခဲ့ကြ၏။ ရုတ်တရက်အရှက်ကြောင့် သူမ၏ဘယ်ဘက်အောက်မျက်ခမ်းလေးက တွန့်ကွေးသွားသည်။ စင်ပေါ်တွင် စည်သူအောင်က မာဖလာပတ်ကာ ကျန်လူတွေရဲ့အထက်လူကြီးအဖြစ် သရုပ်ဆောင်နေ၏။ သူတို့အုပ်စုသည် အထက်ကိုဖားပြီးအောက်ကိုဖိသော စနစ်အားသရော်နေကြရာ လူတွေက အထူးသဘောကျလျက်ရှိသည်။ ဇာတ်အရ စည်သူအောင်သည် ကုလားထိုင်ပေါ်မှာထိုင်ရင်း ချောင်းတဟွတ်ဟွတ်ဆိုးနေကာ ကျန်းမာရေးမကောင်းသော လူကြီးတစ်ဦးဖြစ်သည်။ ကျန်သူငယ်ချင်းသုံးယောက်က သူ့လက်အောက်ငယ်သားများမို့ အောက်မှာထိုင်ကြရ၏။ မင်းဝေနှင့်ပြည့်စုံတို့က ပျော်မြူးစွာ စည်သူအောင်အကြောင်းအတင်းပြောဟန်ပြုသည်။ စည်သူအောင်က မင်းဝေကိုလက်ညှိုးထိုး၍. . .

"ဟေ့ကောင် မင်းက ငါနေမကောင်းဖြစ်နေတာကို တော်တော်ပျော်နေတယ်ပေါ့၊ ဟုတ်လား. . ."

"မဟုတ်ပါဘူးဆရာရယ်၊ မဟုတ်ရပါဘူး"

မြင့်နိုင်ဦးကလည်း ဝင်ဖြေရှင်းပြန်၏။

"ဆရာ့အပေါ် ကျွန်တော်တို့တပည့်တွေက အဲဒီလိုစိတ်ထားမျိုး မရှိပါဘူး၊ ဟဲဟဲ. . . ဟဲဟဲ. . ."

ပြောပြီး စပ်ဖြဲဖြဲနှင့်ရယ်နေတဲ့ မြင့်နိုင်ဦးကြောင့် ဆရာလုပ်သော

www.burmeseclassic.com

www.burmeseclassic.com



စည်သူအောင်သည် ရင်ဘတ်ကိုဖိထားရင်းမှ ကခုန်ပျော်ရွှင်နေသည့် မင်းဝေအား ဒေါသကြီးစွာ လက်ညှိုးထိုး၍ ငေါက်ငမ်းလိုက်ပါသည်။

"ဟိုကောင်. . . မင်းက ငါ့ကို အဖိုးကြီးဆိုပြီး လှောင်ပြောင်တယ်၊ လုံးဝ မလေးစားတော့ဘူး၊ အဲဒါ ဘာသဘောလဲ၊ မင်းဟာ ငါသေရင်တောင် ငါ့အုတ်ဂူကို တံတွေးနဲ့လာထွေးဦးမယ့်ကောင်မျိုးပဲ"

ဒေါသကြောင့်မောသွားဟန်ဖြင့် စည်သူအောင်က လျှောကျသွားသော မာဖလာကို ပခုံးပေါ်ပြန်တင်လိုက်ကာ အမောဖြေသည်။ မင်းဝေသည် ဆရာသမား၏စွပ်စွဲလိုက်မှုကြောင့် မျက်နှာငယ်လေးနှင့် ဝမ်းနည်းသွား၏။ ပြီးမှ သူက စည်သူအောင်ကို ရိုကျိုးစွာ ခပ်အေးအေး ပြန်ပြောလိုက်ပါသည်။

"မဟုတ်တာဗျာ၊ ဆရာပြောသလိုမျိုး ကျွန်တော် လုံးဝမလုပ်ပါဘူး၊ အဲဒါကိုတော့ စိတ်ချပါဆရာ"

"ပြောလို့ရမလား၊ မင်းက ယုံရတာမဟုတ်ဘူး"

"ယုံပါဆရာရယ်၊ ကျွန်တော် ဆရာ့အုတ်ဂူကို လုံးဝ တံတွေးလာမထွေးပါဘူး၊ ကျွန်တော်က တန်းစီရတာတို့၊ လူတိုးရတာတို့ကို အရမ်းမုန်းတာ ဆရာအသိဆုံးပါ"

"ဟေ. . ."

အတန်းထဲရှိလူတွေသည် မင်းဝေပြောလိုက်သော စကားကြောင့် ခဏလေးတော့ကြောင်သွား၏။ နောက်မှ တစိမ့်စိမ့်တွေးကာ ရယ်သံတွေက ဝေါခနဲ ဝေါခနဲနေအောင် ဆူညံသွားတော့သည်။ စာသင်ခန်း၏ အပြင်အထိ လျှံကျလာသောရယ်သံတွေကြောင့် တခြားအခန်းမှလူတွေက သူတို့အခန်းကို လာကြည့်ကုန်ကြ၏။ လက်ခုပ်သံများမှာလည်း သောသောညံနေလေသည်။

မင်းဝေသည် စင်ပေါ်တွင် မျက်နှာသေလေးနှင့် ဘာကိုမှနား



မလည်သူတစ်ဦးကဲ့သို့ ဟိုဟိုသည်သည် လျှောက်ကြည့်နေပါသည်။ တာရာနှင့်ခင်မေအောင်တို့မှာ တစ်ယောက်ကိုတစ်ယောက် တွန်းထိုးလှုပ်ရမ်းကာ အူလှိုက်သည်းလှိုက် ရယ်မောနေမိ၏။ တာရာက မင်းဝေကို အထူးအဆန်းတစ်ယောက်လို ကြည့်နေကာ သူမရင်ခွင်တစ်ခုလုံးလည်း အပျော်များလျှံကျလျက်ရှိသည်။

သူတို့အုပ်စုမှာ ပရိသတ်ကိုလက်အုပ်ချီကာ ကန်တော့၏။ သူတို့လေးယောက်စလုံး စင်ပေါ်မှဆင်းလာသည့်တိုင်အောင် အသံတွေက ငြိမ်မသွားသေးဘဲ စာသင်ခန်းနှင့်အနီးတစ်ဝိုက်တွင် ဆက်လက်ဖြစ်ပွားနေတော့သည်။ တချို့က ခီးမွမ်းသံများ၊ တချို့က ကဲ့ရဲ့သံများ၊ တချို့က ငြင်းခုန်သံများ၊ တချို့က ဝေဖန်သံများသို့ ပျံ့နှံ့သွား၏။ မင်းဝေသည်လည်း ထိုနေ့မှစ၍ လူပြက်ဆိုသည့်နာမည်ကို အပြီးအပိုင် ရရှိသွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မိုးဥတု၏ ပျင်းရိဖွယ်နေ့ခင်းတစ်ခုတွင် သူတို့အဖွဲ့က ထုံးစံအတိုင်း ကန့်လန့်ထိုင်ရင်း စကားတွေဖောင်ဖွဲ့နေကြသည်။ တာရာသည် မင်းဝေတို့အုပ်စု မဟုတ်ကဟုတ်က လျှောက်ပြောသမျှကို နားထောင်ကာ သဘောတွေကျနေ၏။ ခင်မေအောင်က ဒီနေ့ကျောင်းမတက်သောကြောင့် ယောကျ်ားလေးတွေကြားမှာ သူမတစ်ယောက်ထဲ ဖြစ်နေပါသည်။ အထူးသဖြင့် မင်းဝေတို့လေးယောက်အုပ်စုထဲ၌ တာရာရောက်နေခြင်းသည် အနည်းဆုံးတော့ အတင်းပြောခံရလိမ့်မည်ဆိုတာ သူမ နားလည်ထားပြီးသား ဖြစ်၏။

တာရာသည် ကျောင်းသို့ရောက်လာပြီး တစ်ပတ်အတွင်း သူမ၏ ဖော်လက်ချက်ချာသော အပြုအမူများနှင့် သွားတက်လှလှလေးများကြောင့် တီဗွီမှာ ကြော်ငြာစရာ လိုဘဲ အလွန်လူကြိုက်များသွားခဲ့သည်။ ကျောင်းကို တာရာရောက်လာသဖြင့် ယခင်ရှိနှင့်သော အလှဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း'ပင် နည်းနည်းမှိန်သွားသလိုရှိ၏။ တာရာ့ကိုစိတ်ဝင်စားကာ ချဉ်းကပ်လာသည့်ကောင်တွေက မနည်းလှ။ ဒါပေမဲ့ သူမက မင်းဝေတို့အုပ်စုနှင့် ပေါင်းသင်းနေသဖြင့် တော်ရုံတန်ရုံသတ္တိမျိုးနဲ့ တာရာ့ကို မလိုက်ဝံ့ကြချေ။ တာရာ့ကိုလိုက်ကြသူများစာရင်းတွင် သူတို့အုပ်စုနှင့် ရင်းနှီးသော တင်မောင်ထွေးပါ ပါဝင်နေတာကြောင့် မင်းဝေက ပြုံးမိသေး၏။

အတန်းမမှန်သော သူတို့အုပ်စုကို တာရာက နားမလည်တဲ့စာတွေကို ရှင်းပြသည်။ သူတို့အတွက် စာရွက်စာတမ်းများကို သူမက ပိုက်ဆံအိတ်စိုက်ပြီး မိတ္တူလေးစုံ ကူးပေးလေ့ရှိ၏။ နောက်ပြီး အခါအားလျော်စွာ သူတို့စားသောက်ထားသမျှတွေကိုလည်း တာရာက ရှင်းပေးတတ်သေးသည်၊ ခင်မေအောင်သည် ပထမတော့ တာရာ့ကို တားမြစ်ကြည့်၏၊ မအောင်မြင်သောအခါ နောက်ပိုင်း၌ ဘာမှထပ်မပြောတော့. . .။ တစ်ခါတရံ ခင်မေအောင်ကိုယ်တိုင် ပိုက်ဆံထုတ်ရှင်းသည့်နေ့တွေပင် ရှိလာခဲ့သည်။

ဒီလိုနှင့် မိုးစက်မိုးပေါက်များကြား၌ သူတို့က သံယောဇဉ်တွေကို ခိုင်မာစွာ တည်ဆောက်မိကြ၏။ အတန်းအားချိန်များတွင် တာရာ့ကို အမြဲလိုလို သူတို့လေးယောက်နှင့်အတူ ကန်တင်းထိုင်နေတာ တွေ့ရနိုင်ပါသည်။

"တာရာ. . . နင်က ငါတို့အုပ်စုနဲ့ ကန်တင်းလာထိုင်တော့ နင့်ကို သူများတွေက ဝိုင်းအတင်းပြောကြမှာ မကြောက်ဘူးလား"

သူမက ပခုံးကို တစ်ချက်တွန့်လိုက်ရင်း ပြော၏။

"Without ဂရု in the ပတ်ဝန်းကျင်"

တာရာ့၏ ထိုအမူအရာနှင့် စကားလုံးအဆန်းအပြားတွေကြောင့် လူရွှင်တော်လေးယောက်မှာ ပရိသတ်ဖြစ်ကာ ပြန်၍ ရယ်နေကြရသည်။



မြင့်နိုင်ဦးက လက်ဖက်ရည်သောက်ရင်း မဝသဖြင့် နောက်တစ်ခွက် ထပ်မှာသောက်နေ၏။ ပြီးတော့ သူက လွယ်အိတ်ထဲမှ ဖတ်လက်စ ဘာရာမင်းဝေ၏ 'ပြိုင်မြင်းတို့ရဲ့ခွာသံ' ဆိုသောစာအုပ်ကို ထုတ်ဖတ်ပြန်သည်။ မျက်မှန်အထူကြီးနှင့် မြင့်နိုင်ဦး၏စာအုပ်ဖတ်နေပုံမှာ တကယ့်စာပေသမားတစ်ယောက်ရဲ့ ဟိတ်ဟန်အပြည့်ဖြစ်သည်။ သူက စာဖတ်နေရင်းမှ ဆေးပေါ့လိပ်ဖွာလိုက်၊ လက်ဖက်ရည်အရသာကို ဇိမ်ခံလိုက်. . . လုပ်နေသေး၏။

ထိုစဉ် မင်းပေက တစ်စုံတစ်ရာကို သတိရသွားပြီး မြင့်နိုင်ဦးအား ပြောလိုက်၏။

"မြင့်နိုင်ဦး. . . မင်း ငါ့ကို လိပ်စာကဒ်ပြဖို့ အကြွေးကျန်သေးတယ်နော်၊ ဟိုတစ်နေ့ကတည်းက မနက်ဖြန်ဆိုပြီး လေးရက်တောင်ရှိနေပြီ၊ ဘယ်လိုလဲ၊ အခုပါလာပြီလား"

"ဟာ. . . ဆောရီးကွာ၊ အဲဒီနေ့က အိမ်ပြန်ရောက်တော့ ငါ့မိန်းမကို ရှာခိုင်းဖို့မေ့နေတယ်၊ မနက်ဖြန်ကျရင် ပြမယ်နော်. . . လူပြက်. . . စိတ်ချ. . ."

မင်းဝေက မြင့်နိုင်ဦးစကားကို သဘောတူကြောင်း ခေါင်းညိတ်ပြပါသည်။ ပထမတော့ တာရာက မင်းဝေကို လိပ်စာကဒ်ပြခိုင်းသည့်ကိစ္စအား မေးမလို့စဉ်းစားထားပြီးမှ မြင့်နိုင်ဦး၏မိန်းမကိစ္စကို ပိုသိချင်သွားသဖြင့် သူမရဲ့မေးခွန်းလမ်းကြောင်းက ပြောင်းသွားခဲ့၏။

"ဟယ်. . . မြင့်နိုင်ဦးမှာ မိန်းမရှိတယ်၊ ဟုတ်လား. . ."

မြင့်နိုင်ဦးက

"ရှိတယ်လေ၊ ကလေးတစ်ယောက်တောင် ရောက်နေပြီ နင်က မသိဘူးလား"

"ဘယ်သူကပြောပြလို့ တာရာက သိရမှာလဲ၊ အကြားအမြင်ရနေ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မဟုတ်တာ"

ထိုအခါ မင်းဝေက မြင့်နိုင်ဦးဘက်မှဝင်၍ အတည်ပြုပေးသည်။

"ဟုတ်တယ် တာရာရဲ့၊ သူက ဆယ်တန်းထဲက မိန်းမရသွားတာ"

"ဟောတော့. . . ငယ်ငယ်ရွယ်ရွယ်နဲ့ ကိုယ့်ဒုက္ခကိုယ်ရှာထားတဲ့ လူပါလား၊ မြင့်နိုင်ဦးရဲ့သတ္တိကိုတော့ ကြိုက်သွားပြီ၊ ကဲ. . . ပြောပါဦး၊ ကလေးက ဘယ်အရွယ်ရှိနေပြီလဲ"

"လေးနှစ်. . ."

". . . လေးနှစ်ရှိပြီ၊ ဟုတ်လား. . ."

တာရာက မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အလန့်တကြား ထအော်သည်။ သူမ၏အမူအရာကြောင့် မြင့်နိုင်ဦးက အံ့သြစွာပြန်မေး၏။

"ဟုတ်တယ်၊ ကလေးက လေးနှစ်ရှိပြီ၊ ဘာဖြစ်လို့လဲ"

"ဟင်. . . စောစောကပြောတော့ ဆယ်တန်းနှစ်မှာ မိန်းမရတာဆို. . ."

အခုမှ မြင့်နိုင်ဦးက Second Year ဥစ္စာ၊ ကလေးအသက်က အလွန်ဆုံးရှိလှ (၂) နှစ်ပေါ့. . ."

ဒီတော့မှ တာရာဖြစ်နေတာကို အားလုံးက သဘောပေါက်စွာ ပြုံးမိကြ၏။ ကာယကံရှင်ဖြစ်သော မြင့်နိုင်ဦးက သူမအား ရှင်းပြရန် ရှက်နေသဖြင့် မင်းဝေက ဝင်ရှင်းပြရသည်။

"သူက ဆယ်တန်းကို ခြောက်နှစ်ဖြေပြီးမှ ဆေးကျောင်းကို ရောက်လာတာဟ၊ သူ မိန်းမရတာက ဆယ်တန်းပထမနှစ်ကတည်းက. . . သိပြီလား. . ."

"ဟယ်. . . ဒါဆို မြင့်နိုင်ဦးက ငါတို့ထက် အသက်အများကြီးကြီးတာပေါ့"

"ဒါပေါ့. . . သူက ငါတို့ထက် ငါးနှစ်လောက်ကြီးတယ်"



"ဒါနဲ့များဟယ်. . . နင်တို့က မင်းတွေငါတွေနဲ့ပြောနေတော့ ပါ လိုက်ပြောမိတာပေါ့။ ငါတော့ ငရဲကြီးပါပြီ"

"ဒါကတော့ဟာ သူငယ်ချင်းတွေဆိုတော့ အချင်းချင်း 'ကို'တပ် ခေါ်ရတာ ထောက်တာပေါ့၊ ပြီးတော့ ငါကလည်း အဲဒီလို 'ကို'တပ်ခေါ် ရတာ သိပ်မကြိုက်ဘူး၊ သူငယ်ချင်းတွေဆိုတော့ နောက်စရာရှိတာ နောက်မယ်၊ မှားတာရှိရင် အပြစ်ပြောချင်မယ်၊ ဒီတော့ သူငယ်ချင်းအချင်း ချင်း တန်းတူဖြစ်ဖို့ဆိုတာ အနေအထိုင်၊ အခေါ်အဝေါ်၊ အသိဉာဏ်အား လုံး တန်းတူဖြစ်ဖို့လိုတယ်၊ ငါကခွင့်ပြုတာပဲ၊ ငရဲမကြီးပါဘူးဟ. . ."

တာရာက ဒီတော့မှ ခေါင်းတဆတ်ဆတ်ညိတ်ရင်း သူတို့ကို ပြော၏၊

"မြင့်နိုင်ဦးပြောတာ ဟုတ်တော့လည်းဟုတ်ပါတယ်၊ တကယ် တော့ တစ်ယောက်ကိုတစ်ယောက် လေးစားတယ်ဆိုတာ 'ကို' တပ်ခေါ်မှ ဟုတ်ပါဘူး၊ လူတစ်ယောက်ရဲ့တန်ဖိုးကို သိပြီး အဲဒီတန်ဖိုးအပေါ် မစော် ကားမိဖို့က အဓိကပဲ၊ ဟုတ်တယ်မှတ်လား. . ."

အဖွဲ့ဝင်အားလုံးသည် တာရာ၏လင်းပွင့်နေသော စိတ်ပြတင်း ပေါက်မှ ဉာဏ်ပညာအရောင်ကို မြင်လိုက်ရသဖြင့် ကျေနပ်သွားကြ၏။ သူတို့အုပ်စုအတွင်း တစ်ယောက်နဲ့တစ်ယောက်ကြားရှိ လေးနက်သော ဆက်ဆံရေးအား အလွယ်တကူသိမြင်နိုင်သည်။ တာရာ့အား သူတို့ အံ့သြ နေကြလေသည်။ အထူးသဖြင့် သူတို့လိုလူတွေကို မိန်းကလေးတစ်ဦး အနေနဲ့ စိတ်ရောကိုယ်ပါ ရင်းနှီးကျွမ်းဝင်စွာ ခင်မင်ဖို့ဆိုတာ အလွန် ခဲယဉ်းလှသည် မဟုတ်ပါလား။ မင်းဝေက တာရာ့ကိုဦးတည်ကာ ပြော လိုက်မိ၏။

"ဟုတ်တယ် တာရာ၊ တကယ်ဆို အသက်ကိစ္စက ဒီလောက် အရေးကြီးလှတာမဟုတ်ဘူး၊ ငါ့အယူအဆကိုပြောရရင် အသက်ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ဆတ် အသက်ရှူတဲ့ကိစ္စက ပိုအရေးကြီးတယ်"

မင်းဝေစကားကို တာရာက မရှင်းဘဲပြန်မေးသည်။

"ဘယ်လို. . . ဘယ်လို၊ အသက်ရှူတဲ့ကိစ္စက ပိုအရေးကြီးတယ် ဆိုတာ ဘာလဲလူပြက်ရဲ့၊ ငါ့ကို ရှင်းပြဦး. . ."

"ဒီလိုလေ. . . တာရာရဲ့၊ လူတစ်ယောက်ဟာ အသက်ဘယ်လောက်ဖြစ်ဖြစ် အသက်ဘယ်လောက်ကြီးကြီး အသက်ရှူတဲ့ကိစ္စကို မသိရင် အလကားပဲ၊ အသက်ငါးနှစ်သားလေးပဲ ဖြစ်နေပါစေ၊ အသက်ရှူတဲ့ ကိစ္စကို သိနားလည်ရင် ငါ့အနေနဲ့ လေးလေးစားစားရှိရမှာပဲ. . ."

မင်းဝေ၏အယူအဆကြောင့် တာရာ့ခေါင်းထဲတွင် လင်းခနဲဖြစ်သွား၏။ သူမမျက်လုံးများက သူ့ကို အထင်ကြီးစွာ လှမ်းကြည့်လိုက်ပါသည်။ သူငယ်ချင်းများအားလုံးသည်လည်း မင်းဝေရဲ့အယူအဆကို သဘောကျလျက်ရှိကြ၏။ မြင့်နိုင်ဦးဆို သူဖတ်နေသော တာရာမင်းဝေ၏ စာအုပ်ကိုပိတ်ကာ မင်းဝေရှေ့ရှိ စားပွဲပေါ်မှာ ချလိုက်ရင်း သူ့စကားအား ထောက်ခံပါသည်။

"မှန်လိုက်တာကွာ. . . တစ်ခါတစ်လေ မင်းအတွေးအခေါ်တွေက မထင်မှတ်တဲ့ထောင့်ကနေ အမှန်တရားဆီ တည့်တည့်သွားထိတာ အရမ်းလှတယ်၊ မင်း အရမ်းတော်တယ် လူပြက်. . . တကယ်တော့ မင်းက လူပြက်မလုပ်ဘဲ ဖလော်ဆော်ဖာလုပ်ရမှာကွ၊ မင်းဆိုရင် ဖလော်ဆော်ဖာဖြစ်ဖို့ ငါ့လို မိန်းမတောင်ယူစရာမလိုဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အေးလေ. . . မြင့်နိုင်ဦးကလည်း ဘာမှလည်းမဆိုင်ဘူး"

မြင့်နိုင်ဦးက သူ့ကို ကန့်ကွက်နေကြသော စကားသံများကြားမှ ခေါင်းကို ဖြည်းညင်းစွာရမ်းပါသည်။ အားလုံးက သူရှင်းပြမှာကို စောင့်နေကြရ၏။



"အဟမ်း. . . အဟမ်း. . . ဒီလိုလေကွာ. . . ယောက်ျားတစ်ယောက်အနေနဲ့ မိန်းမတစ်ယောက်ကို ချစ်ပြီဆိုရင် ဘာမှစဉ်းစားမနေနဲ့၊ မျက်စိစုံမှိတ်ပြီး ကောက်သာယူပစ်လိုက်. . . အဟမ်း. . ."

တာရာက မြင့်နိုင်ဦးကို မနေနိုင်စွာ ဝင်ပြောပြန်သည်။

"အခုထိ ပြောနေတာတွေက ရှင်းပြခိုင်းတာနဲ့ ဘာမှမဆိုင်သေးဘူး၊ ဟုတ်တယ်. . . နားထောင်ရတာ စိတ်မရှည်တော့ဘူး"

မင်းဝေက သူမကို လက်အမူအရာဖြင့် ခဏမျှတိတ်တိတ်နေခိုင်းပါသည်။ တာရာသည် လိုရာမရောက်ဘဲ ပြောနေသော မြင့်နိုင်ဦးအား သည်းခံစိတ်မွေးကာ ပါးစပ်ပိတ်ထားလိုက်ရသည်။ မြင့်နိုင်ဦးက သူ့စကားကို ဆက်၏။

"အဲဒီလို မိန်းမတစ်ယောက်ကို ဖွတ်ယူလိုက်ရင်. . ."

မြင့်နိုင်ဦးစကားကို ပြည့်စုံက ဖြတ်ပြောပြန်သည်။

"ဘာလဲ. . . မစဉ်းစားဘဲဖွတ်ယူလိုက်ရင် နှစ်ယောက်စလုံး ခွေးဖြစ်သွားရောလား"

"ဘယ်ကလာဟုတ်ရမှာလဲ၊ အဲဒီလို ယူလိုက်တဲ့အခါ ကိုယ်ယူလိုက်တဲ့မိန်းမက ကောင်းတယ်၊ တော်တယ်ဆိုရင် အဲဒီယောက်ျား တစ်ဘဝလုံး အေးဆေးပဲ၊ အိမ်ထောင်ရေး သာယာသွားပြီဆိုတဲ့နောက်တော့ ကျန်တဲ့စီးပွားရေးတို့၊ လူမှုရေးတို့ပါ အလိုလိုကောင်းသွားပြီပေါ့"

စည်သူအောင်က . . .

"ကိုယ်ယူလိုက်တဲ့မိန်းမက ဆိုးနေရင်ရော. . ."

"အဲဒါဆိုရင်တော့ အဲဒီယောက်ျားက ငါ့လိုပဲ ဖလော်ဆော်ဖာ (တွေးခေါ်ပညာရှင်) ဖြစ်ပြီပေါ့ကွ၊ ဟား. . . ဟား. . . ဟား. . . ငါက မင်းကို ခုနက အဲဒါပြောတာလူပြက်ရ၊ ပေါက်ပြီလား. . ."

တာရာသည် တခစ်ခစ်ရယ်နေပြီး မင်းဝေထို့အလစ်မှာ ခိုး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိ၏။ မင်းဝေက အားလုံးကိုသိသော်လည်း ကြည်နူးစိတ်ကလေး နှင့် မသိချင်ယောင်ဆောင်နေပါ၏။ သူမက မြင့်နိုင်ဦးကို အရယ်တစ်ဝက် နှင့် ပြောချလိုက်သည်။

“မြင့်နိုင်ဦးရယ် လူပြက်ကို သိပ်လည်းမြှောက်ပေးမနေနဲ့၊ အဲဒါ သူက မိန်းမ မယူဘဲ ဖလော်ဆော်ဖာဖြစ်မယ်လို့ အဟုတ်မှတ်ပြီး ထင် သလိုနေရင် သူ့ကို သဘောကျနေတဲ့ကောင်မလေးတွေတော့ အခက် တော်ကြာ လူပြက် မိန်းမ မရဘဲနေဦးမယ်”

သူမ၏ စကားအသွားအလာနှင့် ဝံ့စားသောအကြည့်များ အားလုံးက ပြုံးစေ့စေ့လုပ်နေမိကြသည်။ ဒါမိုး၌ ဇာတ်ပို့ပေးရာတွင် အ မတန်တော်သော စည်သူအောင်က ဘာပြောရမည်ဆိုတာ ဖျတ်ခနဲသိ ချက်ချင်းပဲ တာရာ့ကို ပြန်ပြောလိုက်၏။

“ဩော်. . . အဲဒါဆိုလည်း တာရာက လူပြက်ကို သနားတဲ့အ နဲ့ ယူလိုက်ပေါ့၊ ဘာခက်တာမှတ်လို့. . .”

ရုတ်တရက် တာရာ့မျက်နှာသည် ရဲလာကာ ရှက်ပြီး ခေါင်းကို ချသွား၏။ နောက်. . . သူမက အရယ်မျက်နှာလေးနှင့် စည်သူအောင် တဲ့ပြန်လိုက်ပါသည်။

“လူပြက်နဲ့တာရာက ဘယ်လိုက်ပါ့မလဲစည်သူရဲ့. . . လူပြက် မင်းသမီးနဲ့မှ လိုက်မှာပေါ့၊ ခင်ဆို မြန်မာအကကို ကောင်းကောင်းကတ တယ်၊ ခင်နဲ့လူပြက်ဟာ မင်းသမီးနဲ့လူပြက်ပဲပေါ့၊ ဘယ်လောက်လိုက်ဖ ညီသလဲ”

ပြည့်စုံသည် တာရာ့စကားအဆုံးတွင် မြင့်နိုင်ဦး ခုနကစားပွဲပေ တင်ထားသည့် ‘တာရာမင်းဝေ’ စာအုပ်ကိုမြင်ပြီး အမှတ်မထင် အကြ သွားသည်။ သူက စာအုပ်ကိုယူလိုက်ရင်း . . .

“ဒီမှာ. . . ကြည့်စမ်း၊ တာရာမင်းဝေတဲ့. . . မင်းသမီးနဲ့လူပြ



ထက် တာရာနဲ့မင်းဝေက ပိုမလိုက်ဘူးလား. . .”

ပြည့်စုံ၏စကားကို စည်သူအောင်နဲ့မြင့်နိုင်ဦးက အားရဝမ်းသာ ထောက်ခံကြလေ၏။ မင်းဝေက တာရာ့ကို အားနာနေသည်။ စည်သူ အောင်တို့၏ အားပေးထောက်ခံနေခြင်းကို နားမလည်နိုင်အောင်ဖြစ်နေ သည့် တာရာက အူကြောင်ကြောင်နှင့် မေးခွန်းထုတ်မိသည်။

“ပြည့်စုံ. . . နင်တို့ ဘာတွေသဘောကျနေတာလဲ. . .”

“ဩော်. . . နင်တို့နှစ်ယောက်ကို တာရာနဲ့မင်းဝေဆိုတာ အစက မစဉ်းစားမိဘဲ အခုမှစဉ်းစားမိလို့ပါဟ. . . မိုက်တယ်နော်. . . နင်တို့က တိုက်တိုက်ဆိုင်ဆိုင်. . .”

“ဟာ. . . ငါက တာရာဆိုတာတော့ဟုတ်ပါပြီ၊ ဘာလဲကွ ဘာ မင်းဝေလဲ၊ ဘယ်မှာလဲ နင်ပြောတဲ့မင်းဝေ. . .”

“ဒီမှာလေ. . . တာရာရဲ့ လူပြက်က မင်းဝေပေါ့၊ နင်က လူပြက် ပဲသိတာကိုး၊ မှတ်ထား လူပြက်ရဲ့ကျောင်းနာမည်က မင်းဝေတဲ့. . .”

“ရှင်. . .”

တာရာ့မှာ မျက်လုံးလေးဝိုင်းရင်း ပါးစပ်အဟောင်းသားဖြစ်နေရ ရှာ၏။ ပြီးတော့ သူမက မင်းဝေကို မျက်နှာချင်းဆိုင်ကာ “တကယ်”ဟု မယုံနိုင်စွာမေးလိုက်မိသည်။ မင်းဝေက ဟုတ်မှန်ကြောင်း သူမကို တည် တည်ကြည်ကြည်ပဲ ခေါင်းညိတ်ပြပါ၏။

ထို့နောက် သူမသည် အံ့သြနေရာမှ တဖြည်းဖြည်း ပြုံးရွှင်လာ သည်။ ကြည့်ရတာ သူမသည် တစ်ခုခုကို ပြန်စဉ်းစားမိပြီး ပျော်နေပုံရ ၏။ တာရာက လက်ညှိုးကို နားထင်မှာထောက်၍ အဖြစ်အပျက်တွေကို တစ်ခုနဲ့တစ်ခု ဆက်စပ်တွေးခေါ်နေလေသည်။ နောက်. . . သူမက မင်း ဝေကို မေးခွန်းတစ်ခွန်း မေးပါ၏။

“လူပြက်တို့အိမ်မှာ စာအုပ်အငှားဆိုင်တို့ ဘာတို့ ဖွင့်လားဟင်”

www.burmeseclassic.com

www.burmeseclassic.com



နှုတ်တရက် တာရာမေးချလိုက်သည့်မေးခွန်းကြောင့် မင်းဝေ ကြောင်သွားသည်။ သူက တာရာ့ကို အထူးအဆန်းသတ္တဝါတစ်ကောင်လို ကြည့်ရင်း . . .

"ဟုတ်တယ် တာရာ၊ ငါ့အိမ်မှာ စာအုပ်အငှားဆိုင်ဖွင့်တာကို နင်ဘယ်လိုလုပ်သိတာလဲ"

"သိတာပေါ့၊ တောင်ဒဂုံမှာမဟုတ်လား"

"ဟင် . . . ဒါလဲ နင်ကသိတာပဲလား"

"အမလေး . . . သိတာပေါ့၊ နေဦး . . . နင့်အိမ်လိပ်စာကို အတိအကျတောင် ပြောပြလိုက်ဦးမယ်"

ပြောပြီး တာရာက သူမလွယ်အိတ်ထဲမှ မှတ်စုစာအုပ်ခပ်သေးသေးတစ်အုပ်ကို ထုတ်ပြီး ဟိုလှန်ဒီလှန်လုပ်သည်။ ခဏကြာတော့ သူမလုပ်သမျှကို တအံ့တသြလိုက်ကြည့်နေသော မင်းဝေတို့အုပ်စုဘက်သို့ မှတ်စုစာအုပ်လေးအား ပြလိုက်ပါ၏။ သူတို့အားလုံး၏အကြည့်များက မှတ်စုစာအုပ်လေးထဲ စုပြုံသွား၏။

*ကိုမင်းဝေ (ရွှေမြို့တော်စာပေ)*

*အမှတ် ( . . . )၊ ဗညားဒလလမ်းသွယ်၊*

*တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။*

စာကို သူတို့ ဖတ်ပြီးသွားလောက်ချိန်တွင် သူမဆီမှ အသံထွက်ပေါ်လာသည်။

"လူပြက်က အဲဒီလိပ်စာမှာနေတာ မဟုတ်လား"

တာရာ့အမေးကို သူက သတိလက်လွတ်နှင့် ခေါင်းညိတ်ပြမိသည်။ သူမက မင်းဝေ၏ပုံစံကိုကြည့်ကာ ရယ်လေသည်။ သူသည် တာရာ့ရယ်သံ လှလှလေးများကြားတွင် အသက်ရှူမှားနေ၏။ ဒါကိုရိပ်မိသော ပြည့်စုံက မင်းဝေကိုယ်စား တာရာ့ကို မေးလိုက်ပါသည်။



"တာရာ့ကို အဲဒီလိပ်စာ ဘယ်သူကပေးထားတာလဲ"

ပြည့်စုံက ထိုမေးခွန်းကိုမေးရန် လိုအပ်လို့သာ မေးလိုက်ရသည်။ သူတို့အားလုံးမှာ မေးခွန်း၏အဖြေအား ကိုယ့်နည်းကိုယ်ဟန်ဖြင့် သဲလွန်စအတိုင်း ချိတ်ဆက်စဉ်းစားထားခဲ့ကြပြီး ဖြစ်၏။ တာရာ့ဆီမှ အဖြေပေးသံကြားရသည်။

"အဲဒီလိပ်စာပါတဲ့ကတ်လေးကို တာရာ မိန်းထဲသွားတုန်းက R.C ရှေ့မှာ ကောက်ရခဲ့တာ . . .၊ ဒါနဲ့ တာရာလည်း လိပ်စာကတ်ကို စာတိုက်ကနေတဆင့် ပိုင်ရှင်ဆီကို ပြန်ပို့ပေးလိုက်တယ်၊ လူပြက်ရဲ့နာမည်က မင်းဝေဆိုတော့ အဲဒီကို တာရာပို့ပေးလိုက်တာ မရဘူးလားဟင်"

မင်းဝေက တစ်ခဏအတွင်း လန်းဆန်းတက်ကြွလာ၏။ သူသည် အိပ်မက်မှလန့်နိုးလာသူတစ်ယောက်လို သူမမေးခွန်းအား အမြန်ပင် ဖြေလိုက်၏။

"ရပါတယ်၊ ရပါတယ်၊ တာရာက အဲဒီလိပ်စာကတ်လေးကို ဘယ်လိုစိတ်ကူးနဲ့ ပြန်ပို့ပေးခဲ့သလဲတော့ မသိဘူး၊ ငါ့မှာတော့ အဲဒီကတ်လေးရောက်လာတဲ့နေ့က တကယ်ပျော်တယ်၊ ပို့ပေးတဲ့လူကိုလည်း ဘယ်သူမှန်းမသိဘဲနဲ့ ကျေးဇူးတင်နေမိတာ၊ အခုတော့ နင်က ငါ့ဆီပို့ပေးတာတဲ့၊ ငါဖြင့်ယုံတောင်မယုံချင်ဘူး၊ ကံကြမ္မာက ဘယ်လောက်ထူးဆန်းလိုက်သလဲနော် . . . တာရာ . . ."

တာရာက မင်းဝေရဲ့စကားအား ပြုံးရင်းနားထောင်နေရာမှ ပြောပြန်သည်။

"ဟုတ်တယ်ဟ . . . တခြားမကြည့်နဲ့၊ ငါတို့နှစ်ယောက်နာမည်ကိုပဲ . . . ကြည့်၊ တာရာနဲ့မင်းဝေတဲ့။ ငါ နင့်လိပ်စာကတ်လေးကို ကောက်ရတုန်းကလေ နင့်နာမည်သာ မင်းဝေမဟုတ်ရင် နင့်ဆီ ပြန်ပို့ဖြစ်ခဲ့မှာ မဟုတ်ဘူး . . . သိလား၊ နောက်ပြီး ငါက တာရာမင်းဝေရဲ့ပရိသတ်ဆို

www.burmeseclassic.com

ဆော့ မင်းဝေဆိုတဲ့နာမည်ကိုလည်းတွေ့ရော ငါ့နာမည်ရဲ့ နောက်ဆက်တွဲပဲဆိုပြီး အရမ်းကိုပျော်သွားတာ. . ."

သူတို့ပြောတာတွေကို ထိုင်နားထောင်နေကြသည့် သူငယ်ချင်းတွေကလည်း ဝမ်းမြောက်ရွှင်မြူးနေကြပါသည်။ ပြည့်စုံက 'တာရာမင်းဝေ' ဆိုပြီး သူစလိုက်သည့်ဇာတ်လမ်းမို့ ပြုံးဖိစိကြီးလုပ်ကာ ပြောသမျှကို လိုက်နားထောင်နေ၏။

"တကယ်ကိုပဲနော်၊ တိုက်ဆိုင်မှုတွေက အံ့သြဖို့ကောင်းလိုက်တာ၊ ပြီးတော့ ငါတို့နှစ်ယောက် ဆုံကြပုံက လုံးဝအသစ်ကြီး၊ အရင်ဘဝတုန်းက ဒီဘဝမှာ ဒီလိုဆုံကြမယ်ဆိုပြီး ချိန်းလာခဲ့ရင်တောင်မှ လွဲချင်လွဲဦးမယ်၊ ငါတို့နာမည်တွေကလည်း အစထဲက နှစ်ဖက်မိဘတွေ အချင်းချင်းတိုင်ပင်ပြီး မှည့်ထားတဲ့အတိုင်း ကွက်တိပဲ"

"ဟုတ်ပ၊ တာရာနဲ့မင်းဝေတဲ့၊ တို့မိဘတွေက ငါတို့ကို ဒီနာမည်တွေ ပေးတဲ့အချိန်တုန်းကဆိုရင် စာရေးဆရာ တာရာမင်းဝေတောင် မပေါ်သေးဘူး. . ."

ပြောပြီး တာရာက စောင်းကြိုးခတ်သံကဲ့သို့ သွဲ့ပြောင်းစွဲမက်စရာ ရယ်မောနေခဲ့သည်။ သူမ ရယ်သံတွေနောက်မှာ ထုံးစံအတိုင်း မင်းဝေရဲ့ လှုရွှင်တော်အကျင့်ကြီးက ကပ်လျက်ပါလာ၏။

"အေးနော်. . . အဲဒီအချိန်လောက်ကဆို စာရေးဆရာ တာရာမင်းဝေလည်း ပုဆိုးကွင်းသိုင်းနဲ့ ရပ်ကွက်ထဲ ဂေါ်လီလျှောက်ရိုက်တုန်းပဲ ရှိဦးမှာ. . .၊ ပြီးတော့ သူဟာ ရောက်လေရာမှာ စိုးမိုးထင်ရှားတဲ့သူဆိုတော့ အဲဒီတုန်းကဆိုရင် သူ့မှာ တခြားကလေးတွေကို စိုးမိုးအနိုင်ကျင့်မှု ကလေးဗိုလ်ပဲ ဖြစ်စရာရှိတယ်၊ မြင်ယောင်ပါသေးတယ်၊ သူ့လက်နှစ်ဖက်စလုံးမှာ သားရေကွင်းတွေက တတောင်ဆစ်အထိအပြည့်နဲ့. . . နှပ်ချေးတွဲလောင်းကို တရှုတ်ရှုတ်သွင်းပြီး ရွာရိုးကိုးပေါက် လျှောက်ဆော့နေမှာ



ပေါ့၊ စာရေးဆရာဖြစ်ဖို့ မပြောနဲ့၊ လေးကြောင်းမျဉ်းထဲမှာတောင် စာကြောင်းကို ညီအောင်မရေးတတ်လောက်သေးဘူး"

မင်းဝေ၏စကားအဆုံးတွင် သူတို့သူငယ်ချင်းများအားလုံး လွတ်လပ်ပေါ့ပါးစွာ ရယ်ပစ်ခဲ့ကြသည်။ တကယ်တော့ အဲဒီအချိန်ထဲက သူတို့နှစ်ယောက်ကြားမှာ ကြီးမားခိုင်ခံ့သော တစ်စုံတစ်ရာက ရှိနေခဲ့ပြီးသားဖြစ်ပါ၏။ မင်းဝေဆီ လိပ်စာကဒ်ပြန်ပို့ပေးသည့်တရားခံ ပေါ်သွားပြီမို့ မြင့်နိုင်ဦးမှာ သူ့ကိုကဒ်ပြရန် မလိုအပ်တော့ပေ။

တာရာသည်လည်းကောင်း၊ မင်းဝေသည်လည်းကောင်း၊ ဆေးတက္ကသိုလ်မှာ ရှာမှရှားသော သူတို့သူငယ်ချင်းအုပ်စုသည် လည်းကောင်း၊ ဇူလိုင်လ၏မိုးစက်၊ မိုးပေါက်လေးများသည်လည်းကောင်း. . . အားလုံးမှာ လူငယ်ဆန်သည့် ရဲရင့်မှုများကို သင်ကြားတတ်မြောက်ခဲ့ကြပါသည်။

သို့သော် သူတို့၏ကံဆိုးမှုမှာ လူငယ်တို့ရဲ့ ဂျစ်ပစီစာမေးပွဲများတွင် အသည်းကွဲခြင်းခေါင်းစဉ်သည် ရွေးချယ်ဖြေဆိုခွင့်မရှိသည့် အမှတ်နှစ်ဆယ်တန် မေးခွန်းတစ်ခု ဖြစ်နေခဲ့လေသည်။

❑

www.burmeseclassic.com



## အခန်း (၄)

သူတို့အုပ်စုသည် ဆေးကျောင်း၌ တစ်နေ့တခြား ပို၍ကျော်ကြားလာခဲ့၏။ တာရာ့ကြောင့် ခင်မေအောင်သည်ပင် အရင်လိုမဟုတ်တော့ဘဲ သူအများနှင့် သင့်တင့်လျောက်ပတ်စွာ နေတတ်ခဲ့လေပြီ။ ပြီးတော့ ခင်မေအောင်က သူတို့အုပ်စုနှင့်တွဲရန် တခြားအရည်အချင်းတစ်ခုလည်း ရှိသေးသည်။ တစ်ခြားတော့မဟုတ် . . .။ ခင်မေအောင်မှာ ငယ်စဉ်ကတည်းကပင် သူမကိုအုပ်ထိန်းသော ကြီးတော်ရဲ့သင်ကြားပေးမှုဖြင့် မြန်မာအကကို စနစ်တကျ ကတတ်နေခြင်းဖြစ်၏။ လူရှင်တော်များအတွက် မင်းသမီးတစ်လက် ကောက်ရခြင်းလည်း ဖြစ်ပါသည်။

မိန်းကလေးနှစ်ယောက်နှင့် ယောကျ်ားလေး လေးယောက်ပါဝင်သော သူတို့အဖွဲ့တွင် အားလုံး တန်းတူဆက်ဆံခွင့်ရကြသည်။ သူတို့က နာမည်များကို အရင်းအတိုင်းပဲ ခေါ်ကြ၏။ နာမည်နှစ်လုံးထဲရှိသူတွေမှာ ပြောသနာမရှိပေ။ နာမည်သုံးလုံးရှိကြသူများအနက် မြင့်နိုင်ဦးနဲ့ ခင်မေ

www.burmeseclassic.com

www.burmeseclassic.com



အောင်တို့ကိုတော့ နာမည်သုံးလုံး အပြည့်ခေါ်ကြသော်လည်း စည်သူအောင်ကိုကျတော့ 'အောင်' တစ်လုံးဖြုတ်ကာ စည်သူဟု အလွယ်ခေါ်ကြပါသည်။ ထူးခြားချက်မှာ တာရာက ခင်မေအောင့်ကို 'ခင်'လို့ အဖျားဆွတ်ပြီး ခေါ်ခြင်းဖြစ်၏။

မိုးဥတု၏စွတ်စိုမှုထဲ၌ သူတို့က အသားကျလျက်ရှိနေခဲ့ပြီ။ တာရာ့အချစ်ကို ကြိုးစားကြသောကောင်လေးများမှာ တစ်စထက်တစ်စ ပို၍များပြားလာခဲ့သည်။ ကျောင်းသားများသာမဟုတ်တော့ဘဲ အပြင်ကလူတွေပါ ပါဝင်လာ၏။ အနေမှန်သောတာရာက သူမကြောင့် ဘာပြဿနာမှမဖြစ်ရအောင် ပါးပါးနပ်နပ်ကိုင်တွယ်တတ်၍ တော်တော့သည်။ သူမက အားလုံးကို အလိုက်အထိုက်တော့ ပြန်လည်ဆက်ဆံပေးရ၏။

တာရာ့ကို လိုက်ပိုးပန်းနေသောကောင်များမှာ သူတို့လေးယောက်ကို သိပ်မကြည်သော်လည်း နည်းနည်းတော့ရှိန်ကြပါသည်။ သူမနှင့် သူတို့အုပ်စု၏ ဘော်ဒါကဏ္ဍကိုနားလည်ပေးကာ သဘောထားကြီးသလို ဟန်ဆောင်ကြသူတွေကလည်း မနည်း. . .။ တာရာနဲ့ သူတို့လေးယောက်ရဲ့ အရမ်းရင်းနှီးကျွမ်းဝင်စွာ နေထိုင်ပုံကိုတော့ ထိုပုဂ္ဂိုလ်များက မျက်စိစပါးမွေးစူးပြီး မနာလိုဖြစ်ကြလေသည်။

တချို့က သူတို့အုပ်စုကိုအောက်ကျခံ၍ ရည်ရွယ်ချက်ရှိရှိ လာပေါင်းကြ၏။ ထိုအခါ သူတို့က ခပ်တည်တည်လုပ်ကာ အထာနှင့်နေရသည်။ အဲဒီလိုနေရန်လည်း တာရာက ညွှန်ကြားထားပါသည်။ မင်းဝေတို့လိုကောင်တွေကို တခြားယောကျ်ားတစ်ယောက်က အကြောင်းမရှိအကြောင်းရှာပြီး မိတ်ဆွေဖွဲ့လာပြီဆိုပါက ဒါသည် တာရာ့အား ချဉ်းကပ်ဖို့ အစပျိုးနည်းတစ်မျိုး ဖြစ်၏။ ထိုသို့ဖြစ်လာလျှင် အဲဒီငတိမှာ သူတို့လေးယောက်၏ ပီပြင်သောသရုပ်ဆောင်ချက်များနှင့် လှည့်စားမှုပါသည့် စကားလုံးများကြားတွင် ဘယ်လိုမှ လူရောစိတ်ပါ သက်သာစရာမရှိပေ။



တခြားလူများကဲ့သို့ သူတို့အုပ်စုအား လာဘ်ထိုးလို့လည်းမရ. . .။ ဒီလိုကိစ္စမျိုးမှာတော့ သူတို့က တာရာ့ကို တကယ့်ညီမအရင်းတစ်ယောက်လိုပဲ ဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။

တစ်နေ့. . .။ မင်းဝေတို့လေးယောက် ကျောင်းဝင်းထဲမှပြန်အထွက် သူတို့ကို (အထူးသဖြင့် မင်းဝေကို) လူခပ်များများအုပ်စုတစ်စုက ကောက်နိုးပုံစောင့်တဲ့ခွေးတွေဟု မကြားတကြားနှင့် ရန်စကြ၏။ တာရာက သူတို့ကို လုံးဝရန်မဖြစ်ရဆိုသည့် စည်းကမ်းကိုချထားရာ သူတို့တွေက မကြားချင်ယောင်ဆောင်ပြီး တတ်နိုင်သလောက်တော့ သည်းခံရှာပါသည်။ ဒီတော့သည်း နောက်တစ်ရက်တွင် မိန်းမလျာတွေလို့ သူတို့အား ထပ်မံသမုတ်ကြပြန်၏။ အရင်ကဆို မင်းဝေတို့ ပြည့်စုံတို့ကို ဒီလိုအချိုးမျိုးနဲ့ ဘယ်သူမှ လာကျောရဲသည်မဟုတ်. . .။ အခုဟာက ကျောင်းသားတွေမဟုတ်ဘဲ မင်းဝေတို့အကြောင်းကိုလည်း သိပ်မသိသော အပြင်မှလူအုပ်စုတစ်စု ဖြစ်နေသည်။

လွန်ခဲ့သောတစ်ပတ်လောက်က၍ လူကိုးယောက်အင်အားရှိသည့် ထိုသူစိမ်းလူအုပ်စုမှာ ကားနှစ်စီးနှင့်အတူ ကျောင်းဝင်းထဲ၌ စတင်ခြေရှုပ်ခဲ့ကြ၏။ သူစိမ်းအုပ်စုသည် ငွေကြေးကြွယ်ဝချမ်းသာသော အသိုင်းအဝိုင်းမှ ဆင်းသက်လာကြဟန်တူသည်။ ဟန်းဖုန်းများ၊ အဖိုးတန်ဝတ်ကောင်းစားလှများကို ဆင်မြန်းထားကြပြီး ဘယ်သူ့ကိုမှဂရုမစိုက်သော သုမိုက်ဆန်ဆန် အပြုအမူတွေနှင့်. . .။ ကြည့်ရတာ လုံးဝအဆင်မပြေပေ။ မင်းဝေမှာ အဲဒီလိုကောင်တွေကို ဆုံးမချင်တာမှ လက်ယားလှပြီ၊ သူငယ်ချင်းများက မင်းဝေအား ရန်မဖြစ်ရန် အတင်းတားမြစ်နေသည့်အတွက် သူက စိတ်ကိုလျှော့ထားရသည်။

ထိုကျောင်းသားမဟုတ်သော အုပ်စု၏ ခေါင်းဆောင်ဖြစ်ပုံရသည့် နှုတ်ခမ်းမွေးစစ၊ အရပ်ပုပုလူသည် ဟန်းဖုန်းနှစ်လုံးအား ခါးမှာချိတ်

www.burmeseclassic.com

www.burmeseclassic.com



တာ ဆောင့်ကြွားကြွားနိုင်သည်။ အဲဒီလူက တာရာ့ကိုလိုက်ခြင်းသည် အခုပြဿနာရဲ့အစ ဖြစ်၏။ တာရာ၏ပြောပြချက်များအရ ထိုလူ့နာမည်မှာ အောင်သန်းစိုးဟု သိရပါသည်။ တင်မောင်ထွေးနှင့် အောင်သန်းစိုးတို့ကို မနေ့တုန်းက ကန်တင်းတွင် အတူထိုင်နေတာ ပြည့်စုံကတွေ့ခဲ့ရ၏။ ဒါကြောင့် မင်းဝေက အောင်သန်းစိုးတို့ ဒီကျောင်းထဲရောက်လာခဲ့ခြင်း၏ လမ်းစအား မှန်းဆမိသွားသည်။

ထို့နောက်တွင်တော့ အောင်သန်းစိုးသည် တာရာ့ကို လိုက်မရသူများ၏ ထုံးစံအတိုင်း မင်းဝေတို့လေးယောက်အား ကြည့်မရဖြစ်လာ၏။ ထိုအခါ လူအုပ်စုအားကိုးဖြင့် မင်းဝေတို့ကို ရန်စကြတော့သည်။

သူတို့ထဲတွင် အကြီးဆုံးဖြစ်သော မြင့်နိုင်ဦးက သွေးဆူနေသည့် မင်းဝေနှင့် ပြည့်စုံတို့ကို စိတ်အေးအေးထားဖို့ ဖျောင်းဖျနေရ၏။ အကြောင်းကိုသိသော တာရာနှင့်ခင်မေအောင်တို့က မင်းဝေကို လုံးရမ်းကားတွေနဲ့ ပြိုင်မမိုက်ဖို့တောင်းပန်သည်။ ပြီးတော့ သူမစကားကိုနားထောင်ဖို့လည်း ကတိတောင်းသည်။

မင်းဝေသည် တာရာ့မျက်နှာကြောင့် အောင်သန်းစိုးတို့ကို တတ်နိုင်သမျှ ရှောင်ပါ၏။ သို့သော် အောင်သန်းစိုးတို့က တာရာ့အား တစ်စထက်တစ်စ ပို၍နှောင့်ယှက်နေကြသည်။ သူမက ပါမောက္ခချုပ်အထိ တက်တိုင်ရန်ပင် စဉ်းစားနေ၏။ သူတို့တွေ၏အနေအထားကို တခြားကျောင်းသား၊ ကျောင်းသူများကလည်း ဘာတွေဖြစ်လာမလဲဟု စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိပါသည်။

ထိုသို့ ရှုပ်ရှုပ်ထွေးထွေး အခြေအနေများကြားတွင် တင်မောင်ထွေးက မင်းဝေတို့ဆီကို စကားပြောစရာရှိတယ်ဆိုပြီး ရောက်လာ၏။ ဒီလိုနဲ့ သူတို့ငါးယောက်သား ကန်တင်းဆီထွက်လာခဲ့ကြသည်။ တင်မောင်ထွေးမှာ သူတို့၏ အတန်းဖော်သူငယ်ချင်းဖြစ်ကာ မနှစ်တုန်းကတော့ မင်းဝေ



တို့နှင့် ခဏတွဲလိုက်ကြသေးသည်။ နောက်မှ သူတို့လေးယောက်နှင့် ဘာသာစကားချင်းမတူသဖြင့် သူ့ဘာသာသူ ခပ်ခွာခွာပဲ ပြန်ဖြစ်သွား၏။ ဒါပေမဲ့ တစ်ကျောင်းတည်း တစ်တန်းတည်းတက်နေကြသူများမို့ မလွဲသာ မရှောင်သာဆုံတွေ့လျှင် မေးထူးခေါ်ပြောအဆင့်လောက်သာ သူတို့နှုတ်ဆက်ဖြစ်ကြတော့သည်။

မင်းဝေက သူ့ရှေ့တည့်တည့်တွင် ထိုင်နေသော တင်မောင်ထွေးအား တစ်ချက်စူးစူးရဲရဲကြည့်ပစ်လိုက်၏။ သူ့လောက်မဟုတ်သော်လည်း ပြည့်စုံ၊ စည်သူအောင်နှင့် မြင့်နိုင်ဦးတို့ကလည်း တင်မောင်ထွေးကို သေချာဝိုင်းကြည့်နေပြီး တစ်ခုခုကို စဉ်းစားမိဟန်ဖြင့် သက်ပြင်းချပါသည်။ နောက်. . . သူက အားတင်းလိုက်ကာ မင်းဝေကို ရုတ်တရက် ပြောချလိုက်၏။

"ဒီလို. . . လူပြက်ရ၊ ငါ တာရာ့ကို Propose လုပ်ထားတယ်ဆိုတာ မင်းလည်းသိပြီးသားဖြစ်မှာပါ. . ."

မင်းဝေက တင်မောင်ထွေးကို ခေါင်းညိတ်ပြနေတုန်း စည်သူအောင်က ကြားဖြတ်ဝင်ပြောသည်။

"ဘာများလဲလို့ မင်းပြောစရာရှိတယ်ဆိုတာ အဲဒါလား တင်မောင်ထွေးရာ. . .၊ ဘာလဲ တာရာ့ကို မင်းကြိုးစားနေတဲ့ကိစ္စမှာ ငါတို့အုပ်စုက မင်းကို အကူအညီပေးရမယ်၊ ဒါပဲ မဟုတ်လား. . . ဟဲဟဲ. . . ဟဲ. . . သိနေတယ်လေ. . ."

စည်သူအောင်သည် ပြောပြီး ဆရာကြီးအိုက်တင်နဲ့ သူ့ကိုယ်သူလည်း စာအုပ်ဖြင့် ယပ်ခတ်နေ၏။ ထိုအခါ တင်မောင်ထွေးက စည်သူအောင်ကို တစ်ခုခုပြောရန်ပြင်လိုက်စဉ် သူက ရုတ်တရက် လက်ညှိုးနဲ့ နှုတ်ခမ်းနဲ့ကပ်ကာ တိတ်တိတ်နေဖို့ အချက်ပြပါသည်။

"ရှူး. . . ဆက်မပြောနဲ့. . . မင်း ငါ့ကို ဆင်ခြေလည်း မပေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ထောင်းလည်းမတောင်းပန်နဲ့၊ ငါတို့က ဒီနေရာမှာ ကိုယ့်အတန်းဖော်သူငယ်ချင်းဆိုပြီး လုပ်ပေးလိမ့်မယ်လို့ မထင်နဲ့နော်၊ မင်း တာရာ့ကိုကြိုက်ရင်လိုက်. . . ရတယ်၊ လိုက်ခွင့်ရှိတယ်၊ အဓိက,က သူပြန်ကြိုက်ဖို့ပဲ၊ အဲဒါဆိုငါတို့က ဘာမှပြောစရာမရှိဘူး၊ အားလုံး အေးဆေး. . . ပေါက်တယ်နော်ဟဲဟဲဟဲ. . . ဟဲ"

တင်မောင်ထွေးမှာ မျက်နှာကြီးနီရဲလာပြီး စည်သူမအောင်ကိုသည်းမခံနိုင်တော့ဟန်ဖြင့် အော်ဟစ်လိုက်တော့၏။

"ဟေ့ကောင် ဥည်သူ. . . မင်းထင်တာတွေ လျှောက်ပြောမနေနဲ့"

"ဟင်. . . မဟုတ်ဘူးလား၊ မင်းပဲ တာရာ့ကို. . . "

"တော်တော့လို့ပြောနေတယ်နော်. . . စည်သူ"

ဒေါသတကြီး အော်ဟစ်နေသော တင်မောင်ထွေးကြောင့် မင်းဝေက စည်သူအောင့်ကို ဝင်ဟန့်လိုက်ရ၏။

"ဟုတ်သားပဲစည်သူရာ၊ သူပြောချင်တာကို ဆုံးအောင်နားထောင်လိုက်ပါဦး"

"ကဲ. . . တင်မောင်ထွေး ပြောပြော၊ မင်းပြောချင်တာကို ပြော"

ဒီတော့မှ တင်မောင်ထွေးက စည်သူအောင်ဆီ ယောကျ်ားကြီးတန်မဲ့ မျက်စောင်းလှမ်းထိုးလိုက်ရင်း သူ့စကားကို ဆက်သည်။

"ငါ တာရာ့ကိုလိုက်နေတာ မင်းတို့အားလုံး သိပြီးသားနော်. . .

မင်းဝေက ခေါင်းကို ထပ်မံ၍ညိတ်ပြရ၏။ တင်မောင်ထွေး ပြောပြီးသွားတဲ့စကားကိုပဲ ပြန်ပြောနေသဖြင့် စည်သူအောင်ကဝင်ပြော ဖင်တကြွကြွလုပ်နေသည်။ နောက်မှ မင်းဝေ၏အရိပ်အကဲကြောင့် သူ ပြန်ငြိမ်သွား၏။

တင်မောင်ထွေးက သူတို့ကို တစ်ချက်အကဲခတ်လိုက်ကာ

"ငါ အခုချိန်ကစပြီး တာရာ့ကို ဘယ်လောက်ချစ်ချစ် လုံး



မလိုက်တော့ဘူး"

ယတိပြတ်ကြီးပြောချလိုက်သော တင်မောင်ထွေး၏စကားကြောင့် တစ်ဖက်လူတွေဆီမှ အာမေဋိတ်သံများ၊ ငြင်းဆိုသံများ ပေါ်ထွက်လာသည်။

"ဟင်. . . "

"ဘာ. . . ဘာ. . . ဘာပြောတယ်"

"မဖြစ်နိုင်တာကွာ. . . "

သူတို့ကိုကြည့်ရတာ တင်မောင်ထွေးအကြောင်းကို တော်တော်နားလည်ထားကြပုံ ရ၏။ ထိုသို့ နားလည်ထား၍လည်း အခုလိုကြားရချိန်တွင် နားလည်ရခက်နေကြခြင်း ဖြစ်လေသည်။ မင်းဝေက တင်မောင်ထွေးအား အံ့ဩစွာမေးလိုက်မိ၏။

"မင်းက ဘာဖြစ်လို့ အဲဒီလိုဆုံးဖြတ်ရတာလဲ၊ အကြောင်းတော့ ရှိမှာပေါ့"

"ရှိတာပေါ့ကွာ၊ သိပ်ရှိတာပေါ့၊ ငါ မင်းကို ပြောစရာရှိတယ်ဆိုတာလည်း အဲဒီအကြောင်းပဲ. . . "

"ဟုတ်ပါပြီ. . . ဆိုစမ်းပါဦး"

"အဖြစ်ကဒီလိုကွ၊ ငါတာရာ့ကို ချစ်တယ်ဆိုပေမယ့် 'သူ့ကိုမရရင် မဖြစ်ဘူး' ဆိုတဲ့အဆင့်ထိတော့ မဟုတ်ဘူး၊ ဒါက မင်းတို့ကို ငါကြိုပြီး စကားပလ္လင်ခံထားတာ၊ ငါတို့မိသားစုပေါ်မှာ ကျေးဇူးရှိတဲ့ ငါ့အစ်ကိုဝမ်းကွဲတစ်ယောက် ရှိတယ်၊ သူတို့က အရမ်းချမ်းသာတာကွ၊ ငါတို့မိသားစု အခုလိုနေနိုင်တာ သူတို့ရဲ့ကျေးဇူးတွေမကင်းဘူး၊ ဒီတော့ တိုတိုနဲ့လိုရင်းပြောရရင် အဲဒီ ငါ့အစ်ကိုဝမ်းကွဲက ငါနဲ့ကျောင်းကို အလည်လိုက်လာရင်း တာရာ့ကိုတွေ့တော့ ချက်ချင်းပဲကြွေသွားတယ်ဆိုပါတော့၊ ငါလည်း ရှင်းရက်ဆိုတော့ ငိုင်သွားတာပေါ့၊ သူ့ကိုလည်း ဒါ ကျွန်တော့်ကောင်မလေး

www.burmeseclassic.com

ဆိုပြီး ငါမပြောရက်ဘူးလေ၊ သူက နိုင်ငံခြားသင်္ဘောသားဆိုတော့ စရိုက်ကြမ်းပေမယ့် အသည်းကနုနုလေးကွ၊ ဒါနဲ့ ငါသေချာစဉ်းစားပြီး ဆုံးဖြတ်လိုက်တယ်၊ အဲဒါကတော့ အစ်ကိုအတွက် ငါနောက်ဆုတ်ပေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပဲ"

တင်မောင်ထွေး၏စကားအဆုံးတွင် မင်းဝေက အဖြစ်အပျက်နှင့် အခြေအနေတချို့ကို ချိတ်ဆက်တွေးမိပြီး အဖြေတစ်ခု ထုတ်လိုက်၏ သည်။

"အဲဒီ မင်းအစ်ကိုဝမ်းကွဲဆိုတာ အောင်သန်းစိုးဆိုတဲ့ကောင် မဟုတ်လား"

သူ့မေးခွန်းကြောင့် တင်မောင်ထွေးက အနည်းငယ် ဒေါသထွက် သွား၏။

"ဒီမှာလူပြက်. . . မင်း ငါ့အစ်ကိုကို 'အကောင်'တွေ ဘာတွေ မသုံးပါနဲ့၊ သူက လမ်းဘေးက ကလေကချေမဟုတ်ဘူး၊ နိုင်ငံခြားသင်္ဘော သားကွ. . . ပြီးတော့ မင်းထက်လည်း အသက်အများကြီးကြီးတယ်"

ထိုအချိန်၌ ကန်တင်းတွင် လူများစပြုနေချိန်မို့ တင်မောင်ထွေး၏ အသံကြီးကြောင့် လူတွေကဝိုင်းကြည့်ကုန်သည်။ အဲဒီလူတွေထဲသို့ တာရာ နှင့်ခင်မေအောင်ပါ ရောက်လာသည်။ တာရာက တင်မောင်ထွေးကိုမြင် လိုက်သဖြင့် အခြေအနေကို လူတွေနဲ့ရောပြီး အကဲခတ်နေ၏။ တင်မော ထွေးကို ဘယ်အချိန်ထဲက ကြည့်မရဖြစ်နေမှန်းမသိသော ပြည့်စုံ ရု တရက် ဝင်ပြောလိုက်ပြန်၏။

"ဟုတ်လား. . . သူ့အသက်က အရမ်းကြီးနေပြီလား၊ ဒါဆိုရင်တော့ တာရာ့ကို စဉ်းစားမနေပါနဲ့တော့ကွာ၊ ဟို တာရာ့အစား နာရေးကူညီမှု အသင်းက မစိန်စိန်ဆိုတဲ့ အပျိုကြီးကိုပြောင်းလိုက်ပါလား၊ အဲဒါက အကျိုးရှိဦးမယ်၊ လူ့ဘဝရဲ့ နောက်ဆုံးအချိန်ဆိုတာ လူ့ဘဝကိုစတင်တဲ့



ကလေးငယ်လေးတစ်ယောက်လိုလည်း အရေးကြီးတာယ်၊ တချို့လမ်းဘေး က မြောင်းပုပ်ထဲမှာ၊ တချို့ကျတော့ အများသုံး အိမ်သာထဲမှာ၊ တချို့ဆို အလောင်းပိုင်ရှင်တောင် မပေါ်ဘူး၊ အခုကတည်းက နာရေးကူညီမှု အသင်းနဲ့ ဆက်သွယ်ထားရင် အဲဒီပြဿနာတွေအကုန်လုံး ပြေလည်သွား မယ်၊ ငွေကြေးအကုန်အကျလည်း အများကြီးသက်သာမယ်၊ ဘယ်လိုလဲ၊ သဘောကျရဲ့လား"

ပြည့်စုံပြောသမျှကို အမှတ်တမဲ့နှင့် ကြောင်ပြီး ဆုံးအောင်နား ထောင်နေမိသော လူတွေအားလုံး (တင်မောင်ထွေးမှအပ) ရယ်မိသွားကြ သည်။ တင်မောင်ထွေးမှာ ထိုင်နေရာမှ ဒေါသနှင့်ထလိုက်ရာ 'ဗြဲ' ခနဲ မြည်၍ ပုဆိုးသည် သံငုတ်နဲ့ငြိကာ တင်ပါးတည့်တည့်၌ လက်လေးလုံးခန့် ပြဲသွားလေ၏။ အဲဒါကို သူက မသိလိုက်ဘဲ တစ်ကိုယ်လုံးဆတ်ဆတ်တုန် နအောင် ဒေါသတွေထွက်နေသေးသည်။ မင်းဝေသည် စည်သူအောင် ဝင်ပြောမည်စိုး၍ သူ့ကို သတိထား၍ အာရုံစိုက်နေခိုက် ပြည့်စုံက မထင် မှတ်ဘဲ ဝင်တွယ်သွားခဲ့ခြင်းဖြစ်ပါသည်။ ဖြစ်နေသော အခြေအနေပေါ်မူ တည်ပြီး ပြည့်စုံ၏ လျှပ်တစ်ပြက်တုံ့ပြန်နိုင်စွမ်းက တော်တော်ကြီးကို တိုး တက်လာသဖြင့် မင်းဝေက အားရကျေနပ်စွာ ပြုံးလိုက်မိ၏။

ဒါကိုမြင်သွားသော တင်မောင်ထွေးက မင်းဝေကို လက်ညှိုး ထောက်ငေါက်ထိုးရင်း ကြိမ်းသည်။

"အေး. . . မင်းတို့ ငါ့ကိုကောင်းကောင်းလှောင်ထားကြ၊ ငါက တော့ သူငယ်ချင်းတွေဆိုပြီး စေတနာနဲ့ မင်းတို့ကို ငါ့အစ်ကိုနဲ့ ထိပ်တိုက် မဖြစ်ရအောင် ဝင်ပြီးညှိနှိုင်းပေးဖို့လာခဲ့တာ၊ ဒါပေမဲ့ အခု မင်းတို့က ငါ့ကိုရော ငါ့အစ်ကိုနိုင်ငံခြားသင်္ဘောသားကိုပါ စော်ကားတယ်၊ အဲဒီတော့ မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲရှိတော့တာပေါ့"

ကန်တင်းရှိလူတွေအားလုံးက သူတို့ပြောသမျှကို နားစွင့်ထောင်ကြ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



၏၊ တင်မောင်ထွေး၏ အပြုအမူနှင့်အပြောအဆိုများသည် ဘယ်လောက် အမြင်ကတ်စရာကောင်းသနည်းဆိုသော် အမြဲလိုလို ခပ်အေးအေးနေ တတ်သော မြင့်နိုင်ဦးကတောင် သူ့ကိုချဉ်သွားတော့သည်။ မြင့်နိုင်ဦး မျက်နှာက တအံ့တသြနှင့် . . .။

"မင်းကို ကောင်းကောင်းလှောင်ရမယ်၊ ဟုတ်လား . . . တင်မောင် ထွေး၊ ငါတို့ဆီမှာ မင်းလိုအတ္တဘောကြီးအတွက် လှောင်စရာလှောင်အိမ် မရှိဘူး"

စည်သူအောင်က . . .

"ဟာ . . . ဟုတ်ပြီ၊ ငါ့အိမ်မှာ လှောင်အိမ်တစ်ခုတော့ရှိပါတယ်၊ အာနိုး အရမ်းသောင်းကျန်းရင် ထည့်ထားတဲ့လှောင်အိမ်ပေါ့၊ ဒါပေမဲ့ မင်း လှောင်အိမ်ထဲမှာ ငါ့အာနိုးနဲ့ အတူတူနေတဲ့အခါ သူ့ကို အရမ်းအရမ်း မဆက်ဆံနဲ့နော်၊ အာနိုးကိုလည်း ပြန်မကိုက်ရဘူး၊ အလိုက်အထိုက်ပေါင်း ရမယ်"

မြင့်နိုင်ဦးက နားမလည်သဖြင့် စည်သူအောင့်ကိုမေး၏။

"ဟေ့ . . . ငါ့ကိုလည်း ရှင်းစမ်းပါဦးစည်သူရဲ့၊ မင်းအိမ်က အာနိုး ဆိုတာ ဘာလဲဟ . . ."

"ဩော် . . . အာနိုးဆိုတာ ငါ့အိမ်မှာမွေးထားတဲ့ ခွေးမကြီးပေါ့၊ သူက တယ်ရီယာအမျိုးအစား၊ နိုင်ငံခြားကလာတာလေ . . ."

နားထောင်နေသည့် ကန်တင်းမှပရိသတ်များက ဝါးခနဲရယ်လိုက် ကြသည်။ မင်းဝေက အခုထိ လုံးဝမပါဘဲ ငြိမ်နေသေး၏။ ရယ်သံတွေ နည်းနည်းစဲသွားတော့ ပြည့်စုံနှင့်မင်းဝေတို့နှစ်ယောက်မှာ မျက်လုံးချင်း အချက်ပြလိုက်ကြပါသည်။ ပြည့်စုံက စောစောတုန်းကဟာသကို နောက် တစ်ဆင့် အရှိန်မြှင့်တင်ရန် အစပျိုးသောမေးခွန်းတစ်ခုအား မေးလိုက်၏၊

"အဲဒီ တယ်ရီယာခွေးမကြီးကို နိုင်ငံခြားကနေ ဘာနဲ့ခေါ်လာကြာ



လဲဟင်"

ရုတ်တရက်မို့ မြင့်နိုင်ဦးရော စည်သူအောင်ပါ ပြည့်စုံ၏မေးခွန်း ကို ကြောင်သွားပါသည်။ ထိုအခါ မင်းဝေက လူရှင်တော်များနှင့် ပြက်လုံး ကြားသို့ ပါးနပ်စွာကူးဝင်လိုက်လေ၏။ မင်းဝေက စည်သူအောင်ကို တိုင် တည်ဟန်ဖြင့် -

"ဟာ . . . မင်းကလည်း နိုင်ငံခြားက ခေါ်လာပါတယ်ဆိုမှ နိုင်ငံ ခြားသင်္ဘောနဲ့ပေါ့ကွ၊ နော့လေကွာ စည်သူ . . . နော့ . . ."

ဒီနေရာတွင် စည်သူအောင်က သူ့သဘာနှင့် ဝါကိုပြသည်။

"အေးလေကွာ၊ ဒီကောင် ဒါလေးတောင်မသိဘူး၊ မင်းပဲပြောပြ လိုက်စမ်းပါ လူပြက်ရာ . . ."

ပြည့်စုံက နောက်တစ်ခွန်း ထပ်မေးပြန်၏။

"နိုင်ငံခြားသင်္ဘောဆိုတာ ဘယ်သူတွေပါသတုန်းဗျာ . . ."

မင်းဝေက

"ရော် . . . ခက်နေမှပဲ၊ နိုင်ငံခြားသင်္ဘောပါဆိုမှ နိုင်ငံခြားခရီး သည်တွေ၊ နိုင်ငံခြားကုန်ပစ္စည်းတွေ၊ နိုင်ငံခြား သင်္ဘောသားတွေပါတာ ပေါ့ကွ၊ နော့ . . . စည်သူ . . . နော့ . . ."

စည်သူအောင်က

"အဲဒါပြောတာ၊ ဒီကောင် ဘာမှမသိဘူး၊ မင်းပဲပြောပြလိုက်ပါ လူပြက်ရာ . . . ငါ မင်းလက်ကို အပ်ပါတယ်"

ပြည့်စုံက

"နိုင်ငံခြားသင်္ဘောဆိုတာ ငါတို့ဆီရောက်ဖို့ အကြာကြီးစီးရသော လား၊ ဘယ်လောက်တောင် ကြာသလဲ"

မင်းဝေက စည်သူအောင့်ပခုံးကို ပုတ်ရင်းပြောလိုက်၏၊

"ဟာ . . . စည်သူ ဒီကောင်ဟာ ဘာဆိုဘာမှမသိပါလား[illegible]

www.burmeseclassic.com

www.burmeseclassic.com



တော့ကောင် နိုင်ငံခြားသင်္ဘောပါဆိုမှ အကြာကြီးစီးရတာမျိုးကွ၊ ဘယ်လောက်ကြာသလဲဆိုတော့ကာ. . . စည်သူ့အိမ်က အာနိုးဆိုတဲ့ခွေးမကြီးကို နိုင်ငံခြားကနေ ခေါ်လာတုန်းက သင်္ဘောပေါ်စရောက်တဲ့နေ့မှာပဲ နိုင်ငံခြားသင်္ဘောသားတစ်ယောက်နဲ့ ငြိစွန်းပြီး ကိုယ်ဝန်ရသွားတာ၊ ဒီကိုလည်းရောက်ရော အာနိုးဆီက ခွေးတစ်ပိုင်း သင်္ဘောသားတစ်ပိုင်းလေးတွေ ကိုးကောင်တောင်ပေါက်သတဲ့ ကိုယ့်လူရေ၊ ဘယ်လောက်ကြာသလဲဆိုတာတော့ ကိုယ့်ဘာသာကိုယ်သာ မှန်းကြည့်တော့. . . "

မင်းဝေ၏စကားအဆုံးတွင် ပရိသတ်သည် ခုနတုန်းက သူ့အစ်ကို နိုင်ငံခြားသင်္ဘောသားဟု ကျယ်လောင်စွာပြောခဲ့သော တင်မောင်ထွေးအားကြည့်ကာ တဝါးဝါးနှင့်ပွဲကျနေလေသည်။ ပြည့်စုံမှာ မျက်နှာငယ်လေးနှင့် ဟိုကြည့်သည်ကြည့်လုပ်လိုက်၊ ရယ်နေကြသော ကန်တင်းကလူတွေကိုကြည့်လိုက်၊ တစ်ခုခုကိုတွေးပြီး စဉ်းစားဟန်ပြုလိုက်. . . နှင့် ရယ်သံများအား နားအရသာခံနေခဲ့၏။ တင်မောင်ထွေးမှာ သူလုံးဝမထင်မှတ်ထားသည့် ဖြစ်ရပ်မို့ သူတို့ကို ဒီအတိုင်းပဲ ပြူးကြောင်ကြောင်နဲ့ ပြန်ကြည့်နေပါသည်။

ပြည့်စုံမှာ လက်ချိုးရေတွက်ကာ ပါးစပ်ကလည်း ပွစိပွစိတွေကို ရေရွတ်နေ၏။ စည်သူအောင်က ယောင်နနဖြစ်နေသော ပြည့်စုံကို ဗလာစာအုပ်နဲ့ရိုက်ရင်း သူ့ထုံးစံအတိုင်း ဝင်ဟောက်သည်။

"ဟင်. . . ဟေ့ကောင်၊ သိပြီလား၊ ဒီလောက်တောင် ဘာမှမသိတဲ့ကောင်၊ အခုရော သိပြီလား၊ ကဲဟာ. . . "

"သိပါပြီဗျ၊ နာလိုက်တာနော်"

ထိုအချိန်တွင် မြင့်နိုင်ဦးက ပြည့်စုံကို နောက်မှ တစ်ချက်ရိုက်လိုက်၏။

"ဘုန်း. . . "



"အမလေး. . . ဒါကရော ဘာဖြစ်လို့ရိုက်တာတုန်း"

"မမှတ်လို့ရိုက်တာ၊ နားလည်ပြီလား. . . "

ပြည့်စုံက စာအုပ်နဲ့အရိုက်ခံတာကို ပီပြင်စွာ အော်ငိုနေပြန်သည်။

"ဩော်. . . ဟုတ်ကဲ့ပါဗျာ၊ ကျွန်တော်မျိုးကြီး ဦးနှောက်နဲ့ မှတ်ပါ့မယ်. . . ဟီးဟီး. . . အမလေး၊ နာလိုက်တာနော်. . . အဟင့်. . . ဟီးဟီး"

ပြည့်စုံသည် ငိုနေရာမှ ရုတ်တရက်ရပ်လိုက်ပြီး မင်းဝေကို မေးခွန်းတစ်ခု ကောက်ကာငင်ကာ မေးချလိုက်သည်။

"နို့. . . နေပါဦးဗျ၊ ခုနကပြောတဲ့အထဲမှာ ခွေးတစ်ပိုင်း၊ သင်္ဘောသားတစ်ပိုင်းလေးတွေ ကိုးကောင်ပေါက်တယ်လို့ပါတယ်နော်. . . "

မင်းဝေက သူ့မေးခွန်းကို အေးအေးဆေးဆေးပဲ ပြန်ဖြေ၏။

"ဟုတ်တယ်လေ. . . ပါတယ်"

"အဲဒါဆိုရင် အဲဒီခွေးတစ်ပိုင်း၊ သင်္ဘောသားတစ်ပိုင်းဆိုတဲ့ အကောင်တွေ ငါ့ကိုပြ၊ ဟွန်း. . . မပြနိုင်ရင်တော့ အသေပဲ. . . "

ပြည့်စုံက မင်းဝေကို စာအုပ်နဲ့ရိုက်ပစ်မယ်ဆိုသည့် အစီပွါယ်နှင့် အကျီလက်ကိုပင့်ပြီး အသင့်ရွယ်ထားပါသည်။ ကျန်တဲ့နှစ်ယောက်က ပြခိုင်းတာမပြနိုင်သဖြင့် စိတ်ညစ်နေကြပုံရ၏။ မင်းပေတစ်ယောက်ပဲ သက်သာပေါ့ပါးစွာနှင့် လေတောင်ချွန်နေလိုက်သေးသည်။ ပြည့်စုံဆီမှ အသံ ဆက်ထွက်လာ၏။

"ကဲ. . . မင်းပြောတဲ့အကောင် ငါ့ကိုပြလေ. . . ပြ. . . "

"အဲဒီအကောင်မျိုးတွေကို ကြည့်ချင်ရင် ညနေ ကျောင်းဆင်းချိန်ရောက်ရင် ကျောင်းရှေ့မှာကြည့်။ ကားနှစ်စီးပေါ် အပြည့်ပဲ. . . "

ဆေးကျောင်းကန်တင်းကြီးတစ်ခုလုံးမှာ ရယ်သံများအောက်တွင် ငေါ်ချည်း နစ်မြုပ်သွားရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံများကြားမှ ပြည့်စုံက ဝမ်းသာအားရ ထအော်လိုက်ပြန်၏။

"သိတယ်၊ သိတယ်. . . အဲဒီအကောင်တစ်မျိုးဟော့ ငါသိတယ်၊ မြင်လည်းမြင်ဖူးတယ်၊ ဩော်. . . လက်စသတ်တော့ ခွေးတစ်ပိုင်း သဘော်သားတစ်ပိုင်းဆိုတာ အကြီးစားနှာဗူးမျိုးနွယ်စုတွေကို ခေါ်တာကိုး. . ."

"အမလေး တော်လိုက်တာဗျာ၊ မှန်လိုက်တာမှ တန်းနေတာပဲ"

မင်းဝေကပြည့်စုံကို ဗလာစာအုပ်နှင့် နှစ်ချက်တိတိ ရိုက်ချလိုက်၏။

"ကဲကွာ. . . ဘုန်း. . . ဘုန်း. . ."

"ဟာ. . . ဒီတစ်ခါ ငါသိတယ်လေ. . ."

"အေးလေ. . . သိတယ်"

"အဲဒီအကောင်ကို ငါတကယ်လည်း မြင်ဖူးတယ်လေ၊ ငါပြောတာကိုလည်း ခုနက မင်းကိုယ်တိုင်ပဲ 'မှန်တယ်'လို့ ဝန်ခံထားတာ. . . ဒီမှာ လူတွေအကုန်လုံး ကြားတယ်"

"ဟုတ်တယ်လေ၊ မင်းပြောတာတွေက မှန်တာပဲ"

"အဲဒါဆို ငါ့ကို ဘာဖြစ်လို့ ရိုက်ရတာလဲကွာ"

"မှန်လို့ရိုက်တာကွာ. . . ကဲ. . ."

ပြောပြောဆိုဆို မင်းဝေက ပြည့်စုံကို နောက်ဆုံးတစ်ချက်အနေဖြင့် အားကုန်ရိုက်ချပစ်လိုက်လေသည်။ လူတွေဆီမှ ရယ်သံများနှင့် လက်ခုပ်သံများက ရောထွေးကာ တဝေါဝေါနှင့် အုန်းအုန်းထ၍နေ၏။ အခုမှ ရယ်သံများကြောင့်သတိရပြီး အသက်ဝင်လာသော တင်မောင်ထွေးက သူတို့ကို မျက်ထောင့်နီကြီးနှင့် မကျေမနပ်လှမ်းကြည့်ပါသည်။ မင်းဝေတို့က မသိချင်ယောင်ဆောင်ထားလိုက်၏။

သူတို့ကို အားပေးချီးမွမ်းသံများကလည်း ဆူညံလျက်ရှိသည်။



ကျောင်းသားများမှာ ခေတ်အမြင်ရှိသော သူတို့၏အနုပညာကို တလေးတစားနဲ့ နှစ်သက်ကြတာတွေ့ရ၏။ ကျောင်းသူများကတော့ သူတို့အဖွဲ့ကို ရယ်ရသဖြင့် ကြိုက်ကြသည်။ (နောက်တစ်ချက်မှာ ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းချိန်များ၌ အပေါက်ဝမှစောင့်၍ နှောင့်ယှက်ကြသော အောင်သန်းစိုးနဲ့ အပေါင်းအပါများကို နှိပ်ကွပ်လိုက်သည့်အတွက် ဖြစ်၏။)

တာရာနဲ့ပတ်သက်ပြီး သူတို့အဖွဲ့ကို မကြည်လင်သူတချို့နှင့် အောင်သန်းစိုးတို့လူစုအား သတိထားဖို့လိုကြောင်းကို အတွေ့အကြုံများ ဘာပီပီ မြင့်နိုင်ဦးက ပြောပြခဲ့သည်။

မင်းဝေကို အချိန်တော်တော်ကြာအောင် စူးစိုက်ကြည့်နေသော တင်မောင်ထွေးသည် သူတို့ဝိုင်းသို့ တာရာနှင့်ခင်မေအောင်တို့ ရောက်လာခဲ့ချိန်တွင်တော့ သူ့ရဲ့ရှုံးနိမ့်မှုအား သူ ပြန်အမှတ်ရစွာ ချာခနဲလှည့်ထွက်သွားပါ၏။

နဂိုကတည်းက သူ့ကို လူတွေဝိုင်းအာရုံစိုက် ကြည့်နေသည့်ကြားမှ တင်မောင်ထွေး၏အပြုအမူမှာ လူတွေရဲ့အကြည့်များကို ဖိတ်ခေါ်လိုက်သလို ဖြစ်သွားတော့သည်။ ဒါကပင် သူ၏ကံဆိုးခြင်းဖြစ်သွား၏။ စောစောက နံရံနှင့်ကွယ်နေသော တင်မောင်ထွေး၏ အနက်ကွက်စိပ် ကချင်ပုဆိုးအကွဲအောက်ရှိ ဘောလုံးကန် ဘောင်းဘီအနီရောင်ကြီးမှာ ကျောင်းသားကျောင်းသူများစွာရဲ့ရှေ့တွင် ထင်ရှားနေသည်။

"အမလေး. . . ဒုက္ခပါပဲ"

ခင်မေအောင်သည် ထိုသို့မြည်တမ်းရင်း မျက်နှာကို တစ်ဖက်သို့ လှည့်သွားပါ၏။ မြင်ကွင်းက ထမင်းစားပျက်ချင်စရာ မဟုတ်ပါလား။ အခုမှ တိတ်ဆိတ်မည်ကြံရုံရှိသေးသည့် ကန်တင်းကို ရယ်သံများက ပြန်၍ ညည်ဖုံးလွှမ်းသွားပြန်သည်။ တာရာဆိုလျှင် ရယ်ရလွန်း၍ ဗိုက်ကိုပင် နှိပ်ထားရ၏။

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ထွေးမှာ သူ့နောက်မှရယ်သံများကြောင့် တုံ့ခနဲရပ်သွားကာ နောက်ပြန်လှည့်ကြည့်၏။ သူ့မျက်နှာကြီးကိုမြင်တော့ လူတွေက ထပ်ရယ်ကြပါသည်။ သူက စိတ်တိုစွာ တောက်ခေါက်လိုက်တော့လည်း ရယ်ကြ၏၊ သူလှည့်ထွက်သွားတော့လည်း ဘောင်းဘီအနီရောင်ကြီးက ပုဆိုးအပြဲကြားမှ ပြန်ပေါ်လာသဖြင့် ရယ်ကြ၏။

ဒါမှမဟုတ်သေးလျှင် ခပ်စောစောက သူတို့အဖွဲ့၏ ပြက်လုံးများအကြောင်း ပြန်ပြောကာရယ်ကြ၏။ ဒီလိုနှင့် အားလုံးမှာ ရယ်လို့မဆုံးနိုင်အောင် ဖြစ်နေရရှာသည်။

ထိုနေ့က တာရာ့ရယ်သံများသည် သူ့နှလုံးသားနှင့် အနီးဆုံးနေရာ၌ ရှိနေခဲ့လေသည်။

❑

## အခန်း (၅)

အညိုရောင်မိုးဥတု၏ နောက်ပိုင်းရက်စွဲများသည် သူတို့နှစ်ဦးကြားတွင် စွဲမက်စရာ နူးညံ့မှုတွေဖြစ်နေခဲ့သည်၊ လှပသော အမှတ်တရများအဖြစ် စာရေးဆရာ တာရာမင်းဝေ၏စာအုပ်တွေကို လက်မှတ်ထိုးပြီး သူတို့က တစ်လလျှင်တစ်အုပ်ကျ အပြန်အလှန် လက်ဆောင်ပေးကြ၏။ ထူးခြားချက်မှာ ကြိုတင်ညှိနှိုင်းမထားဘဲ မင်းဝေပေးသောစာအုပ်နှင့် သူမပေးသောစာအုပ်သည် အမြဲတူညီနေခြင်း ဖြစ်သည်။

စာရေးဆရာ တာရာမင်းဝေ၏ ထွက်ရှိပြီးစာအုပ်များမှာ အနည်းဆုံး အုပ်သုံးဆယ်ကျော်ကျော်ရှိသော်လည်း သူတို့နှစ်ယောက်ရဲ့ နှလုံးသားတွေက တိုက်ဆိုင်လွန်းလှ၏။ ပထမတစ်အုပ်နှစ်အုပ် တူနေခဲ့တာကို အမှတ်တမဲ့ ရယ်မောမိခဲ့သောသူတို့သည် သုံးအုပ်လေးအုပ်အထိ ပြုံလာဘဲ့အခါ၌ ရင်ဘတ်ချင်း ဒီလောက်နီးစပ်နေသည့်အဖြစ်အား ဝန်မခံနိုင်မရတော့ပေ။ သူတို့နှစ်ယောက်၏စာအုပ်လဲသောရက်မှာ လတစ်လရဲ့

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအပတ် သောကြာနေ့တွင် ဖြစ်ပါသည်။

ပထမတော့ စာအုပ်လဲလှယ်သည့်ကိစ္စသည် သူတို့နှစ်ဦး၏ လျှို့ဝှက်ချက်တစ်ခုလည်း ဖြစ်၏။ နောက်တော့ ပြည့်စုံက ဒီအကြောင်းကို စရိပ်မိသွားခဲ့သည်။ ခင်မေအောင်ကလည်း မင်းဝေလက်မှတ်ထိုးပေးထားသော တာရာမင်းဝေ၏ စာအုပ်တစ်အုပ်ကို တာရာ့ဆီမှာတွေ့ပြီး မသင်္ကာဖြစ်နေမိသည်။

သူငယ်ချင်းများအားလုံး တိုင်ပင်လိုက်ကြပြီးနောက် သူတို့နှစ်ယောက်ကို တစ်နေရာစီခွဲ၍ ဝိုင်းဝန်းစစ်ဆေးကြပါ၏။ ဒီလိုနှင့် နောက်ဆုံးတွင် စာအုပ်လဲသည့်ကိစ္စကို သူတို့ ဝန်ခံလိုက်ရလေသည်။

ထိုအချိန်မှစ၍ မင်းဝေနှင့်တာရာကို သူငယ်ချင်းများက အတွဲတစ်တွဲအဖြစ် သဘောထားကာ စနောက်ကြတော့သည်။

သူတို့အားလုံးမှာ စာအုပ်လဲလှယ်သည့်ကိစ္စကို အခွင့်ကြုံတိုင်း မင်းဝေနှင့်တာရာတို့ကို ရှက်အောင် လိုက်စတတ်ကြ၏။ အထူးသဖြင့် ပြည့်စုံနှင့်စည်သူအောင်တို့ နှစ်ယောက်က အဆိုးဆုံးဖြစ်သည်။ အခုလည်း သူတို့နှစ်ယောက်သည် တာရာ့ကို အရမ်းလိုက်နောက်နေ၏။

"ကဲ. . . ပြည့်စုံနဲ့စည်သူ၊ မင်းတို့လိုက်နောက်နေတာ တော်လောက်ပြီ၊ ဟိုမှာ တာရာ အရမ်းရှက်နေပြီကွ. . ."

မင်းဝေ၏စကားကို သိပ်နားမထောင်ချင်သော ပြည့်စုံနှင့်စည်သူအောင်တို့ကို ခင်မေအောင်ကပါ ဝင်ပြောလိုက်သဖြင့် ငြိမ်ကျသွား၏။

"နင်တို့တွေနော်၊ တော်တော့. . . နင်တို့ကစပြီး အဲဒီလိုလိုက်နောက်နေရင် တခြားလူတွေ နောက်တဲ့အခါ ပြောရဆိုရ ခက်သွားလိမ့်မယ်"

ခင်မေအောင့်စကားက မှန်နေပြီး ယုတ္တိလည်းရှိသဖြင့် ဟိုနှစ်ယောက်လုံး တိတ်ဆိတ်သွားပါသည်။ ဒီတော့မှ တာရာလည်း ခေါင်းပြန်



မော့လာ၏။ ပြန်၍ ပေါ်ပေါ်ပါးပါးဖြစ်လာသော တာရာ့မျက်နှာလေးသည် ရှက်သွေးများမစင်သေးဘဲ ပန်းရောင်သန်းနေ၏။ မင်းဝေက သူမ၏ မျက်နှာလေးကို မြတ်နိုးစွာလိုက်ကြည့်နေခဲ့ပါသည်။

ရုတ်တရက် အခိုက်အတန့်အတွင်း တာရာ၏ကြည်နူးပျော်ရွှင်နေသည့်မျက်နှာလေးမှာ ဆန့်ကျင်ဘက်အဖြစ် မည်းမှောင်ကျသွား၏။ သူမကြည့်ရာဆီသို့ သူတို့အားလုံး လှမ်းကြည့်လိုက်တော့ ကျောင်းကန်တင်းထဲကို အောင်သန်းစိုးနှင့် တင်မောင်ထွေးတို့က ခေါင်းဆောင်လုပ်ကာ ဝင်ရောက်လာကြတာ တွေ့ရနိုင်သည်။ သူတို့နှစ်ယောက်အပါအဝင် စုစုပေါင်း (၁၀)ယောက်တိတိ ရှိ၏။

အောင်သန်းစိုးက သူတို့စားပွဲရှိ ခုံအလွတ်တစ်လုံးမှာ ခွင့်မတောင်းဘဲ ဝင်ထိုင်ချလိုက်သည်။ ကျန်လူတွေက သူတို့စားပွဲကို ဝိုင်းထားကြ၏။ မင်းဝေတို့လေးယောက်သည် တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်း အချက်ပြလိုက်ပြီး သွေးအေးစွာ ဆက်ထိုင်နေလေသည်။ တခြားဝိုင်းများမှလည်း သူတို့ကို လှမ်းကြည့်နေကြ၏။

တာရာနှင့်ခင်မေအောင်တို့က ယောကျာ်းလေးများ ရန်ဖြစ်သည့်အတွေ့အကြုံ လုံးဝမရှိတာမို့ စိုးရိမ်နေကြ၏။ ဒါကိုတော့ အလိုက်သိစွာ အောင်သန်းစိုးက ပြောသည်။

"တာရာတို့ ခဏလောက်ရှောင်ပေးပါလား၊ ကိုယ်တို့ယောကျာ်းလေးအချင်းချင်း ရှင်းစရာ ကိစ္စတစ်ခုရှိလို့. . ."

မင်းဝေနှင့်တာရာ အကြည့်ချင်း ဖျတ်ခနဲဆုံမိကြ၏၊ သူမက မင်းဝေရဲ့သဘောထားကို သိချင်နေဟန်တူသည်။ မင်းဝေက . . .

"ဟုတ်တယ် တာရာ၊ နင် ခဏလောက်ရှောင်ပေးပါ. . ."

"မသွားပါဘူး၊ ငါသွား. . .ဘာနဲ့ နင်တို့ ချက်ချင်းရန်ဖြစ်ကြမှာ ငါသိဘယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို စိုးရိမ်မနေစမ်းပါနဲ့၊ နင်သာ ခဏလေးရှောင်ပေး. . ."

"အဲဒါဆို နင် အခု ရန်မဖြစ်ပါဘူးလို့ ငါ့ကို ကတိပေးမလား"

"အေးပါ. . . စိတ်ချ၊ ငါအခု ရန်မဖြစ်ဘူး"

ထိတ်လန့်နေသော ခင်မေအောင်ကလည်း တာရာ့ကို ထိုနေရာမှ အတင်းခေါ် ထုတ်နေ၏။

"လာပါ တာရာရယ်. . . ငါတို့ ရှောင်ပေးလိုက်ရအောင်ပါ. . . ဟိုမှာ လှူပြုက်ကလည်း ရန်မဖြစ်ပါဘူးလို့ ကတိပေးနေပြီပဲ၊ လာ. . . အတန်းထဲ သွားကြမယ်"

တာရာက မင်းဝေကို သေချာအောင် ထပ်မေးပြန်၏။

"တကယ် ရန်မဖြစ်ဘူးနော်. . . လှူပြုက်. . ."

"တကယ်ပါဆို. . ."

မင်းဝေဆီမှ ထပ်မံကတိရမှ တာရာက အဲဒီနေရာမှ သွားဖို့ ပြင်ဆင်သည်။ အောင်သန်းစိုးနှင့် တင်မောင်ထွေးတို့နှစ်ယောက်မှာ အဖြစ်သည်းပြနေသော မင်းဝေနဲ့တာရာတို့၏ ဆက်ဆံရေးကြောင့် အတော်အောင့်သက်သက်ဖြစ်နေကြ၏။ ခဏကြာတော့ တာရာနှင့်ခင်မေအောင်တို့က စာသင်ခန်းများရှိရာဘက်သို့ ထွက်ခွာသွားပါသည်။ သို့သော် ကန်တင်းရှိ တခြားဝိုင်းက ကျောင်းသားတွေကတော့ သူတို့ကို စူးစမ်းကြည့်လျက် ရှိသည်။

"ဒီမှာ ဟေ့ကောင်၊ မင်းတို့ တစ်နေ့တုန်းက ငါ့ကို ခွေးနဲ့ညားတယ်လို့ပြောတယ်ဆို. . .၊ ပြီးတော့ ငါ့ညီကိုလည်း ဝိုင်းအနိုင်ကျင့်လွှတ်လိုက်တယ်တဲ့၊ အဲဒါ ဟုတ်လား. . ."

အောင်သန်းစိုးက စစချင်း မင်းဝေကို လေသံမာမာနှင့် ငေါက်ငမ်းကာမေးလိုက်၏။ မင်းဝေက သူ့မေးခွန်းကို မထေမဲ့မြင်နဲ့ မကြားသလိုဟန်ဆောင်ပြီး . . .



"ဘာ. . . ဘာ. . . ဘာပြောတယ်"

အမှန်ဆို အောင်သန်းစိုး၏လေသံမှာ ကန်တင်းရှိ လူတွေအကုန်လုံး ကြားနိုင်လောက်ပါသည်။ မင်းဝေ၏အိုက်တင်ကြောင့် အောင်သန်းစိုးက အူကြောင်ကြောင်ဖြစ်သွားကာ လေသံကိုမြှင့်၍ ထပ်ပြောပြန်သည်။

"မင်းတို့ ငါ့ကို ခွေးနဲ့ညားတယ်လို့ပြောတယ်ဆို. . ."

"ဩော်. . . မင်းက ခွေးနဲ့ညားတယ်၊ ဟုတ်လား"

အောင်သန်းစိုးက အမှတ်တမဲ့ ခေါင်းညိတ်ပြလိုက်၏၊ ပြီးမှ သူက ခေါင်းကို အမြန်ပြန်ခါသည်။ ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်လုပ်နေသော သူ့ကို စည်သူအောင်တို့၊ ပြည့်စုံတို့က သဘောကျစွာ ဝိုင်းရယ်လိုက်မိကြသည်။

ဆရာဖြစ်သူ အရှုံးလုပ်ခံလိုက်ရ၍ သူတို့တစ်ဖွဲ့လုံး ရှုံ့ရှုံ့ရွဲ့ရွဲ့တွေ ဖြစ်ကုန်၏။ တင်မောင်ထွေးက အဆိုးဆုံး. . .။ အောင်သန်းစိုးက ရှက်ပြီး ဒေါသတကြီးထအော်သည်။

"ဟေ့ကောင်. . . မင်းက ရန်စတာလား"

ဒီတော့မှ မြင့်နိုင်ဦးက အကြီးပိပိ အခြေအနေကို ဝင်ထိန်းပေး၏။

"မဟုတ်ပါဘူးကွာ၊ ဒီကောင်က နားသိပ်မကောင်းလို့ပါ"

မင်းဝေကလည်း မြင့်နိုင်ဦးစကားနှင့်ညီအောင် အနီးရှိပြည့်စုံကို "ဘာပြောနေတာလဲ" ဟု မေးသည်။ ပြည့်စုံက မင်းဝေနားမှာကပ်ကာ အကျယ်ကြီးအော်ပြော၏။

"မင်းနားလေးတဲ့အကြောင်းကို ရှင်းပြနေတာ. . . သိပြီလား"

သူတို့၏သရုပ်ဆောင်မှုမှာ ပီပြင်လှသည်။ တွဲလာတာကြာပြီမို့ ဘယ်ယောက်က ဘယ်လိုစလိုက်လျှင် နောက်တစ်ယောက်က ဘယ်လိုဆက်လုပ်ရမည်ကို သူတို့သိပြီသား. . .။ အောင်သန်းစိုးက အံကြိတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်ယုံရမလိုဖြစ်နေ၏။

"ဩော်. . . ဟုတ်လိမ့်မယ်၊ အဲဒါကြောင့် ဟိုတစ်နေ့က ဒီကောင့်ကို ကောက်ရိုးပုံစောင့်တဲ့ခွေးလို့ပြောတာ မကြားတာပဲ၊ လက်စသတ်တော့ ဒီကောင်က နားလေးကိုး. . ."

ထိုအခါ အကြောင်းသိဖြစ်သော တင်မောင်ထွေးက သူ့အစ်ကို၏စကားကို အတင်းဝင်ငြင်းပါသည်။

"ဘယ်ကဟုတ်ရမှာလဲ၊ အဲဒါ ကိုအောင့်ကို ညာနေတာ"

မြင့်နိုင်ဦးက . . .

"မဟုတ်ဘူးကွ၊ ဒီကောင် တကယ်နားလေးနေတာ တင်မောင်ထွေး၊ မင်းဘာသိလို့လဲ"

"နေစမ်းပါဦး၊ လူပြက်နဲ့ငါလည်း ပေါင်းခဲ့ဖူးပါတယ်၊ အရင်တုန်းက အကောင်းကြီးပဲ၊ ဘယ်တုန်းက နားလေးသွားရတာလဲ"

"အဲဒါပြောတာ၊ မင်းက သိမှမသိလိုက်ဘဲကိုး၊ ပြီးခဲ့တဲ့တစ်လလောက်တုန်းကမှ ဒီကောင် ရေချိုးခန်းထဲမှာလဲပြီး နားစည်နဲ့အုတ်ပေါင်ခိုက်မိသွားတယ်လေ၊ အဲဒါနဲ့ အခုလိုဖြစ်သွားရတာပဲ.တင်မောင်ထွေးရာ"

တင်မောင်ထွေးက အခါခါခံခဲ့ရဖူးသူမို့ ဒီလောက်တော့ နပ်နေလေပြီ။ မြင့်နိုင်ဦးပြောတာတွေကို လုံးဝမယုံပေ။

"လုပ်မနေစမ်းပါနဲ့၊ ဟိုတစ်နေ့က ငါ့ကို အရှက်ခွဲလိုက်တုန်းကကျတော့ ဒီကောင့်နားက ပါးလုပ်နေတာပဲ၊ မင်းတို့တွေ အပြန်အလှန်အတိုင်းအဖောက်ညီနေလိုက်တာ၊ အခုမှ ဘာနားလေးသွားရတာလဲ"

ပြည့်စုံက ဝင်ပြောပြန်၏။

"ဟိုတစ်နေ့တုန်းက မင်းနဲ့စကားပြောတာ ငါနဲ့စည်သူလေကွာ၊ လူပြက်က သူ့ဘာသာသူ ထိုင်နေတဲ့ဥစ္စာ၊ မင်းကလည်း သေချာပြန်စဉ်းစားပါဦး"



ထိုအခါ စည်သူအောင်ကပါ ပြောင်ကြီးဝင်ငြင်းရလေတော့၏။

"အေးလေ. . . ဟုတ်သားပဲ တင်မောင်ထွေးရာ၊ မင်းနဲ့ စကားပြောတာ ငါ၊ လူပြက်မှ မဟုတ်ဘဲ"

အောင်သန်းစိုးတို့လူစုက တင်မောင်ထွေးကို မယုံသင်္ကာဖြစ်လာပြီး ဝိုင်းကြည့်နေကြ၏။ သူ့ညီ၏စကားကို အောင်သန်းစိုးကိုယ်တိုင်လည်း သိပ်မယုံချေ။ ပေါ်တင်ကြီး ဝိုင်းငြင်းနေကြသဖြင့် တင်မောင်ထွေးမှာ ဒေါသထွက်နေသည်။ သူတို့လေးယောက်၏ ပါးနပ်စွာအကြောင်းရိုက်မှုကြောင့်ရော၊ ဟို အောင်သန်းစိုးတို့လူစု၏ ထုံထိုင်းယောင်နမှုကြောင့်ရော . . . သူတို့ရဲ့ မူလဦးတည်ချက်မှာ လမ်းချော်သွားပြီး မင်းဝေ နားတကယ်လေးမလေးကို ငြင်းခုန်နေမိကြ၏။

အောင်သန်းစိုးမှာ ငြင်းခုန်သံများကြားတွင် စိတ်ရှုပ်လာပုံရသည်။ ပြည့်စုံနှင့်တင်မောင်ထွေးတို့နှစ်ယောက်၏ အသံတွေ အပြန်ပြန် အလှန်လှန်ဖြစ်နေရာမှ သူက ထအော်ပစ်လိုက်၏။

"ကဲ. . . တော်ပြီကွာ၊ နှစ်ယောက်စလုံး တိတ်ကြစမ်း"

သူ့စကားသံကြောင့် နှစ်ယောက်စလုံး ပါးစပ်ပိတ်သွားကြသည်။ အောင်သန်းစိုးက ဒီတော့မှ သူ့စကားကို ဆက်၏။

"မင်းတို့ ဟိုကိစ္စကို မပြောဘူးဘဲထားလိုက်ပါတော့"

မင်းဝေကအရေးထဲမှာ တစ်ချက်ဝင်လုပ်ထည့်လိုက်သေး၏။

"ဘာ. . . ဘာ. . . ဘယ်လို . ."

ပြည့်စုံက မင်းဝေကို အသံကျယ်ကျယ်နှင့် ငေါက်သည်။

"နောက်မှ မင်းကိုပြန်ပြောပြမယ်၊ မင်း ဝင်မေးရင် ဒီမှာ လိုင်းကိုရောက်မှ မဟုတ်တော့ဘူး၊ ကြားလား. . ."

ထိုအခါ မင်းဝေက မျက်နှာငယ်လေးနဲ့ ခေါင်းညိတ်ပြသည်။ အောင်သန်းစိုးမှာ မင်းဝေကို စိတ်ပျက်လက်ပျက်ဖြစ်နေလေတော့ [illegible] သူ

www.burmeseclassic.com

www.burmeseclassic.com



တ ဆက်ပြောပြန်သည်။

"ငါ့ အမိကပြောချင်တာကတော့ ဒီကောင်ရော၊ မင်းတို့အားလုံး ပါ တာရာ့နားမှာကပ်နေတာကို ငါမမြင်ချင်ဘူး၊ ဒါပဲ. . . "

မြင့်နိုင်ဦးက အေးအေးဆေးဆေးပဲ ပြန်ပြောလိုက်ပါသည်။

"ဒါကတော့ကွာ ငါတို့က တာရာ့ကို သူငယ်ချင်းတစ်ယောက်လို ပဲ ပေါင်းတာပါ၊ သူက ငါတို့ကိုခင်လို့ လာတာဆိုတော့ ငါတို့က ဘယ်နှ လွှတ်လို့ကောင်းမလဲကွ၊ ဟုတ်တယ်မှတ်လား၊ တကယ်ဆို မင်းက တာရာ ကို သူငယ်ချင်းတွေဖြစ်တဲ့ ငါတို့နဲ့ သဝန်မတိုသင့်ဘူး၊ သူ့ကို လိုက်နေ ကောင်မျိုးတွေကိုသာ သဝန်တိုရမှာ. . . ၊ ဥပမာ. . . တင်မောင်ထွေး သူဆိုရင် တာရာ့ကို အသည်းအသန်လိုက်တာ တစ်ကျောင်းလုံးသိတယ် မင်း မယုံရင် တာရာ့ကို သွားမေးကြည့်ပါလား"

မြင့်နိုင်ဦး၏ ရုတ်တရက် စကားထိုးစစ်ကို အငိုက်မိသွားသော တင်မောင်ထွေးမှာ အထိတ်တလန့်ဖြစ်သွား၏။ အောင်သန်းစိုးဆီမှ ဒေါသ တကြီးအကြည့်များက တင်မောင်ထွေးဆီ လှစ်ခနဲရောက်လာသည်။

"ဟေ့ကောင်. . . မောင်ထွေး၊ ဟုတ်လား. . . "

သူ့ခမျာ မဟုတ်ဘူးဟု ငြင်းလည်းမငြင်းရဲ၊ အောင်သန်းစိုးက တာရာ့ကိုသွားမေးကြည့်လျှင် ပိုဆိုးသွားမည်မဟုတ်ပါလား။ တင်မောင် ထွေးက အထစ်ထစ်အငေါ့ငေါ့ဖြစ်နေ၏။

"ဟုတ်. . . ဟုတ်. . . ဟုတ်. . . ဟုတ်တော့ဟုတ်ပါတယ်"

အောင်သန်းစိုးသည် တင်မောင်ထွေးစကား ဆုံးသွားတာနှင့် ဖုန်း ခနဲ နားရင်းကိုအုပ်ချပစ်လိုက်သည်။ ပြီးတော့ ငိုသံပါကြီးနဲ့ တင်မောင် ထွေးကို ပြောလေသည်။

"မင်းကွာ. . . လုပ်ရက်တယ်မောင်ထွေးရာ၊ လူယုံသတ်လို့ တယ်ဆိုတာ ဒါမျိုးပေါ့ကွ၊ အခုတော့ တာတာလေးက ငါ့ကို ဘယ်လိုထ



လဲ၊ ညီရော၊ အစ်ကိုရောဆိုတော့ ဟိုက ဘယ်ကြည်ဖြူပါတော့မလဲ၊ အမှန်ဆို တာတာလေးက ငါ့ကို ဒီလောက်အထိ ခါးခါးသီးသီးဖြစ်စရာ မရှိဘူး၊ အခုတော့ မင်းကြောင့်၊ မင်းကြောင့်. . . ဟီးဟီး. . . ဟီး. . . "

အောင်သန်းစိုးသည် ပြောရင်းမှ ဝမ်းနည်းကြေကွဲစွာ ငိုလိုက်၊ ညီတော်မောင်တင်မောင်ထွေးအား နားရင်းရိုက်လိုက်လုပ်နေသည်။ ခင်ဝေတို့လေးယောက်မှာ ကိုယ့်ရှုကိုယ်ပတ်ဖြစ်နေသော တင်မောင်ထွေး ကို ပြုံးပြုံးကြီးအရသာခံ၍ ကြည့်နေမိ၏။

ညီအစ်ကိုနှစ်ယောက်၏ ငိုလိုက်၊ အသည်းကွဲလိုက်၊ နားရင်းအုပ် လိုက်၊ အော်လိုက်ဖြစ်နေပုံကို ကန်တင်းရှိ ပရိသတ်များက တဝါးဝါးရယ် မောနေခဲ့ကြသည်။ နောက်တော့ အောင်သန်းစိုး၏ နောက်လိုက်တပည့် များက အမြင်မတော်လွန်း၍ ဝင်ဆွဲသဖြင့် ထိုပြဿနာမှာ ယာယီပြီးဆုံး သွားရ၏။ သူတို့လေးယောက်က လက်ဖက်ရည်ခွက်များဖြင့် ချီးယားလုပ် ကာ အောင်ပွဲခံလိုက်ကြ၏။ ဒီအကြောင်းတွေကို တာရာ့အားပြောပြရန် သူတို့လေးယောက်သား အတန်းထဲကိုလိုက်သွားချိန်၌ တာရာကမရှိတော့။ ခင်မေအောင်၏ပြောပြချက်အရ တာရာ့အမေ နေမကောင်းဖြစ်သော ကြောင့် သူမအဖေကိုယ်တိုင် လာခေါ်သွားသည်ဟုသိရ၏။ တာရာမရှိ သော်လည်း ခင်မေအောင်ကတော့ မြင့်နိုင်ဦး၏ လုပ်ကွက်နှင့်သမ္မာကို တဟားဟားရယ်ရင်း ချီးမွမ်းနေခဲ့ပါသည်။ သူတို့အားလုံးသည်လည်း အဖြစ်အပျက်တွေကိုပြန်နွှေးကာ စားမြုံ့ပြန်ပြီး ဝိုင်းရယ်ဖြစ်ကြ၏။ အချိန် ကာ တဖြည်းဖြည်း ကျောင်းဆင်းချိန်ကို နီးကပ်လာခဲ့တော့သည်။

●

ထိုနေ့က ညနေကျောင်းဆင်းချိန်၌ ကျောင်းဝင်းအပြင်သို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ သူတို့လေးယောက်မှာ ပြီးဆုံးသွားခဲ့ပြီဟုထင်ခဲ့သည့် နေ့လယ်တုန်းကဇာတ်လမ်းကို အခန်းဆက်ကြရပါသည်။ မြင့်နိုင်ဦး၏စနက်ဖြင့် ပြဿနာဖြစ်ခဲ့ကြသော ညီအစ်ကိုနှစ်ယောက်သည် ဘယ်လိုကဘယ်လို ပြန်လည်ညီညွတ်ရေး ရသွားသည်မသိ. . .။ သူတို့လေးယောက်၏ရှေ့မှာ နောက်လိုက်နောက်ပါများကိုဦးဆောင်၍ လမ်းပိတ်ထားကြသည်။

ဒီတစ်ခါတော့ နေ့လယ်တုန်းကလို ဒွေးခဲ့ပြီးရန်တိုက်ပေးရန် မလွယ်လှတော့ကြောင်း မင်းဝေ စဉ်းစားမိသွား၏။ သူက ခပ်ထွေထွေလေး ပြုံးလိုက်သည်။ သူတို့ဘက်က စုစုပေါင်းဆယ်ယောက်. . .။ ကိုယ့်ဘက်က လေးယောက်. . .။

မင်းဝေတို့အတွက် ဒါလောက်ကတော့ ဘာမှမှုစရာအကြောင်း မရှိမှေး။ ကျန်သုံးယောက်ကလည်း မင်းဝေနားလည်သလို နားလည်ထားပြီး ဖြစ်ပါသည်။ မြင့်နိုင်ဦးက တွေ့တွေ့ချင်း အောင်သန်းစိုးကို စကားရော ဖြောသောဝင်လုပ်သည်။

"ဟာ. . . ဘယ်လိုလဲကွ၊ ညီအစ်ကိုတွေ ပြန်သင့်မြတ်သွားကြပြီလား"

အောင်သန်းစိုးက

"အေး. . . သင့်မြတ်သွားကြပြီ၊ သင့်မြတ်လွန်းလို့မှ နေ့လယ်တုန်းက ငါတို့ညီအစ်ကို မလိမ့်တပတ်နဲ့ ရန်တိုက်ပေးသွားခဲ့တဲ့ကောင်ကိုရော နားလေးသလိုလိုဘာလိုလိုနဲ့ ရှုချင်ယောင်ဆောင်ခဲ့တဲ့ကောင်ကိုရော သူတို့ရဲ့ကြံရာပါ နှစ်ကောင်ကိုရော ပူးပေါင်းပြီးနှိပ်ကွပ်ကြမလို့. . ."

ထိုစကားကြောင့် မင်းဝေက ဟက်ခနဲ တစ်ချက်ရယ်လိုက်၏ ပြီးတော့ သူက . . .

"ဘယ်သူမှ နားမလေးဘူး၊ မင်းတို့သာ ဦးနှောက်မရှိလို့ သူများပြောသမျှလျှောက်ယုံပြီး ရန်ဖြစ်ကုန်ကြတာ၊ နေ့လယ်က မင်းတို့ရှေ့မှာ



တင်ပဲ ငါနဲ့တာရာ စကားတွေပြောနေတဲ့ဥစ္စာ၊ ငါနားလေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

မင်းဝေ၏စကားအဆုံးတွင် ပြည့်စုံနှင့် စည်သူအောင်တို့နှစ်ယောက်က Acid အဖွဲ့ရဲ့ 'ဦးနှောက်မှမရှိတာကို' ဆိုသည့် သီချင်းစာသားအား သံပြိုင်ရေရွတ်နေကြပါသည်။ အောင်သန်းစိုးက မင်းဝေကို ဒေါသကြီးစွာ ထအော်၏။

"ဟေ့ကောင်၊ ငါအဲဒါကိုမေ့သွားလို့ကွ၊ ငါ့ကို အဲဒီကိစ္စ ပြန်အစ မဖော်နဲ့နော်၊ ကိုယ့်ကိုယ်ကို ဒေါသထွက်လွန်းလို့. . . ဟွန်း. . ."

မင်းဝေက သွက်လက်စွာ ဝင်ပြောလိုက်ပြန်သည်။

"ဟော. . . ကြည့်၊ မေ့သွားလို့တဲ့၊ ဆယ်မိနစ်သာသာလောက်ပဲ ရှိသေးတဲ့ကိစ္စကို မေ့သွားရသတဲ့၊ ဒီကောင့်ဦးနှောက်က တော်တော်အခြေအနေဆိုးနေပြီပဲ"

ပြည့်စုံက

"သြော်. . . လူပြက်ကလည်း သဘောပေါ်မှာ သံချေးခေါက်ရင်း ကိုယ့်ခေါင်းကိုယ် ခေါက်မိထားတာလားမှမသိတာ. . ."

"ဘာကွ. . . စကားပြောတာကြည့်ပြောနော်၊ မင်းတို့လို ယောက်ျားချင်းမယှဉ်ရဲလို့ မိန်းမလျှာညာဏ်နဲ့ လျှောက်ပြောတဲ့ကောင်မျိုး မဟုတ်ဘူး၊ သိလား. . ."

မင်းဝေသည် ထိုစကားကြောင့် အောင်သန်းစိုးဆီသို့ စူးခနဲ တစ်ချက်ကြည့်ပြီး ပြောလိုက်ပါ၏။

"နေ့လည်တုန်းက ကျောင်းကန်တင်းမှာ မင်းတို့လို ခွေးရူးတွေနဲ့ မက်ဖြစ်ရင် ငါတို့ပဲ ကျောင်းထုတ်ခံရမှာပေါ့ကွ၊ မင်းတို့ကို ကြောက်လို့များ ထင်နေလား"

သူ့စကားကြောင့် အောင်သန်းစိုး၏မျက်နှာ ရဲခနဲဖြစ်သွားသည်၊

www.burmeseclassic.com

www.burmeseclassic.com



အောင်သန်းစိုးမှာ ဒေါသတွေ ငယ်ထိပ်ရောက်သွားလေပြီ။ သူက ရှေ့တည့်တည့်ရှိ မင်းဝေကို ဇွတ်ထိုးချလိုက်၏။ ဒါမျိုးကို မင်းဝေက ကြိုတင်မျှော်လင့်ထားပြီးသားမို့ အသာရှောင်ကာ လက်ပြန်တစ်ချက် ရိုက်ပစ်လိုက်ပါသည်။

"ဖြောင်း. . . "

"အား. . . "

အောင်သန်းစိုးထိသွားတော့ ကျန်လူတွေကလည်း သူတို့လေးယောက်ကို ဝင်ရောက်တိုက်ခိုက်ကြလေ၏။ လေးယောက်နှင့် ဆယ်ယောက်မို့ ခဏလောက်တော့ သူတို့ ခံစစ်ဖြစ်နေရသည်။ ဒါပေမဲ့ သိပ်မကြာခင်မှာပင် သူတို့၏ရဲဝံ့ညီညွတ်သောစိတ်ဓါတ်နှင့် သူရသတ္တိကို ဝိတ်ပေါ်အီးဘောလောဆယ်ကောင် ဘယ်လိုမှမယှဉ်သာတော့. . .။

သူတို့ကိုလည်း ကျောင်းစာတစ်မျိုးပဲသိသည့် ရွှေပေါ်မြတင်ဆေးကျောင်းသားတွေမဟုတ်မှန်း အောင်သန်းစိုးတို့လူစု ကောင်းကောင်း နားလည်သွားကြပါသည်။ ထိုနေ့က ရန်ပွဲကိုနိဂုံးချုပ်တော့ မင်းဝေ၏ညာဘက်လက်ကောက်ဝတ်မှာ တော်တော်လေးနာသွား၏။ ပြည့်စုံနှင့်မြင့်နိုင်ဦးက ခေါင်းနှင့်မျက်နှာမှာ ဖူးယောင်နေပြီး စည်သူအောင်တစ်ယောက်က ခါးနာသွားပါ၏။ တင်မောင်ထွေးကတော့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ အောင်သန်းစိုးတို့အုပ်စုလည်း တော်တော်ခံလိုက်ရလေသည်။ ကံကောင်းတာက သူတို့ရန်ပွဲမှာ တုတ်၊ ဓါး. . . အစရှိသော လက်နက်တွေ ပါမလာခြင်းပင်ဖြစ်၏။

သူတို့လေးယောက်သည် ထုံးစံအတိုင်း ဒဏ်ရာကိုယ်စီဖြင့် ကိုယ့်အိမ်ကိုယ် ပြန်လာခဲ့ကြ၏။ လူငယ်ဆိုတာ ကိုယ့်ဒဏ်ရာကိုယ် ယှဉ်ကျေးလာအောင် မွေးမြူတတ်ကြသူများလည်းဖြစ်ပါသည်။

❑



## အခန်း (၆)

နောက်တစ်နေ့မနက် ကျောင်းတက်ချိန်တွင် မင်းဝေတစ်ယောက်မှအပ ကျန်သူငယ်ချင်းများအားလုံး စုံညီစွာ ကျောင်းကိုလာကြပါသည်။ တာရာသည် သူမစကားကိုနားမထောင်ဘဲ အောင်သန်းစိုးတို့အုပ်စုနှင့် ရန်ဖြစ်ခဲ့ကြသောကြောင့် သူတို့လေးယောက်ကို အကြီးအကျယ်စိတ်ဆိုးနေ၏၊ အဲထူးသဖြင့် မင်းဝေကို သူမ ပို၍စိတ်တိုသည်။ ဒီလောက် သေချာမှာနေသည့်ကြားမှ သူမကိုပေးထားသော ကတိအားဖျက်ကာ ရန်ဖြစ်ခဲ့ခြင်းသည် အဆိုးရွားဆုံးဖြစ်၏။

အားလုံးမှာ တာရာဒေါသထွက်နေသဖြင့် ငြိမ်သက်နေကြသည်။ ဘယ်တော့မှ အတန်းဖျက်လေ့မရှိတဲ့တာရာသည် မင်းဝေရောက်မလာသေးသောကြောင့် ကန်တင်းမှာ အတန်းနှစ်ချိန်ဖျက်ကာ စောင့်နေခဲ့သေး၏၊ သူမအတန်းမတက်သဖြင့် ခင်မေအောင်ပါ အတန်းမတက်ဘဲ တာရာကို အဖော်လုပ်ပေးရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်က နေ့လည်တစ်နာရီထိုးပြီ။ မင်းဝေမှာ ရောက်မလာသေး၊ တာရာသည် နေ့လယ်စာ ထမင်းမစားနိုင်လောက်အောင် ဒေါသတကြီးဖြစ်နေ၏။ တာရာတစ်ယောက်တည်း ဆိုင်ကလုန်းတိုက်နေသော အခြေအနေကြောင့် သူတို့တတွေလည်း မျက်နှာငယ်လေးများနှင့် မင်းဝေကို စောင့်မျှော်လျက်ရှိကြသည်။

ဟော. . .။

ရုတ်တရက် ပြည့်စုံ၏အကြည့်များ ဝင်းလက်သွား၏။ မင်းဝေမှာ မနေ့တုန်းက သူဒဏ်ရာရသွားသည့် ညာဘက်လက်ကောက်ဝတ်နေရာ၌ ပတ်တီးစီးကာ ခပ်အေးအေးပဲ ကန်တင်းထဲသို့ဝင်လာသည်။ ပြီးတော့ သူငယ်ချင်းတွေကို လူစုံတက်စုံတွေ့လိုက်ရသဖြင့် သူကျေနပ်သွားပုံရ၏။ အစကမှာ သူ ကျောင်းသို့ရောက်ရောက်ချင်း တာရာ့ကိုမြင်လိုက်ရတာမို့ အမောပြေသွားသည်။ ဒါပေမဲ့ တာရာက အရင်လို သူ့ကို အပြုံးချိုချိုလေးနှင့် နှုတ်မဆက်တာတော့ နည်းနည်းအံ့ဩစရာကောင်းလှ၏။ နောက်တစ်ချက်က သူငယ်ချင်းတွေအားလုံးမှာ သူမ၏ ခပ်တည်တည်မျက်နှာထားကြောင့် ငြိမ်ကုပ်နေကြသည်။ ဖြစ်နိုင်ချေကိုစဉ်းစားကြည့်တော့ မနေ့တုန်းက သူတို့ရန်ဖြစ်ခဲ့သည့်ကိစ္စအား တာရာ မကျေမနပ်ဖြစ်နေခြင်းမှလွဲလို့ တခြားမရှိနိုင်။ သူက စိတ်ဆိုးပြီးပေါက်ကွဲနေသော တာရာ့မျက်နှာစူပုပ်ပုပ်လေးကို ကြည့်ကာ ပြုံးလိုက်မိ၏။

ဘယ်သူကမှ သူ့ကို စကားစမပြောရဲဘဲရှိကြသည်။ တာရာက ပြုံးစိစိဖြစ်နေသော သူ့ကို မျက်စောင်းတစ်ချက်လှမ်းထိုး၏။

"ဘာရယ်နေတာလဲ"

"မရယ်ပါဘူး တာရာရဲ့၊ ပြုံးတာပါ. . ."

မင်းဝေ၏စကားက မထင်မှတ်ထားသောစကားမို့ သူမလည်း ဘာပြန်ပြောရမှန်းမသိဖြစ်ကာ ကြောင်သွားပါသည်။ သူငယ်ချင်းတွေ



အားလုံးမှာ စိတ်ထဲတွင်ကြိတ်၍ သဘောကျနေကြ၏။ လူပြက်ဆိုတာ အဲဒါပဲ။ သူများ၏ချို့ယွင်းချက်ကို ချက်ချင်းလက်ငင်း ချစ်စရာကောင်းစွာ အနိုင်ရယူပြတတ်တာ သူ့အရည်အချင်းတစ်မျိုး ဖြစ်သည်။

ဘာလုပ်ရမှန်းမသိဖြစ်နေသော တာရာက မင်းဝေကို မျက်စောင်းအပြင်းစားတစ်ချက် ထပ်ထိုးလိုက်ပြန်၏။ ထိုအခိုက် ခင်မေအောင်က သူမကို လှမ်း၍ကလိလိုက်သည်။

"ဟဲ့. . . တာရာ၊ နင်ပဲ စောစောတုန်းက နာရီတကြည့်ကြည့်နဲ့ လူပြက်ကိုမျှော်နေပြီးတော့၊ အခုရောက်လာပြန်တော့လည်း ဘာမှမပြောဘူး"

တာရာကဒေါသနှင့် . . .

"အေး. . . ပြောမယ်ဟော့၊ ပြောမယ်၊ အဲဒီကောင်ကို ပြောစရာတွေကများလွန်းလို့ ဘယ်ကစပြောရမှန်းတောင် မသိဘူး"

မင်းဝေက ချက်ချင်းဆိုသလို ဝင်ပြောလိုက်ပါ၏။

"ဟုတ်လား၊ ပြောစရာတွေအရမ်းများနေရင်လည်း အခုတစ်ထိုင်ထဲ အကုန်လုံးမပြောနဲ့ဦးပေါ့၊ နောက်မှ နည်းနည်းစီခွဲပြော၊ ငါနားထောင်ပေးမှာပေါ့၊ ဘယ်ကစပြောရမလဲဆိုတာကတော့ နင်ပြောချင်တာသာစပြော၊ အဲအဲ. . . နေဦး၊ ငါ့ကို အကြွေးတော့ စမတောင်းနဲ့ပေါ့၊ ဟုတ်ပြီလား"

သူ့စကားကြောင့် တာရာ့ခမျာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားရ၏။ ခင်မေအောင်ထံမှ "ဟောတော်" ဆိုသည့် အာမေဍိတ်သံတစ်ခွန်းကား ထိုးထိုးကြီးထွက်လာပါသည်။ မင်းဝေအကြောင်းကို နှော့ကျေနေအောင် သိပြီးသား ယောကျ်ားလေးသုံးယောက်ကတော့ ဒီလောက်ဆို စိတ်ဆိုးနေသည့်တာရာအား လူပြက်ကောင်းကောင်းထိန်းထားနိုင်ပြီဟု အားလုံး သဘောပေါက်သွား၏။ ပြည့်စုံတို့သုံးယောက် ရယ်ကျဲကျဲလုပ်နေကြတော့

www.burmeseclassic.com



မြင်တော့ သူမ ဒေါသဖြစ်မိသည်။ တစ်ပြိုင်နက်တည်းမှာ သူမက ရယ်လည်းရယ်ချင်နေ၏။

သို့သော် တာရာက သူ့ကို ဟောက်ပစ်လိုက်ပါသည်။

"အခုမှလာပြီး ငါ့ကို စကားရောဖောရော လာလုပ်မနေနဲ့၊ လှုပြက်. . . နင်ဟာ ကတိလုံးဝမတည်တဲ့ကောင်ပဲ၊ ယောက်ျားတစ်ယောက်လုပ်ပြီး ကတိကို လွယ်လွယ်ပေးတာ ငါသိပ်မုန်းတာပဲ၊ သိလား. . ."

သူမကို မင်းဝေက ဘာမှပြန်မဖြေရှင်းဘဲ တုံကျိုဘာဝေလုပ်နေသဖြင့် သူတို့အားလုံးထဲမှာ အသက်အကြီးဆုံးဖြစ်သော မြင့်နိုင်ဦးက ပြေရာပြေကြောင်း ဝင်ပြောပေးရ၏။

"အဲဒီလိုတော့မဟုတ်ပါဘူး တာရာရယ်၊ လှုပြက်က နင့်ကိုပေးထားတဲ့သူ့ကတိကို တတ်နိုင်သလောက်တော့ ထိန်းထားပါသေးတယ်၊ ဟိုကောင်တွေကိုက ရန်မဖြစ်ဖြစ်အောင် အတင်းပြဿနာလိုက်ရှာနေကြတာဆိုတော့ မလွှဲသာလို့ဖြစ်သွားရတာပါဟာ၊ နင်လည်း အဲဒီအုပ်စုအကြောင်းကို သိရဲ့သားနဲ့. . ."

တာရာသည် မနေ့တုန်းက အောင်သန်းစိုးတို့အဖွဲ့၏ ပုံစံတွေကို ပြန်မြင်ယောင်မိသွားပြီး 'မင်းဝေလည်း လူငယ်စိတ်နဲ့တုံ့ပြန်လိုက်တာပဲဖြစ်မှာ' ဟု ခွင့်လွှတ်စွာတွေးလိုက်မိ၏။ ထိုစဉ် မင်းဝေဆီမှ စကားသံတွေက သူတို့၏နားထဲကို ကန့်လန့်ကြီးဝင်ရောက်လာသည်။

"ဒီမှာ တာရာ. . . နင့်ကိုပေးထားတဲ့ကတိကို ငါဘယ်တုန်းကဖျက်လို့လဲ၊ နင် ငါ့ကို မတရားမပြောနဲ့နော်"

သူငယ်ချင်းများအားလုံး၏ အကြည့်တွေက သူ့ထံသို့စုပြုံ၍ ကျလာပါသည်။ မင်းဝေကိုလည်း သူတို့စိတ်ထဲမှ 'အေးအေးဆေးဆေး ပြီးရမယ့်ကိစ္စကို ပြဿနာရှာပြန်ပြီ' ဟု ပြောနေမိလေ၏။ တာရာ့မျက်နှာပေါ်မှာ ဒေါသတွေက ရုတ်ချည်းပြန်ရောက်လာကြသည်။



"ဘာပြောတယ် လှုပြက်၊ နင်မနေ့က ငါ့ကိုရန်မဖြစ်ပါဘူးလို့ ကတိပေးသွားတာ အားလုံးကြားတယ်၊ ငါ့ကို လာငြင်းမယ်မကြံနဲ့နော်၊ ဒီမှာ သက်သေတွေရှိတယ်"

ခင်မေအောင်က သူမ၏စကားကို ဝင်ထောက်ခံ၏။

"ဟုတ်တယ် လှုပြက်၊ နင် တာရာ့ကိုရန်မဖြစ်ဘူးလို့ ကတိပေးတာ ငါကိုယ်တိုင်ကြားတယ်"

"ဟုတ်ပါတယ်၊ ငါကတိပေးထားတယ်၊ ဒါပေမဲ့ အဲဒီကတိကို ငါလုံးဝမဖျက်ခဲ့ဘူး"

"နင် ကတိတည်တယ်ဆိုရင် ဘာဖြစ်လို့ ရန်ဖြစ်သေးလဲ၊ အဲဒီနင့်လက်ကဒဏ်ရာကရော ဘယ်လိုရလာတာလဲ"

"ဟာ. . . မနေ့တုန်းက ငါတို့ရန်ဖြစ်တာ ညနေကျောင်းဆင်းပြီးမှဖြစ်တာပဲ၊ နင့်ကိုငါ မနေ့က ဘယ်လိုကတိပေးခဲ့တာလဲဆိုတာ သေချာပြန်စဉ်းစားစမ်းပါဦး၊ နင်ကရော ငါ့ဆီက ဘယ်လိုကတိတောင်းခဲ့သလဲ"

မင်းဝေဆီမှ တုံ့ပြန်လာသောမေးခွန်းကြောင့် သူမသာမက သူငယ်ချင်းတွေအားလုံး ကြောင်စီစီဖြစ်သွားကြသည်။ သူတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် အချင်းချင်းမေးငေါ့၍ တိုင်ပင်နေ၏။ နောက်. . . ခေါင်းတွေကိုရမ်းကြပြန်သည်။ တာရာက နားမလည်နိုင်ဘဲ ပြောလိုက်ပါသည်။

"အေးလေ. . . မနေ့တုန်းက နင့်ကို ငါက ရန်မဖြစ်ရဘူးလို့ ကတိတောင်းခဲ့တယ်၊ အဲဒါကို နင်ကလည်း ရန်မဖြစ်ဘူးလို့ ပြန်ကတိပေးတယ်လေ"

တာရာ့စကားအဆုံးတွင် မင်းဝေက ပြုံးပြုံးပြုံးပြုံးလုပ်ကာ ခေါင်းကိုရမ်းရင်း ပြန်ပြောလိုက်ပါသည်။

"တာရာပြောတာ ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် မပြည့်စုံ

www.burmeseclassic.com

www.burmeseclassic.com



ဆေးဘူးဖြစ်နေတယ်"

"ဟင်. . . ဘယ်လိုမပြည့်စုံတာလဲ လူပြက်ရဲ့. . . "

"ဒီလိုလေ၊ မနေ့တုန်းက ပေါ်ဒီကန်တင်းမှာ နင့်ကို ငါကတိပေးတုန်းက အခု ရန်မဖြစ်ပါဘူးလို့ပေးခဲ့တာ၊ နင် ငါ့ကို ကတိတောင်းတဲ့စကားမှာလည်း အခု ရန်မဖြစ်ရဘူးလို့တောင်းတာ၊ အဲဒီအချိန်တုန်းက ငါ့ ကတိအတိုင်း ဒီကန်တင်းမှာ လုံးဝရန်မဖြစ်ခဲ့ဘူး၊ ငါတို့ဘာသာ ညနေကျောင်းဆင်းမှ ရန်ဖြစ်ကြတာပဲ၊ ဟုတ်တယ်နော်. . . ဟော့ကောင်တွေ"

ဒီတော့မှ တစ်ချိန်လုံးငြိမ်ကုပ်နေသည့် ဟိုသုံးယောက်ဆီမှ အားရဝမ်းသာ ထောက်ခံစကားများ ထွက်လာလေတော့သည်။

"အေးပေါ့ လူပြက်ရ၊ မှန်လိုက်တာကွာ"

"ဟုတ်ပ့၊ မင်းက တကယ်ကတိတည်တဲ့ကောင်ပဲ"

ခင်မေအောင်နှင့်တာရာတို့နှစ်ယောက်မှာ မင်းဝေကို တစ်စုံတစ်ရာပြန်ပြောရန် ဆွံ့အလျက်ရှိ၏။ တာရာသည် မနေ့က သူမနှင့်မင်းဝေတို့ ပြောခဲ့သမျှကို ပြန်လည်ကြားယောင်လာကာ ကိုယ့်ကိုယ်ကို ဒေါသဖြစ်နေရသည်။ တစ်ပြိုင်တည်းမှာပင် မင်းဝေဆိုသည့် လူပြက်အစုတ်ပလုတ်ကိုလည်း ကြိတ်၍ ချီးမွမ်းလိုက်မိသည်။

အနိုင်နှင့်အရှုံး၊ အဖြူနှင့်အမည်း၊ အထက်နှင့်အောက်. . . အစရှိသဖြင့် ဆန့်ကျင်ဘက်အရာအားလုံးသည် မင်းဝေနဲ့တွေ့လျှင် အလျင်အမြန် ပြောင်းလဲသွားတတ်သောသဘောရှိ၏။ တာရာက သူမ၏အမှတ်တမဲ့စကားလေးမှ တဆင့် သူ့ကိုယ်သူအပြစ်လွတ်အောင် လှလှပပချိတ်ဆက်၍ ထွက်ပေါက်ရှာသွားသည့် မင်းဝေအား အသည်းယားလှပါသည်။

ထိုနေ့က တာရာသည် သူ့ရဲ့ပါးနပ်ကျွမ်းကျင်မှုကို အသိအမှတ်ပြုကာ သူမ၏ဒေါသများကို ပြန်ရုပ်သိမ်းပေးခဲ့လေသည်။ သူမဆီမှ နူးညံ့သွက်လက်သော အရယ်အပြုံးများမှာ သူတို့ဝိုင်း၌ ပုံမှန်အတိုင်းပြန်၍



ဝိုပြည်လာ၏။ မင်းဝေမှာ သူမ၏ပေါ့ပါးလွယ်ကူသော ချစ်စဖွယ်အမူအရာလေးများထံ ကျေနပ်စွာအရှုံးပေးခဲ့မိပြီ။

အချစ်ဆိုတာ ကိုယ့်ကိုယ်ကို အသည်းခံလိုစိတ်ဖြင့် တည်ဆောက်ထားသည့် သူရဲကောင်းတစ်မျိုးဟု သူက တွေးဟင်နေခဲ့ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

အောင်သန်းစိုးတို့အုပ်စုကို လေးယောက်တည်းနှင့် မြို့ခွင်းပစ်လိုက်သော သူတို့အုပ်စု၏သတင်းမှာ ကျောင်း၌ ချက်ချင်းပျံ့နှံ့သွား၏။ တစ်ဆက်တည်းဆိုသလို တာရာ့ကြောင့် ယောကျ်ားလေးနှစ်ဖွဲ့ ရန်ဖြစ်ကြသည်ဆိုသော သတင်းကလည်း လူပြောများလျက်ရှိသည်။

သူသည် အစပိုင်းမှာ သူမကို အားနာနေမိသေး၏။ တာရာကဘယ်သူတွေဘယ်လိုပြောပြော သူမနှင့်မဆိုင်သကဲ့သို့ အားလုံးကို အေးအေးဆေးဆေး ရင်ဆိုင်နိုင်ခဲ့၏။ ထိုအဖြစ်အပျက်များ၏ နောက်ဆက်တွဲအနေဖြင့် သူတို့အဖွဲ့ထဲတွင် မင်းဝေနဲ့သူမကို ကျန်သူငယ်ချင်းတွေက စုံတွဲတစ်တွဲဟူ၍ သတ်မှတ်လိုက်ကြတော့သည်။

မင်းဝေကိုယ်တိုင်ကလည်း သူမရဲ့ကွယ်ရာတွင် ခင်မေအောင်အပါအဝင် သူငယ်ချင်းများအား 'သူ တာရာ့ကိုချစ်နေမိပြီ' ဆိုသည့်အကြောင်း ဝန်ခံခဲ့၏။ အဲဒီနောက်မှာတော့ သူငယ်ချင်းတွေက သူတို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ပေါ်တင်တစ်မျိုး၊ နောက်ကွယ်မှတစ်မျိုး. . . ဝိုင်းဝန်း အားတီးပေးကြလေသည်။

တာရာသည် ပထမတော့ သဘောမပေါက်သေး။ ဒါပေမဲ့ ဇာတ်ပို့တွေ၏စေတနာ အတုံးလိုက်အတစ်လိုက်ကြီးများမှာ သိသာလွန်း လှ၏။ ထိုအနေအထားမျိုးတွင် တာရာက အလိုက်အထိုက် ရယ်မောနောက်ပြောင်နေခဲ့ရာ မင်းဝေအတွက် အခြေအနေကောင်းသည်ဟု အားလုံးက သတ်မှတ်ထားလိုက်ကြသည်။ နောက်တစ်ချက်မှာ သူတို့နှစ်ယောက်၏ အပြုအမူများဖြစ်၏။ သိမ်မွေ့လှပသော သံယောဇဉ်များလိမ်းကျံထားသည့် သူတို့၏ဆက်ဆံရေးမှာလည်း တွေ့မြင်ရသူတွေအဖို့ အားကျစရာဖြစ်ပါသည်။

သို့သော်. . . ခက်နေတာတစ်ခုက မင်းဝေကိုယ်တိုင်မှာ တာရာကို တရားဝင် ရည်းစားစကားမပြောရသေးခြင်း ဖြစ်၏။ သူငယ်ချင်းတွေက မင်းဝေကို သူမအား Propose လုပ်ထားရန် အတင်းတိုက်တွန်းနေကြသည်။ တခြားနေရာများတွင် ရဲတင်းသွက်လက်သလောက် ဒီကိစ္စမျိုး၌ မင်းဝေက သွေးနည်းလွန်းသူဖြစ်သည်။ သူ့ရင်ထဲက ချစ်မြတ်နိုးခြင်းများကို သူမ တစ်မျိုးထင်သွားမှာ မင်းဝေ လုံးဝမခံနိုင်ပေ။ အလွယ်တကူရမည်ထင်ပြီး ကြံစည်သည်ဟု သူမ ယူဆလိုက်ပါက သွားပြီ။ သူလို လူနောက်လူပြောင်တစ်ဦးဆီမှ ချစ်မေတ္တာကို တာရာယုံကြည်လာစေရန် မင်းဝေ ဘယ်လိုလုပ်ရပါမည်နည်း။

စဉ်းစားရင်းနှင့်သူ ခေါင်းတွေထူပူလာ၏။ စည်သူအောင်နှင့် ပြည့်စုံတို့ကို တိုင်ပင်တော့လည်း ဘာနည်းလမ်းမှမရသည့်အပြင် သူ့ကို ဝိုင်းလှောင်နေခဲ့ကြသည်။ မြင့်နိုင်ဦးမှာ သူ့လမ်းစဉ်အတိုင်း ခိုးပြေးဖို့ အကြံပေးနေ၏။ ရည်းစားတောင်မဖြစ်သေးတာကို သူမို့ ဘယ်လိုဦးနှောက်ဖြင့် အဲဒီအကြံမျိုးကို ပေးရသလဲဆိုတာ သူမှသာ အသိဆုံးဖြစ်ပေလိမ့်



မည်။

ထိုကဲ့သို့သော အခြေအနေ၌ သူမက မင်းဝေကို ညနေကျောင်းဆင်းရင် လေးနာရီတိတိ Hi မှာ တွေ့ချင်လို့ဆိုပြီး ခင်မေအောင်နဲ့တဆင့် မှာလိုက်ပါ၏။ သူက ခင်မေအောင်ကို သေချာလေ့လာမေးမြန်းကြည့်တော့ နောက်နေတာမဟုတ်။ တာရာသည် သူ့ကိုတွေ့ချင်၍ တကယ်ပဲ Hi မှာ ချိန်းဆိုလိုက်တာဟု မင်းဝေ နားလည်လိုက်ပါ၏။ ညနေကျောင်းဆင်း၍ သူ Hi ကိုရောက်လာတော့ ကြားထဲမှချိန်းပေးသော ခင်မေအောင်ရော၊ တာရာပါ တစ်ယောက်မှမတွေ့ရချေ။ သူ အနောက်ခံရတာမဟုတ်ကြောင်းလည်း မင်းဝေက သေချာပေါက်သိနေ၏။

မင်းဝေသည် Hi မှာ တစ်ယောက်တည်း ကော်ဖီမစ်တစ်ခွက်နှင့် သူမတို့ကို ထိုင်စောင့်နေလိုက်ပါသည်။ အချိန်က လေးနာရီမိနစ်နှစ်ဆယ်သို့ ညွှန်ပြနေပြီ။ သူ့စိတ်တွေ အရမ်းလှုပ်ရှားနေတာကိုလည်း မင်းဝေ သတိပြုမိ၏။ အတွေးများကလည်း ယောက်ယက်တွေခတ်နေ၏။ တာရာ သူ့ကိုချိန်းလိုက်တာ ပုံမှန်အခြေအနေတစ်ခုမဟုတ်၊ အကြောင်းတော့ရှိရမည်။ ဘာကိစ္စဖြစ်နိုင်မလဲဟု စဉ်းစားမိတော့ ဖြစ်နိုင်တာတွေက အများကြီးဖြစ်နေသည်။ သူခေါင်းရှုပ်စွာ တစ်ယောက်တည်းပင်ပန်းလာ၏။

ထိုအခိုက် သူမြင်လိုက်ရသည်မှာ လှပကျော့ရှင်းသော အဖြူရောင်အဝတ်အစားတွေ ဆင်မြန်းထားသည့် တာရာက ဆိုင်ထဲသို့ဝင်လာပုံကို ဖြစ်ပါသည်။ သူမင်သက်အံ့ဩစွာနှင့် သူမကိုငေးနေမိ၏။ တာရာက သူ့ကို သွားတက်လှလှလေးတွေပေါ်အောင် နှစ်လိုဖွယ်ပြုံးရယ်ပြလိုက်သည်။ ပြီးတော့ သူ့ဝိုင်းမှာဝင်ထိုင်ရင်း သူမ၏နောက်ကျမှုကို သွယ်ဝိုက်ခံခဲ့သည့်မေးခွန်းအား မေးပါသည်။

"စောင့်နေရတာ ကြာပြီလားဟင်"

ဒီတော့မှ သူလည်းသတိဝင်လာကာ ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တာရာက "ဆောရီးနော်"ဟု သူ့ကို တောင်းပန်ပါ၏။

"ရပါတယ်တာရာရဲ့၊ တောင်းပန်စရာမလိုပါဘူး"

"ဩော် . . . မလိုဘူးတော့လည်း ဘယ်ဟုတ်မလဲလူပြက်ရယ်၊ ဒါနဲ့ နေစမ်းပါဦး နင်က ညနေကျောင်းဆင်းကတည်းက ဒီကိုတန်းလာပြီး စောင့်နေတာလား"

"အေးပေါ့ဟ၊ ကျောင်းဆင်းတာက သုံးနာရီခွဲ၊ နင်ချိန်းလိုက်တဲ့ အချိန်က လေးနာရီ၊ နာရီဝက်တည်းနဲ့ ငါက တောင်ဒဂုံအိမ်ကို ဘယ်လို လုပ်ပြန်ရပါ့မလဲ၊ နင်တို့လို ကိုယ်ပိုင်ကားလေးနဲ့ ရွှတ်ခနဲ ရွှတ်ခနဲ သွားလိုက်လာလိုက် လုပ်လို့ရတာမဟုတ်ဘူး၊ သိလား . . . မယ်မင်းကြီးမရဲ့"

မင်းဝေ၏စကားကြောင့် သူမက ရှက်ရယ် ရယ်လိုက်ပါသည်။ တာရာသည် စားပွဲထိုးလေးကို ကြာဇံကြော်တစ်ပွဲမှာလိုက်ပြီး မင်းဝေကို သူမအမှာအတွက် ဖြောင့်ချက်ပေးကာဝန်ခံ၏။

"ဟုတ်တယ်နော် . . . နင့်အိမ်ကဝေးတယ်ဆိုတာ ငါမေ့သွားလို့ပါ၊ ငါဆိုရင် အိမ်ပြန်ရချိန်ပြီး အလှတောင်ပြင်နေလိုက်သေးတယ်၊ အဲဒါ ကြောင့် နောက်ကျနေတာဟ . . . ဟဲဟဲ . . ."

"သိပါတယ်၊ နင်ပဲတွေလုပ်လာတာကို . . .။ ငါကလည်း နင့်ကို အဲဒါပဲစိုးရိမ်နေရတာ . . ."

သူ့စကားကြောင့် တာရာက ဆတ်ခနဲလှမ်းကြည့်လိုက်၏။ ပြီးတော့ သူမနားမလည်တာကို မေးပါသည်။

"ဘာလဲဟ . . . နင့်စကားက . . ."

"ငါပြောတာဟုတ်တယ်လေ၊ နင်က အရမ်းအလှတွေပြင်၊ ဒီတော့ အကောင်တွေ နင့်ကို ဝိုင်းလိုက်ကုန်ကြရော"

"အဲဒါဘာဖြစ်လို့လဲ၊ သူတို့ဘာသာသူတို့ လိုက်ကြတာပဲဥစ္စာ၊ နင်က ဘာကိုစိုးရိမ်ရတာလဲ . . . ပြောစမ်းပါဦး"



တာရာက သူ့ကို ပြုံးရင်းစိုက်ကြည့်နေ၏။ မင်းဝေလည်း ဘာပြန်ပြောရမှန်းမသိဖြစ်နေကာ ရှက်အမ်းအမ်းဖြစ်နေလေသည်။ သူ့ကို ပြုံးစိစိနှင့်ကြည့်နေသော တာရာကိုလည်း သူ အသည်းတွေယားလာ၏။ ဒါပေမဲ့ သူက ပြောစရာရှိတာကိုတော့ ပြောလိုက်ပါသည်။

"ငါက ဘာကိုစိုးရိမ်ရမှာလဲ တာရာရဲ့၊ နင့်ကို ဝိုင်းလိုက်နေတဲ့ ကောင်တွေ ထဲက တစ်ယောက်ယောက်ကို နင်ပြန်ကြိုက်သွားမှာကိုပေါ့"

မင်းဝေဆီမှ ထိုစကားကိုကြားရလျှင် သူမမှာ အားရပါးရ ရယ်မောမိသွားတော့သည်။ ငါသိတယ်နော်ဆိုသည့် အဓိပ္ပါယ်နှင့် တာရာ့ရယ်သံတွေကို သူမခံချင်ဖြစ်လာမိ၏။ ဒါပေမဲ့ သူက ချစ်နေမိသူဆိုတော့ ဘာများ တတ်နိုင်ဦးမည်နည်း။

"အေးပါတာရာရယ် . . . ရယ်ပါ၊ ရယ်ပါ . . . ငါက နင်ရယ်နေ ရင်ကိုပဲ ကျေနပ်နေရတာပါ"

သူ့စကားကြောင့် သူမကထပ်ဆင့်ပြီး အူလှိုက်သည်းလှိုက်ကြီး ရယ်နေပြန်လေ၏။ တာရာသည် လူရွှင်တော်၏ပြက်လုံးတစ်ခုကို သဘောကျ၍ရယ်နေသော ပွဲကြည့်ပရိသတ်တစ်ယောက်လို ဖြစ်နေသည်။

မင်းဝေက ထိုအခြေအနေကို ရုတ်တရက်ကြောက်လန့်မိသွား၏။ ဒါဟာ ပြက်လုံးထုတ်နေတာမဟုတ်။ ဒါ . . . အဖြူရောင်မေတ္တာတရား၊ သူမရှေ့မှာ ဒူးထောက်အညှဲခံနေသည့် အရိုးသားဆုံးနှလုံးသား။ ဒါကို တာရာက ဟာသပြက်လုံးတစ်ခုလို သဘောထားနေခဲ့ပြီ။ သူက ရယ်မောနေသောတာရာ့ကို ကြားဖြတ်၍ မေးခွန်းထုတ်လိုက်ပါသည်။

"ကဲ . . . တာရာ၊ ရယ်စရာရှိရင် အိမ်ကျမှဆက်ရယ်၊ နင် ငါ့ကို ဒီဆိုင်မှာချိန်းရတဲ့အကြောင်းကိုလည်း ပြောဦးလေ၊ နင်လုပ်နေတာနဲ့ ဘာရင်းကိစ္စက ဘေးရောက်နေပြီ"

ထိုအခါကျမှ တာရာလည်း အရယ်ရပ်သွားပြီး မျက်နှာ

www.burmeseclassic.com



တည်လေးပြန်ဖြစ်သွားပါသည်။ သူတို့နှစ်ယောက်စလုံး ခဏမျှတိတ်ဆိတ်သွားကြ၏၊ တာရာက တစ်ခုခုကိုတွေးမိကာ ရှက်ရွံ့သွားဟန်ဖြင့် နှုတ်ခမ်းလေးတွေတွန့်ကွေး၍ ဖွဖွပြုံးမိသည်။ သူမက မင်းဝေမျက်နှာကို တစ်ချက်ငုံးစိုက်ကြည့်လိုက်၏။ တာရာ့ဆီမှ အသံစထွက်လာပါသည်။

"နင့်ကို မေးစရာတစ်ခုရှိတယ် လူပြက်. . . သိလား"

"ဟင့်အင်း. . . မသိဘူး"

သူမက သူ့ရဲ့နောက်ပြောင်မှုကို လှမ်း၍နှုတ်ခမ်းကိုက်ပြသည်၊ သူက ချက်ချင်းပဲ တာရာ့ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်၏။ လူပြက်ဆီက ထိုအပြုအမူသည် ပုံမှန်အားဖြင့် ဘာမှထူးဆန်းစရာမရှိသော်လည်း အခုတစ်ခါတော့ သူမ အရမ်းရှက်သွားမိပါသည်။ မင်းဝေသည် ရှက်သွေးများပြည့်လျှံရဲတွတ်နေသော သူမမျက်နှာလေးကိုကြည့်ကာ ကိုယ့်ကိုယ်ကိုလည်း တော်တော်ကျေနပ်သွား၏။ သူ့ကြောင့် တာရာရင်ခုန်သွားတာကို မြင်ရတော့ မင်းဝေ ကြည်နူးနေမိသည်။ ရုတ်တရက် သူမက အပြောင်းအလဲတစ်ခုကို ဖန်တီးလိုက်ပါသည်။

"လူပြက်. . . နင်နော်. . . ငါ့ကို လိုက်မနောက်နဲ့"

"ဟောဗျာ. . . ငါက နင့်ကို ဘယ်မှာလိုက်နောက်လို့လဲ၊ ဒီမှာထိုင်နောက်နေတာကြီးကို. . . မတွေ့ဘူးလား"

တာရာက နှုတ်ခမ်းတွေကို ပြတ်ထွက်လုမတတ်ကိုက်ထား၏၊ ပြီးတော့ မင်းဝေကို လက်နဲ့လည်းလှမ်းရွယ်လိုက်သေးသည်။ နောက်. . . သူမက သူ့ကို ခြိမ်းခြောက်စကားဆိုပါသည်။

"အေးနော်. . . လူပြက်၊ နင် အဲဒါမျိုးတွေကြပ်ကြပ်လုပ်. . . နင့်ကိုငါ ပြောစရာရှိတာ လုံးဝမပြောဘဲနေလိုက်မှာ"

"ဟင်. . . နင် ငါ့ကို ခုနကပြောတော့ မေးစရာရှိတယ်ဆို တာရာရဲ့၊ အခုကျတော့ ပြောစရာရှိတာဖြစ်သွားပြန်ပြီ၊ အမျိုးမျိုးပဲ. "



သူမသည် မင်းဝေရဲ့ အကြိမ်ကြိမ်လိုက်စခြင်းကို ခံနေရသဖြင့် စိတ်တိုလာ၏။ တာရာက ထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်သည်။

"လူပြက်. . . နင်ဟာလေ စကားကို အတင်းကတ်ဖဲ့ပြီး လိုက်ပြောဖို့ပဲတတ်တယ်၊ နင့်ကို ငါ အရမ်းအမြင်ကတ်တာပဲ. . . သိလား"

တာရာ တကယ်ဒေါသထွက်သွားတော့ မင်းဝေက ပြန်ချော့ပါသည်။

"နင်ကလည်းဟာ. . . ဒေါသကြီးပဲ၊ ငါကစတာပါဟ၊ ကဲကဲ. . . နင့်ကို ငါအခုချိန်ကစပြီး လုံးဝမနောက်တော့ဘူး၊ ဒီတော့ နင် ငါ့ကို မေးစရာရှိလား၊ ပြောစရာရှိလား. . . အဲဒါ ဘာပဲဖြစ်ဖြစ် ပြောသာပြောတော့၊ ဟုတ်ပြီလား၊ ကဲပါတာရာရယ် စိတ်ကိုလျှော့လိုက်. . . နော်၊ လိမ္မာပါတယ်ဟာ နင်က"

မင်းဝေ၏ သူ့ကြောင့်မဟုတ်သလိုနှင့် မျက်နှာပြောင်တိုက်ပြီး ချော့နေပုံကြောင့် သူမ မျက်စောင်းတစ်ချက်က သူ့ဆီ လျှပ်တစ်ပြက်ကျရောက်လာ၏။ ဒါလောက်တော့ မင်းဝေကလုံးဝမမှုပါ။ သူမကိုသာ ဆက်၍ အချော့တော်လုပ်နေပါသည်။

"ကဲ. . . တာရာ ခုံမှာပြန်ထိုင်လိုက်၊ အဲဒီလို မတ်တပ်ကြီးလုပ်မနေနဲ့လေ၊ သူများတွေဝိုင်းကြည့်ပြီး နင်နဲ့ငါနဲ့ကို တစ်မျိုးထင်ကုန်ကြလိမ့်မယ်၊ မြန်မြန်ပြန်ထိုင်လိုက်. . . "

သူ့စကားကြောင့် တာရာလည်း ဖျတ်ခနဲထိုင်ချပစ်လိုက်မိ၏၊ မင်းဝေက သူ့နည်းပရိယာယ်အောင်မြင်သွားတာမို့ ကြိတ်ပြီးပြုံးနေ၏၊ တာရာ့စိတ်ထဲတွင်တော့ သူ့ကို ကျိန်ဆဲရင်း ဒေါသတွေအလိပ်လိုက် ထွက်လာပြန်သည်။

ကြည့်ပါလား။ သူကပဲ တစ်ပြန်ကြီး အထင်ခံရမှာစိုးနေရသေးတယ်။ အံ့ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



တာရာ၏စူပုပ်နေသည့်မျက်နှာလေး ပြန်လည်ပြုံးရွှင်လာစေရန် သူ ထုံးစံအတိုင်း ဟိုပြောဒီပြောနဲ့ ရယ်စရာတွေလျှောက်ပြောရင်း ကြိုးစား၍ချော့ရှာပါသည်။ ဒါပေမဲ့ သူမမျက်နှာက စူပုပ်မြဲစူပုပ်နေလေ၏။

"တာရာရယ်. . . နင့်မျက်နှာကြီးကို အဲဒီလိုစူပုပ်မထားစမ်းပါ နဲ့၊ ဒီမှာ တာရာ ငါ့ကို သေချာကြည့်စမ်း"

အမှတ်တမဲ့သူ့အပြောကြောင့် တာရာလည်း ကြောင်ပြီး မင်းဝေ၏မျက်နှာကို ကြည့်လိုက်မိ၏။ ထိုအခါ မင်းဝေက သူ့မျက်နှာကို သူလက်ညှိုးနှင့်ပြန်ပြရင်း . . .

"ငါပိုချောလာတယ်မဟုတ်လား" တဲ့. . .။ ခပ်တည်တည်နဲ့။

သူမသည် မင်းဝေစကားကိုကြားသောအခါ ဘယ်လိုမှ ရယ်ချင်စိတ်ကို အောင့်မထားနိုင်တော့ဘဲ ရယ်မောမိသွားတော့သည်။ ဒီလိုနည်းဖြင့် သူ့ကို တာရာ စိတ်ဆိုးပြေသွား၏။ သူက သူမ၏သွားတက်လှလှလေးတွေကို ခိုး၍ငေးကြည့်နေခဲ့သည်။ ထိုအခိုက် တာရာ့ဆီမှ အကြည့်တစ်လက်က လှစ်ခနဲရောက်လာသဖြင့် မင်းဝေတစ်ယောက် သူခိုးလူမိဖြစ်သွားရ၏။ မင်းဝေကပါးနပ်စွာ သူမကို စကားလှမ်းပြောလိုက်ရင်း သူ့ကိုယ်သူ ကာကွယ်သွားနိုင်ပါသည်။

"ကဲ. . . ဒေါ်တာရာ၊ အခုလောက်ဆို နင် ငါ့ကို ဒီဆိုင်မှာချိန်းရတဲ့အကြောင်း ပြောပြလို့ရပြီပေါ့နော်၊ ဟုတ်လား. . ."

သူမက နှုတ်ခမ်းမဲ့ကာ လက်ဖဝါးကိုခါပြရင်း အဲဒီကိစ္စအား ပြောပြဖို့ အစီအစဉ်မရှိကြောင်းကြေငြာသည်။ နောက်. . . တာရာက ကြာဇံကြော်တွေကို ငုံ့စားနေပြန်၏။

"လုပ်ပါတာရာရယ်. . . နင်ကလည်း၊ ငါတို့နှစ်ယောက်စလုံး အဲဒီကိစ္စပြောဖို့ တကူးတကချိန်းပြီး လာကြတဲ့ဥစ္စာကိုကွာ၊ တာရာကလိမ္မာပါတယ်၊ နော်. . . ပြောပြနော်. . . နော်"



တာရာသည် မင်းဝေ၏တဂျီဂျီပူဆာနေမှုကြောင့် စားလက်စကြာဇံကြော်ကို ရပ်ပစ်လိုက်ကာ သူ့အား ပြတ်သားစွာပြောပါသည်။

"လူပြက်. . . ငါ နင့်ကို အဲဒီအကြောင်းကို လုံးဝမပြောပြဘူးလို့ ခုနကပဲဆုံးဖြတ်ထားပြီးပြီ၊ ငါ့ကိုနားပူအောင် လာလုပ်မနေနဲ့၊ ဒီမှာ စားရသောက်ရတာဇိမ်ပျက်တယ်"

ပြောပြီး တာရာက ကြာဇံကြော်ပွဲကိုဆက်စားဖို့ ပြင်ဆင်နေ၏။ မင်းဝေသည် သူမရဲ့လှုပ်ရှားမှုများအား ရှေ့တည့်တည့်မှထိုင်ပြီး မမှိတ်မသုန် လိုက်ကြည့်လျက်ရှိပါသည်။ တာရာသည် ကြာဇံကြော်စားနေရင်း ပြုံးစိစိလုပ်ကာ သူ့ကို မသိမသာအကဲခတ်ကြည့်၏။ သူမကိုလိုက်ကြည့်နေသည့် သူ့ရဲ့ခံပြင်းနေသောမျက်နှာကြီးအား တွေ့ရသည်။ ထိုစဉ် မင်းဝေက သူမကို အားရဝမ်းသာဟန်ဖြင့် ရုတ်တရက်ပြောချပစ်လိုက်၏။

"နင်မပြောလည်းနေပေါ့၊ ငါသိပြီ. . ."

"သိရင်ပြောလေ. . ."

"မပြောပါဘူး၊ ဘာလို့ပြောရမှာလဲ"

"အဲဒါဆိုရင် နင်မသိလို့ပေါ့လူပြက်ရဲ့၊ အရူးကြီးရဲ့. . ."

"အောင်မာ. . . ငါတကယ်သိတာ၊ ဒါကြောင့် ခင်မေအောင် ငါ့ကိုလာချိန်းတုန်းက တစ်မျိုးဖြစ်နေတယ်လို့တော့ ငါထင်သားပဲ၊ ဩော် လက်စသတ်တော့ အဲဒီလိုကိုး. . ."

တာရာသည် သူ့စကားများကြောင့် တွေဝေသွားမိပါ၏။ သူမသူ့ကို မေးစရာရှိသည့်အကြောင်းအရာမှာ လူပြက်လိုပါးနပ်စူးရှသော လူတစ်ယောက်က ခင်မေအောင်၏အရိပ်အကဲကြည့်ကာ သိရှိသွားနိုင်လေသည်။ မင်းဝေကိုကြည့်လိုက်တော့လည်း မြူးတူးတက်ကြွနေပုံပေါက်၏။ ဘာရာ့ကို ခုနတုန်းက သူသိချင်တာမသိရသေးသဖြင့် အတင်းလိုက်မေးနေသည့် မင်းဝေပုံစံမဟုတ်တော့။ နောက်တစ်ချက်မှာ သူ့စောစောတုန်းက

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည့်စကား။ ဒါတွေကို သူမကောက်ချက်ချကြည့်လိုက်သော အခါ ထိုကိစ္စအား မင်းဝေသိသွားပြီဟု လက်ခံလိုက်ပါသည်။

"လှုပြက်. . . နင်က တကယ်သိသွားပြီပေါ့နော်"

"ဒါပေါ့"

"အဲဒါဆို ငါ့ကိုပြောပြ. . ."

"လုံးဝမပြောပြဘူး"

တာရာသည် သူမ၏နှုတ်ခမ်းကို ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ကိုက်လိုက်ပြန်၏။ ပြီးတော့ သူမက စိတ်ကိုလျှော့လိုက်ပြီး သက်ပြင်းချပါ သည်။ တာရာက သူ့ကိုပြော၏။

"အေးလေ . . . နင်သိသွားပြီဆိုတော့လည်း အဲဒီကိစ္စဟာ တကယ်ပဲဟုတ်သလား၊ ဒါမှမဟုတ် မဟုတ်ဘူးလား၊ ငါသိချင်တယ် လှုပြက်၊ နင်ကိုယ်တိုင်ဖြေတာ ငါကြားချင်တယ်"

မင်းဝေသည် သူမ၏အမေးကြောင့် အနည်းငယ်အကြပ်ရိုက် သွားရပါသည်။ တကယ်တော့ သူက တာရာ့ကို ဘာမှမသိဘဲဆိုက်ကိုသုံး၍ သိတယ်လို့ကြွေးကြော်ခဲ့ခြင်းဖြစ်၏။ အခုပြဿနာမှာ သူသည် မေးခွန်း ကိုမသိရဘဲ အဖြေရှာသူတစ်ယောက် ဖြစ်နေခဲ့ပြီ။

သူသည် တာရာ့ရှေ့တွင် တစ်ခုခုအား အလေးအနက်ထားပြီး စဉ်းစားနေပုံပေါက်အောင် ဟန်ဆောင်ထားရသည်။ မင်းဝေက သူမအား ခပ်ပါးပါးမေးခွန်းဆင့်၍ လှမ်းတောက်လိုက်၏။

"အဲဒါဆိုရင် တာရာနဲ့ခင်မေအောင်တို့နှစ်ယောက် ပြောခဲ့တဲ့ စကားတွေကို အတိအကျသိဖို့လိုမယ်၊ ဒါမှ ကြားထဲမှာ စကားလုံးကွာဟမှု ဘယ်လောက်ရှိမလဲဆိုတာ သိရမှာလေ. . ."

မင်းဝေ၏ မှင်သေသေနှင့် ပြောဆိုနေသောစကားများသည် မတော်တဆတိုက်ဆိုင်ပြီး သော့ပွင့်သွားသကဲ့သို့ ဖြစ်သွားသည်။ တာရာက



သူ့ကိုပြောပြနေ၏။

"လှုပြက်က တာရာ့ကိုချစ်တယ်လို့ သူငယ်ချင်းတွေအကုန်လုံး ရှေ့မှာ ဝန်ခံလိုက်တယ်ဆို၊ ခင်မေအောင်က တာရာ့ကို အဲဒီအကြောင်း လေးပဲ ပြန်ပြောပြခဲ့တာ၊ အဲဒါ ဟုတ်သလား မဟုတ်ဘူးလားဆိုတာကို တာရာက လှုပြက်ဖြေတာကြားချင်တယ်. . ."

သူသည် ကိုယ့်နဖူးကိုယ် ဖြောင်းခနဲရိုက်ချလိုက်ပါသည်။

"အောင်မလေးကွာ၊ ငါ့မှာ ဘာများလဲလို့ လျှောက်စဉ်းစားလိုက်ရ တာ၊ တာရာကလည်း ဒါလေးမေးဖို့ကိုများ လိုရင်းကိုမရောက်ဘူးဖြစ်နေ ဘာကိုး. . .၊ ဟဲ့. . . လှုပြက်၊ နင် အဲဒီလိုပြောသလား မေးလိုက်ပါလား၊ ငါက အေးပြောတယ်ဆိုရင် ကိစ္စကပြီးနေပြီဥစ္စာကွာ. . ."

တာရာသည် သူ့စကားတွေကို ပါးစပ်အဟောင်းသားနှင့် မျက်လုံး လေးဝိုင်းကာ နားယောင်နေရာမှ တစ်စုံတစ်ခုအား ဖြည်းဖြည်းချင်း သဘောပေါက်လာပုံရသည်။

"ဩော်. . . လှုပြက်၊ အစုတ်အပြတ်ကောင်၊ သူလည်း ဘာမှမသိ ဘဲနဲ့၊ ငါ့ကို မျိုးစုံလှည့်ပတ်ပြောပြီးလိမ်တဲ့ကောင်၊ ငါ့ကိုလည်း လူတွေရှေ့ မှာ ချစ်တယ်ဆိုပြီး လျှောက်ပြောထားသေးတယ်"

မင်းဝေက စိတ်ဆိုးနေသောတာရာ့အား ရယ်ကျဲကျဲလေး လုပ်နေ လိုက်၏။

"ဒါကတော့တာရာရယ်၊ နင်က ငါသိချင်တာကို ပြောမပြဘဲ ညစ် အားတာကိုးဟ. . ."

"အောင်မာ. . . နင့်ကို ငါက အဲဒီကိစ္စပြောမလို့ ဒီဆိုင်ကို တမင် ချိန်းလိုက်တာပါ လှုပြက်ရဲ့၊ နင်ပဲ ငါမပြောတော့အောင် စကားကို အတင်းကတ်ဖွဲ့ပြီး လျှောက်ပြောနေပြီးတော့များ. . ."

"အေး. . . ဟုတ်ပါပြီ၊ အဲဒီကိစ္စမှာတော့ ငါမှားတယ်ပဲထား

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူငယ်ချင်းတွေအားလုံးရှေ့မှာ နင့်ကိုချစ်တယ်ဆိုတဲ့ စကားကိုတော့ ငါတကယ် အလေးအနက်ပြောခဲ့တာပါ တာရာရယ်"

တာရာသည် ရုတ်တရက် ရည်းစားစကားအပြောခံလိုက်ရသဖြင့် အူကြောင်ကြောင်ကြီးဖြစ်သွားရသည်။ မင်းဝေကိုစိတ်ဆိုးဖို့ကလည်း ခက်နေသည်။ နောက်ပြီး ရယ်ရမလိုလိုနဲ့ သူမမှာ ရယ်ဖို့ကလည်းခက်လှ၏။ သူနဲ့ အကြည့်ချင်းဆုံရင် သူမရဲ့နှလုံးခုန်သံတွေ မြန်ဆန်ကျယ်လောင်လာတာကိုလည်း တာရာကမဖြစ်ချင်ပေ။ သူမသည် ကောင်လေးများစွာ၏ ရည်းစားစကားပြောခြင်းကို ခံခဲ့ဖူးသူဖြစ်ပါသည်။ ဒါပေမဲ့ ဒီလူပြက် အစုတ်ပလုပ်ကောင်လိုမျိုး ရည်းစားစကားပြောတာကိုတော့ တာရာ့ဘဝမှာ တစ်ခါမှမကြုံဖူးခဲ့တာ သေချာသည်။

အချိန်တွေက တအိအိကုန်ဆုံးသွားကာ ညနေခင်းသည်လည်း ညဦးပိုင်းဆီသို့ တိုးဝင်လာခဲ့ပြီ။ ညနေခင်း၏ဆည်းဆာချိန်ကို သူတို့နှစ်ဦးမှာ ငြိတွယ်နေမိ၏။ ခဏကြာတော့ အမှောင်က ပတ်ဝန်းကျင်၌ စတင်ကြီးစိုးလာသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်းအရသာရှိစွာ ကျွမ်းလောင်လျက်ရှိကြပါသည်။ ညနေခြောက်နာရီကို အိမ်ပြန်ချိန်ဟု တာရာက သူမဘာသာသူမသတ်မှတ်ပြီး အတည်ပြုလိုက်၏။

"လူပြက် . . . ငါတို့တွေ ပြန်ကြရအောင်ဟာ၊ မှောင်တောင်မှောင်တော့မယ်ဟ . . . နော် . . . လူပြက် . . ."

သူမ၏စကားသံ၌ နူးညံ့မှုတွေရော သံယောဇဉ်များပါ ပေကျံ့စွန်းကွက်လျက်ရှိပါသည်။ မင်းဝေက တာရာ့ကို ပြုံးရင်း ခပ်ထွေထွေလေး ကြည့်လိုက်၏။ တာရာသည် သူ့အကြည့်ကြောင့် ရှက်ရွံ့သွားကာ မျက်နှာကို လွှဲလိုက်မိသည်။ သူကပြောပါသည်။

"နင်နော် . . . တာရာ၊ အဲဒီလို မသိချင်ယောင်ဆောင်မနေနဲ့၊ ငါ့ကို



တစ်ခုခုပြန်ပြောသွားဦးလေဟာ . . ."

တာရာက လုပစ္စာရယ်မောပစ်လိုက်၏။ လေသရမ်းတစ်ချက်ကြောင့် သူမဆံပင်လေးတွေ လွင့်ဝဲသွားပုံသည် နောင်နှစ်ပေါင်းများစွာအထိ သူ့နှလုံးသားထဲမှာ ဓါတ်ပုံရိုက်ထားသလို စွဲမြဲနေခဲ့ပါသည်။ သူမအသံသည် ရွှင်ပျမောဟိုက်နေ၏။

"အေးပါ လူပြက်ရယ်၊ ငါ နင့်ကို စဉ်းစားထားပေးပါ့မယ်"

"တကယ်နော်"

"အင်းပါဆို"

"အဲဒါဆိုလည်းပြီးရောလေ၊ ငါတို့သွားကြတာပေါ့"

ထို့နောက် သူက ပိုက်ဆံရှင်းရန် စားပွဲထိုးလေးကို လှမ်းခေါ်လိုက်သည်။ သူက ခေါ်သာခေါ်လိုက်ရသော်လည်း သူ့မှာ ငွေသုံးရာသာပါပါသည်။ မင်းဝေ၏ဘတ်ဂျက်အခြေအနေအား သိထားသော တာရာကလည်း သူမရဲ့ပိုက်ဆံအိတ်ကို နှိုက်၏။

"ဘယ်လောက်ကျသလဲ"

"ရှစ်ရာပါ"

စားပွဲထိုးလေး၏အဖြေစကားအဆုံးတွင် ပိုက်ဆံအိတ်ကိုနှိုက်နေသော တာရာ့မျက်နှာအမူအရာက တစ်မျိုးဖြစ်သွားသည်။ ပြီးတော့ သူမက ပိုက်ဆံအိတ်ကြီးထဲမှာ ပိုက်ဆံအိတ်အသေးလေးကို ပြူးပြဲ၍ထပ်ရှာပြန်ပါ၏။ ဒါပေမဲ့ တာရာ့အပြုအမူတွေက ပိုက်ဆံအိတ်အသေးကို ရှာမတွေ့ကြောင်းသာ ဖော်ပြနေ၏။ သူမဆီမှ ကြုံရာမရဖြစ်နေသော အကြည့်နှင့်အတူ မေးခွန်းတစ်ခုထွက်ကျလာသည်။

"လူပြက် . . . ငါ့ပိုက်ဆံအိတ်ကျန်ခဲ့လို့၊ နင့်မှာ ပိုက်ဆံပါသေးသလား"

"ပါတော့ပါတယ်ဟ . . . ဒါပေမဲ့ သုံးရာထဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . လူပြက်ရာ၊ နင်ကလည်း သေချာရှာစမ်းပါဦး၊ ကြာပါတယ်ဟာ၊ ပြစမ်း. . . နင့်အိတ်"

တာရာက ပြောပြောဆိုဆိုနှင့် မင်းဝေရဲ့လွယ်အိတ်ကို ဆွဲယူပြီး သူမသဘောနဲ့သူမ လျှောက်ရှာလေတော့၏။ မင်းဝေ၏ပြားချပ်နေသော ပိုက်ဆံအိတ်လေးထဲမှာ ခပ်နွမ်းနွမ်းတစ်ရာတန်သုံးရွက်နှင့်အတူ အကြွေအနည်းငယ်ကိုတွေ့ရသည်။ သူမက ပိုက်ဆံအိတ်ကိုဘေးမှာချကာ လွယ်အိတ်ထဲမှစာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်ပြန်၏။

ဟော. . .။

ထိုအခိုက် စာအုပ်ကြားထဲတွင်ညှပ်ထားသည့် ပိုက်ဆံတချို့က သူတို့ကြားသို့ထွက်ကျလာ၏။ နှစ်ရာတန်လေးရွက်တိတိ. . .။ သူမက အားရဝမ်းသာနှင့် ပိုက်ဆံတွေကို ကောက်ယူနေသည်၊ နောက်. . . ပိုက်ဆံတွေကိုထောင်ပြရင်း သူ့ကိုပြောလိုက်၏။

"တွေ့လား. . . လူပြက်၊ နင်က သေချာမှမရှာတာ၊ အခု ငါရှာတာတော်လို့နော်။ ပိုက်ဆံကလည်း ရှစ်ရာအတိပါပဲလား၊ ကဲ. . . ရော့"

တာရာသည် ပိုက်ဆံများကို စားပွဲထိုးလေးဆီ လှမ်းပေးလိုက်ပြီး မင်းဝေအား တစ်ချက်ကြည့်ပါသည်။ သူ့အမူအရာက ပိုက်ဆံရှစ်ရာကို နှမြောသလိုဖြစ်နေ၏။ တာရာက . . .

"ဟဲ့. . . နင့်မျက်နှာက ဘာဖြစ်နေတာလဲ၊ နှမြောနေတာလား၊ နောက်နေ့ကျရင် နင့်ပိုက်ဆံတွေ ငါပြန်ပေးပါ့မယ်ဟာ"

"နောက်နေ့ကျမှပြန်ပေးရင် ဒီပိုက်ဆံတွေ ဘယ်ဟုတ်တော့မလဲ တာရာရဲ့. . ."

"ဘာဖြစ်လို့လဲ"

သူက သူမ၏မေးခွန်းအားမဖြေခင် လျှို့ဝှက်စွာပြုံးလိုက်ပါသည်။ တာရာကတော့ အံ့အားသင့်နေဆဲ. . .။ သူတို့ဝိုင်းမှ လှည့်ထွက်သွားခါနီး



စားပွဲထိုးလေးလက်ထဲရှိ ပိုက်ဆံရှစ်ရာကို မင်းဝေကလှမ်းတောင်းလိုက်၏၊

"ညီလေး. . . အဲဒီပိုက်ဆံတွေကို ခဏလောက်. . ."

စားပွဲထိုးလေးက အူကြောင်ကြောင့်နှင့် မင်းဝေဆီသို့ ပိုက်ဆံများကို ပြန်ထိုးပေးသည်၊ သူက ပိုက်ဆံနှစ်ရာတန်လေးရွက်ကို တာရာ့ရှေ့တည့်တည့်မှာဖြန့်၍ တင်လိုက်၏။

"ဒီမှာ. . . ကြည့်စမ်းတာရာ၊ ဘာလေးတွေလဲလို့"

သူမက မင်းဝေပြသည့်နေရာသို့ အမြန်လှမ်းကြည့်သည်။

"အို. . . ရက်စွဲလေးတစ်ခုပါလား။

တာရာသည် အမိပ္ပါယ်ကိုနားမလည်သေးဘဲ သူ့အား မျက်လုံးတွေဖြင့် မေးခွန်းထုတ်မိသည်။ ထိုအခါ မင်းဝေက ကြည်နူးနှစ်လိုဖွယ်ရာ ဖွဖွလေးရယ်မောလိုက်ကာ တာရာ့ကိုရှင်းပြပါ၏။

"အဲဒီနေ့က နင်နဲ့ငါနဲ့ ပထမဆုံးစဆုံကြတဲ့နေ့ပဲတာရာ၊ ပြီးတော့ ဒီပိုက်ဆံရှစ်ရာကလည်း နင့်ပိုက်ဆံတွေပဲ"

"ငါတို့နှစ်ယောက် စဆုံတဲ့နေ့ဆိုတာကတော့ ထားလိုက်ပါတော့၊ အဲဒီပိုက်ဆံတွေက ငါ့ဥစ္စာဆိုတာကျတော့. . ."

သူမက စကားကိုဆုံးအောင်မပြောဘဲ ရပ်ထားလိုက်ခြင်းဖြင့် မင်းဝေအား အလှည့်ပေးလိုက်၏။

"အဲဒီနေ့တုန်းက နင် ငါတို့ဝိုင်းကို ပိုက်ဆံရှင်းပေးခဲ့တာ မှတ်မိလား၊ နှစ်ထောင့်နှစ်ရာကျတယ်လေ"

တာရာသည် သူမ မှတ်မိကြောင်းကို ခေါင်းညိတ်ပြပါသည်၊ သူက ဆက်ပြောသည်။

"အဲဒီတော့ နင်က စားပွဲထိုးလေးကို ငါးထောင်တန်သုံးရွက် ထုတ်ပေးတယ်၊ ဟိုက ပြန်အမ်းတဲ့ပိုက်ဆံရှစ်ရာကို နင်မသိအောင် ငါကြားဖြတ်ယူထားလိုက်တာ၊ နင် အဲဒီနေ့က ပြန်အမ်းငွေကိုမရလိုက်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား. . . တုံးမလေးရဲ့. . . ”

“အောင်မယ်. . . ဒါကတော့ နင်အလစ်သုတ်သွားတာကိုး၊ အဲ နေစမ်းပါဦး၊ အဲဒီတုန်းက လူတွေအများကြီးထဲမှာ ငါ့ပိုက်ဆံကိုဖြတ်ခုတ်သွားတာ ဘယ်သူမှမမြင်လိုက်ဘူးလားဟင်. . . လူပြက်”

“မြင်တာပေါ့ဟ. . . နင်နဲ့ခင်မေအောင်နဲ့နှစ်ယောက်ပဲ မမြင်တာ၊ ကျန်တဲ့လူတွေ အားလုံးမြင်တယ်၊ အဲဒါကြောင့်လည်း ငါက သူတို့တွေကို ရှယ်ယာပေးလိုက်ရတယ်”

“အဲဒါဆိုရင် ဒီပိုက်ဆံတွေက. . . ”

“ဒီလိုလေ. . . သူတို့တွေကို ရှယ်ယာခွဲပေးတော့ သူတို့အတွက်ပိုက်ဆံကို ငါ့ပိုက်ဆံနဲ့စိုက်ပြီး ပေးလိုက်တယ်၊ ဒီပိုက်ဆံကိုကျတော့ နင့်ပိုက်ဆံတွေမို့လို့ ငါက တမင်သိမ်းထားတာဟ. . . အခုတော့. . . ”

“အို. . . ”

ရုတ်တရက် သူမတစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထသွားသည်အထိ တာရာ ကြည်နူးပျော်ရွှင်သွားမိသည်။ ဘယ်လောက်တောင်လှပတဲ့အမှတ်တရပါလဲ။

လူပြက်သည် သူမကိုရင်ခုန်စေခဲ့၏။ ရယ်မောပျော်မြူးစေခဲ့၏၊ စိတ်ဆိုးပြီး မခံချင်ဖြစ်စေခဲ့၏။ အံ့သြမင်တက်စေခဲ့၏။ အခုတော့ နူးညံ့သောစိတ်လှုပ်ရှားစရာတစ်မျိုးကို သူမအတွက် ဖန်ဆင်းပေးနေပြန်သည်၊

တာရာက သူမ၏ညာဘက်လက်ခလယ်ရှိ စိန်ပွင့်သေးသေးလေးပါသောလက်စွပ်ကို ချွတ်လိုက်၏။ သူ တစ်ခုခုပြောရန် ဟန်ပြင်လိုက်စဉ် တာရာက လက်ညှိုးကို နှုတ်ခမ်းမှာထိကပ်ပြီး တိတ်တိတ်နေဖို့ အချက်ပြသည်။ နောက်. . . စားပွဲထိုးလေးကိုခေါ်ကာ ကောင်တာဆီသို့ သွားသည်၊ Hi ဆိုင်ကောင်တာရှိ တာဝန်ခံနှင့်သူမတို့ စကားအနည်းငယ်ပြောကြ၏၊ ပြီးတော့ စိန်လက်စွပ်ကို ကောင်တာတွင်ထားရစ်ခဲ့ကာ သူ ဝိုင်းကိုပြန်လာ



သည်၊ သူမလုပ်သမျှကို လိုက်ငေးကြည့်နေမိ၏။

မင်းဝေသည် တာရာ့ထံမှ ဒီတစ်ခါလောက်ချိုမြိန်သိမ်မွေ့သော ပြုံးမျိုးကို အရင်က လုံးဝမတွေ့ခဲ့ရဖူးပေ။ သူမက စားပွဲပေါ်တွင်တင် ားသည့် နှစ်ရာတန်လေးရွက်ကိုယူကာ မင်းဝေစာအုပ်ကြား၌ ပြန်ညှပ် ပေးလိုက်ပါသည်။

“ရော့. . . လူပြက်၊ ငါတို့ပြန်ကြမယ်” တဲ့. . . ။

ဒါပဲပြောသည်။ အဲဒီနောက် တာရာသည် တစ်ယောက်တည်း တ်ခမ်းကိုပြုံးထားမိ၏။ သူ့ကိုလည်း ရွှန်းလဲ့စွာကြည့်သည်။ မင်းဝေသည် မ၏ ဖြားယောင်းသောအပြုအမူတွေကို အူကြောင်ကြောင်ပြန်ကြည့်နေ း စက်ရုပ်တစ်ရုပ်လို သူမနောက်မှ လိုက်ထွက်လာခဲ့၏။

ဆိုင်အပြင်၌ လရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းချင်း သည်။ တာရာက ရပ်ထားသော သူမရဲ့ကားပေါ်သို့ ကြွကြွလေးတက် တ်၏။ မင်းဝေသည် လရောင်၏ညှို့ငင်ခံထားရသူတစ်ယောက်လို သူမ းဘေးမှာရပ်နေပါသည်၊ ကားစက်နှိုးသံကြားရ၏၊

ပြုံးရိပ်ထင်နေသော တာရာ့နှုတ်ခမ်းပါးပါး၌ သူ့နှလုံးသားတစ်ခု း ငြိပါသွားခဲ့ပြီ၊ နှုတ်ဆက်စကားပြောရန် သူ့မှာ လက်ကျန်အင်အား မရှိတော့. . . ။ ထို့နောက် သူမက ကားကို ကျွမ်းကျင်စွာမောင်းပြီး တ်သွားခဲ့ပါသည်။

မင်းဝေတစ်ယောက်တည်း လရောင်အောက်မှာ ကျန်ရစ်ခဲ့၏။ ခြလုမ်းများက Hi ဆိုင်ထဲမှ ထွက်ခွာ၍လာသည်။ သူ့လှုပ်ရှားမှုတွေ းလုံးမှာ အသက်မဲ့နေ၏။ သို့သော်. . . သူ့ရင်ထဲတွင် တငြိမ့်ငြိမ့်နှင့် မောင်းနေသော ‘အချစ်’ ဟု အမည်ရသည့်ရထားတစ်စီး ရှိနေခဲ့ပြီ သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

မိုးရာသီကာလများသည် သူတို့၏ကျောင်းတက်ရက်များကို အလျင်အမြန်ပဲ တိုက်စားသွားခဲ့သည်။ ထို့အတူ သူတို့ကြား၌ ဖွဲ့နှောင်ထားမိသော သံယောဇဉ်ကြိုးတွေကလည်း ပို၍ခိုင်မာလာ၏။ သူတို့ လူရှင်တော်အုပ်စုသည် တာရာ့ကြောင့် ဖဲရိုက်ခြင်း၊ ဘောလုံးပွဲလောင်းခြင်း၊ ရန်ဖြစ်ခြင်းအစရှိသော မကောင်းမှုတွေကို သိပ်မလုပ်ဖြစ်ကြတော့ဘဲ ကျောင်းစာဘက်ကို ဦးတည်လာပါသည်။ ဆေးကျောင်းမှာ သူတို့အဖွဲ့ကို အားလုံးက အံ့အားသင့်နေကြ၏။

အောင်သန်းစိုးတို့အုပ်စုကိုလည်း အရင်လို ကျောင်းဝင်းထဲမှာ မတွေ့ရတော့။ ဒါပေမဲ့ အောင်သန်းစိုးတစ်ယောက်တည်းကိုတော့ တာရာအားငွဲ့မလျော့စွာ လိုက်မြဲလိုက်နေတာတွေ့ရ၏။ မင်းဝေတို့နှင့်ရန်ဖြစ်ပြီးကတည်းက တော်တော်အပိုးကျိုးသွားကာ သူတို့ကိုလည်း သက်တံ့[illegible]သည်း လုံးဝမကြိုးစားတော့ပေ။ သူသည် တာရာ့အချစ်ကို ရည်[illegible]

www.burmeseclassic.com

www.burmeseclassic.com



နှင့် လိုက်၍တောင်းခံနေပုံမှာ သူမအား ဘယ်လောက်စွဲလမ်းနေသလဲဟု မေးစရာမလိုအောင် သိသာလှသည်။ တာရာသည် သူမ၏စည်းရုံးရေး အောင်မြင်မှုတွေအပေါ် ကျေနပ်နေသော်လည်း မကျေနပ်တာတစ်ခုတော့ ရှိ၏။

အဲဒါက တခြားမဟုတ်. . .။ မင်းဝေနှင့်ပတ်သက်၍ ထိတွေ့ဆက်ဆံရတိုင်း မြန်ဆန်ပူနွေးနေတတ်သည့် သူမရဲ့ရင်ခုန်သံများကို ဖြစ်ပါသည်။ သူသည် သူမအား ချစ်ရေးဆိုထားသော ယောကျ်ားတစ်ယောက် ဖြစ်ပေမဲ့ နှစ်ယောက်ထဲရှိနေချိန်များမှာပင် စောင့်ထိန်းတတ်သူလည်း ဖြစ်သေး၏။ သို့သော် သူငယ်ချင်းများနှင့်အုပ်စုလိုက် သွားလာနေစဉ်များ၌ ဟိုလူသည်လူတွေကိုကွယ်ကာ တာရာ့အား ခိုးကြည့်တတ်သည်။ သူမသည် မင်းဝေရဲ့အကြည့်သူခိုးလေးများကို လိုက်ဖမ်းရတာ ရင်သပ်ရှုမောနိုင်သလို ကျေနပ်စရာတစ်မျိုးဖြစ်ပါ၏။ တလောတုန်းက သူ့အဖေဦးကြာရိုးတစ်ယောက် သိပ်နေမကောင်းဘူးဟု သိရ၏။ မင်းဝေမှာ ဖခင်ဖြစ်သူ ကျန်းမာရေးမကောင်းသည့်ကြားမှ သူ့မျက်နှာနွမ်းနွမ်းလေးကို သူမအတွက် ပြုံးချိုပေးထားလေသည်။

ထိုရက်များတွင် မင်းဝေသည် အတိတ်တုန်းက သူ့မိသားစုအကြောင်းကို သူမနှင့်သူငယ်ချင်းတွေအား စိတ်လိုစိတ်ရပြောပြနေမိ၏။ သူ့မေမေသည် သူ့ကို မွေးဖွားပြီးပြီးချင်းမှာပဲ တိမ်းပါးသွားခဲ့ရကြောင်း မင်းဝေထက် အသက်ခုနစ်နှစ်ကျော်ကြီးသော စက်မှုတက္ကသိုလ်ကျောင်းသား ကိုကိုမင်းနွေသည် မိန်းမတစ်ဦးကြောင့်အရက်စွဲကာ လုံးပါးပါးပြီး ကွယ်လွန်သွားခဲ့ရကြောင်း၊ သူ့ဖေဖေမှာ စိတ်ထိခိုက်လွန်းသဖြင့် လူ့ရှင်တော်ဘဝမှ အပြီးအပိုင်အနားယူခဲ့ကြောင်း၊ ကျန်းမာရေးမှာလည်း တစ်စထက်တစ်စ ချို့ယွင်းလာနေကြောင်း၊ အဲဒီတုန်းက ကိုကိုမင်းနွေမှာ ချစ်သူတစ်ယောက်ရှိကြောင်း၊ ကိုကိုတို့ချစ်သူနှစ်ယောက်မှာ အရမ်းချစ်ကြ



ကာ နှစ်ဖက်မိဘတွေကလည်း သဘောတူကြသဖြင့် လက်ထပ်ရန်အထိ စီစဉ်ခဲ့ကြကြောင်း၊ စေ့စပ်ဖို့ သွား၍တောင်းရမ်းချိန်တွင်ကျမှ ဖေဖေ့ကို နာမည်ရင်းဦးကြည်မောင်သန်းအဖြစ်က လူ့ရှင်တော်ဦးကြာရိုးမှန်းသိသွားခဲ့ကြောင်း၊ သူမတို့မိဘအသိုင်းအဝိုင်းများက သဘင်သည်များကို ဖက်ခွက်စားတွေဟု သဘောထားရှိကြကာ ကိုကိုနှင့်လက်ထပ်ရန်ကိစ္စအား ငြင်းဆန်လိုက်ကြကြောင်း၊ ကိုကိုလည်းအသည်းကွဲပြီး အရက်စွဲ၍ဘဝပျက်ခဲ့ကြောင်း၊ နောက်ဆုံးတော့ အသက်ပါဆုံးရှုံးခဲ့ရချိန်၌ ဖေဖေသည် ကိုကိုမင်းနွေဆုံးသွားရတာ သူ့ပယောဂမကင်းဘူးဟုခံယူကာ သူအင်မတန်ချစ်မြတ်နိုးသော လူ့ရှင်တော်ဘဝကို စွန့်လွှတ်ခဲ့ကြောင်း. . . စသဖြင့် သူက အပြည့်အစုံပြောပြနေမိခဲ့သည်။

သူငယ်ချင်းများမှာ တအံ့တသြနှင့် မင်းဝေ၏ငယ်ဘဝကို ကိုယ်ချင်းစာပြီး သနားမိကြ၏။ သူ့ကို ဝိုင်းပြီးနှစ်သိမ့်အားပေးကြ၊ သူတို့အကြောင်းတွေကိုလည်း တစ်လှည့်ပြန်၍ ပြောပြကြပါသည်။ မင်းဝေပြီးသွားတော့ ပြည့်စုံ၊ ပြည့်စုံပြီးသွားတော့ စည်သူအောင်၊ စည်သူအောင်ပြီးသွားတော့ ခင်မေအောင်၊ ခင်မေအောင်ပြီးသွားတော့ မြင့်နိုင်ဦး၊ မြင့်နိုင်ဦးပြီးသွားတော့ တာရာ. . .။ ဒီလိုနှင့် စကားပြောရန်မှာ သူမအလှည့်သို့ ရောက်ရှိလာခဲ့တော့သည်။

တာရာသည် သူငယ်ချင်းများ၏ အခက်အခဲကိုယ်စီနှင့် လွမ်းဆွတ်ကြေကွဲစရာ အဖြစ်အပျက်တွေကြားတွင် အရာရာပြည့်စုံချောမွေ့နေသည့် သူမရဲ့ဘဝကို ပြောပြဖို့အားနာနေမိ၏။ အထူးသဖြင့် သူ့ကို ၍အားနာစရာကောင်းသည်။ တခြားသူငယ်ချင်းများနှင့်ယှဉ်လျှင် သူမ၏ဒုက္ခတွေသည် တော်တော်ရယ်စရာကောင်းလှပါ၏။ အခုဆို စကားပြောရန်အလှည့်သည် တာရာ့ပခုံးပေါ် ကျရောက်နေခဲ့ပြီ။ သူမက စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



တာရာ့ဖေဖေဦးကျော်အောင်သည် စီးပွားရေးလုပ်ငန်းများစွာကို ပိုင်ဆိုင်၍ အလွန်ကြွယ်ဝချမ်းသာသည်။ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ TARA တံဆိပ် အထည်ချုပ်စက်ရုံအပါအဝင် အများကြီးဖြစ်သော်လည်း အဓိကမှာ 'မျိုးချစ်' ဘဏ်လုပ်ငန်းများဖြစ်သည်။ ဦးကျော်အောင်ပိုင်ဆိုင်သော 'မျိုးချစ်' ဘဏ်လုပ်ငန်းသည် မြန်မာနိုင်ငံအနှံ့ ဘဏ်ခွဲများစွာဖြင့် အောင်မြင်မှုတွေရနေသည့် ဘဏ်တစ်ခုလည်းဖြစ်ပါသည်။ တာရာ့မေမေဒေါ်သီဂီကတော့ ရန်ကုန်တက္ကသိုလ်ရုက္ခဗေဒဌာနမှဖြစ်ပြီး သူမငယ်ငယ်ကတည်းက အစိုးရဝန်ထမ်းဖြစ်သည့် မေမေတာဝန်ကျရာ မြို့များမှာပဲ လိုက်နေလေ့ရှိ၏။ မေမေသည် ထက်မြက်သည့် တက္ကသိုလ်ဆရာမတစ်ဦးပီပီ တာရာ့ကိုလည်း အမျှော်အမြင်ကြီးစွာ ပုံသွင်းထားနိုင်ခဲ့သည်။

ဒေါ်သီဂီသည် လွန်ခဲ့သောခြောက်လခန့်က မန္တလေးတက္ကသိုလ်မှ ရန်ကုန်တက္ကသိုလ်သို့ တွဲဖက်ပါမောက္ခရာထူးဖြင့် ပြောင်းရွှေ့လာရသဖြင့် တာရာသည်လည်း မန္တလေးဆေးတက္ကသိုလ်မှ ရန်ကုန်ဆေးတက္ကသိုလ်ကို ပြောင်းလာခဲ့ရသည်။ စီးပွားရေးကောင်းလွန်းလှသည့် မိသားစုမှီ မန္တလေးမှ တိုက်နှင့်ခြံကိုသော့ခတ်ပြီး ရန်ကုန်အိမ်သို့ လက်ဆွဲအိတ်တစ်လုံးကိုင်ကာ အသင့်တက်နေရုံပဲဖြစ်လေသည်။ ဖေဖေကတော့ အရင်ကတည်းက သူ့အလုပ်တွေနဲ့သူ အမြဲရှုပ်နေပြီး ရန်ကုန်နှင့်မန္တလေးကို တစ်လှည့်စီနေသူဖြစ်၏။ တာရာ့အတွက် ဒုက္ခဆိုတာ အပြင်သွားခါနီး အဝတ်ရွေးရသည့်ဒုက္ခ၊ ဒေါက်ဖိနပ်မကြိုက်သောသူမကို မေမေက စီးကျင့်ရအောင် ဒေါက်ဖိနပ်အတင်းစီးခိုင်းသည့်ဒုက္ခ၊ ရန်ကုန်မြို့၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများသည် မန္တလေးလိုမဟုတ်ဘဲ ကားမောင်းတိုင်း မကြာခဏ ယာဉ်ထိန်းရဲ၏ အဖမ်းခံရသည့်ဒုက္ခ၊ သူမ၏လှပစူးရဲသည့် အနေအထိုင်ပေါ် မျက်စိကျပြီး ဝိုင်းလိုက်နေကြသောကောင်လေးများ၏



ပဲနပ်စွာ အလိုက်အထိုက်တုံ့ပြန်ပြောဆိုရသည့် ဒုက္ခ. . . စသဖြင့် သူမအားကျစရာလေးတွေသာ ဖြစ်ပါသည်။

တာရာပြောပြသမျှ သူမအကြောင်းများမှာကို နားထောင်နေရာမှ စည်သူအောင်က ဆရာကြီးဟန်နဲ့ မှတ်ချက်ဝင်ပေး၏။

"ဩော်. . . တာရာ၊ တာရာ. . နင်က ဒီလိုဘဝမျိုးမှာနေထိုင်ကြီးပြင်းခဲ့တော့ တကယ့်ဘဝဆိုတာကို ဘယ်နားလည်ပါ့မလဲ၊ ဒါကြောင့်လည်း နင်က ပေါ့ပါးနေနိုင်တာကိုး. . ."

စည်သူ့လေသံတွေကို နားထောင်ရတာ သူက တာရာ့ကို လျှော့တွက်ထားပုံရပါသည်။ ဒီမှာတင် တာရာ့ဆီက တုံ့ပြန်မေးခွန်းများ ရောက်လာလေတော့၏။

"နေပါဦးစည်သူ. . . နင်ပြောတဲ့ တကယ့်ဘဝဆိုတာ ဘာလဲ၊ ရှင်းပြစမ်းပါဦးဟဲ့. . ."

စည်သူအောင်က ဒီတော့မှ ဖင်ကုတ်ခေါင်းကုတ်နှင့် ဝေ့လည်လည်အဖြေကို ပေးသည်။

"ငါဆိုလိုတာက လူတိုင်း နင်တို့လို နေနိုင်ကြတာမဟုတ်ဘူး၊ အပြင်မှာ ထမင်းတစ်လုတ်စားရဖို့ ရုန်းကန်နေရတဲ့ဘဝတွေ နင်ဘယ်ကြုံဖူးမှာလဲ၊ အဲဒါကိုပြောတာ. . ."

ထိုအခါ တာရာက . . .

"နင်က ဆင်းရဲကျပ်တည်းတဲ့ဘဝကိုမှ ဘဝထင်နေတာကိုး။ တကယ်တော့ သူဌေးသန်းကြွယ်ကြီးတွေ၊ ကမ္ဘာကျော်မင်းသားမင်းသမီးတွေ၊ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ နိုဗယ်ဆုရ သိပ္ပံပညာရှင်ကြီးတွေရဲ့ဘဝတွေဟာ နင်ပြောသလိုဆို တကယ့်ဘဝမဟုတ်တော့ဘူးပေါ့၊ အဲဒီလိုဘယ်ဟုတ်ပါ့မလဲစည်သူရဲ့၊ သူတို့ဆီမှာလည်း သူတို့ရဲ့ကိုယ်ပိုင်ဘဝဆိုတာရှိတာပဲဟ. . .။ နင် ငါ့ကို စောစောတုန်းက စွပ်စွဲသလိုဆိုရင် ပြည့်စုံတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝတွေဟာ ပေါ့ပေါ့ပါးပါးနဲ့ ဘာကိုမှ မလေးနက်တဲ့လူတွေ ဖြစ်ကုန်မှာ ပေါ့၊ တကယ်တော့ ချမ်းသာကြွယ်ဝပြီး လေးနက်စူးရှတဲ့လူတွေ၊ ဘဝတွေ အများကြီးပါ စည်သူရာ. . . "

ရုတ်တရက်ပြောချလိုက်သော တာရာ့စကားကြောင့် မင်းဝေတော် ကိုယ်လုံး ကြက်သီးတွေထသွားတဲ့အထိ ကြည်နူးလာမိ၏။ သူမ၏ ဒီလို အသိဉာဏ်မျိုးနှင့် လက်ရှိလူ့အဖွဲ့အစည်းကို ဖြတ်သန်းနေထိုင်ခြင်းမှာ စိတ်ကျေနပ်စရာကောင်းလှသည်။

ခဏငြိမ်သွားသော သူတို့သူငယ်ချင်းများကြားတွင် စကားသံများ ပြန်လည်ပေါ်ထွက်လာခဲ့၏။ အသံတွေအားလုံးမှာ စည်သူ့ကို အသားတုံ ဝိုင်းဆဲကြခြင်းနှင့် တာရာ့ကို ဝိုင်းဝန်းချီးကျူးကြခြင်းသာဖြစ်ပါသည်။ စည်သူအောင်ကိုယ်တိုင်လည်း တာရာ့ကိုတောင်းပန်၏။

"အေးပါတာရာရယ်. . . ဆောရီးပါ၊ ငါ ပြောမှားဆိုမှားဖြစ်တာ လည်း ဒွေမယူပါနဲ့၊ အယူအဆမှားသွားတာကို ထောက်ပြပေးတဲ့အတွက် လည်း အရမ်းကျေးဇူးတင်ပါတယ်၊ နောက်တစ်ခါဆို အရပ်ထဲမှာ ပြောတွေ ပြောထရှိတဲ့ အမှန်တရားလို့ထင်ရတဲ့ စကားမျိုးကို ငါ လူရှေ့မှာပြောဖြစ် တော့မှာမဟုတ်ဘူး၊ ဘယ်လိုနေရာမှာမဆို ကိုယ့်ထက်ကျယ်ပြန့်တဲ့ လူတွေ ရှိနေနိုင်တယ်လို့ ငါဆင်ခြင်မိသွားတော့မှာ သေချာတယ်"

စည်သူအောင်၏ဝန်ခံစကားအဆုံးမှာ သူတို့အားလုံး အစိပ္ပါယ် ရှာ ပြုံးနေမိကြသည်။ ထိုအထဲတွင် မင်းဝေရဲ့အပြုံးက တခြားသူများထက် အနည်းငယ်ပို၍ ထူးခြားနေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူက တာရာ့အသိဉာဏ်များအတွက် နှလုံးသားဖြင့် ပြုံးလိုက်မိသောကြောင့်ဖြစ် လေ၏။

ကန်တင်းမှာအုပ်စုဖွဲ့နေသော သူတို့ဆီသို့ အတန်းထဲမှ တင့်ဇော် ဆိုသည့်မှန်ကြောင်က ဝမ်းသာအားရလာပြောသည်။ သူစကားများ



မင်းဝေကို ဦးတည်ပြီးပြောခြင်းဖြစ်၏။

"လူပြက်. . . ဆရာဦးသန့်လွင်က မင်းကို သူ့ရုံးခန်းထဲလာခဲ့ဖို့ မှာလိုက်တယ်၊ ငါတို့ ရန်ကုန်ဆေးတက္ကသိုလ်ရဲ့ နှစ်ငါးဆယ်ပြည့်ရွှေရတု အထိမ်းအမှတ်ညစာစားပွဲမှာ မင်းတို့ကိုလူရွှင်တော်လုပ်ခိုင်းပြီး အငြိမ့်က မယ့်ကိစ္စတဲ့၊ မြန်မြန်သွား. . . "

သူတို့အားလုံး တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက် မိကြပါသည်။

●

ထို့နောက်တွင် သူတို့အဖွဲ့သည် ကျောင်း၏ကိုယ်စားပြု လူရွှင် တော်များအဖြစ် ရွှေရတုဒင်နာ၌ ဖျော်ဖြေဖို့ ပြိုင်ဘက်မရှိဖြစ်လာ၏။

ဘယ်ဆေးကျောင်းသား ဆရာဝန်လောင်းမှ အငြိမ့်လူပြက်လုပ်ဖို့ ဝါသနာမပါသည့်အလျောက် သူတို့လေးယောက်မှာ ထိုတာဝန်ကို အော် တိုရသွားခဲ့ခြင်းလည်းဖြစ်သည်။ ဒီတော့ ခင်မေအောင်ကလည်း ရွှေ ထွက်မင်းသမီးဖြစ်လာရ၏။ တာရာက အလွန်ပျော်နေ၏။ သူမရဲ့သူငယ် ချင်းများအားလုံးမှာ မင်းသမီးနှင့်လူပြက်များအဖြစ် အငြိမ့်အဖွဲ့တွင် ပါဝင် ကပြအသုံးတော်ခံရမည် မဟုတ်ပါလား။ တာရာသည် အကတိုက်တော့ လည်း လိုက်ရှုပ်ပါသည်။ ပြက်လုံးတွေကို စဉ်းစားနေချိန်တွင်လည်း သူ့အို ဘေးမှာ တဟားဟားနှင့် အော်ရယ်နေပြန်၏။

မင်းဝေသည် သူ့ကိစ္စဘာမှမရှိဘဲနှင့် အတန်းချိန်တွေကိုဖျက်ပြီး ဝေလေလေလုပ်နေသည့် ကလေးလိုလိုခွေးလိုလို ပေတိပေစုတ်ကောင် မလေးကို စိတ်ရှိလက်ရှိ နမ်းရှိုက်ပစ်လိုက်ချင်ပါသည်။ ထိုကဲ့သို့ရွှေရတု အငြိမ့်ပွဲအတွက် သူတို့ပြင်ဆင်နေကြစဉ် မင်းဝေရဲ့ဖခင်ဦး[illegible]က သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်ကမည့်အကြောင်းကို သိသွားခဲ့၏။ နောက်ဆက်တွဲပြဿနာမှာ လုံးဝအငြိမ့်မကရန် ဦးကြာရိုးက မင်းဝေကို အပြင်းအထန်တားမြစ်ခြင်း ဖြစ်လေတော့သည်။ မင်းဝေကလည်း ခေါင်းမာ၏။ ဦးကြာရိုး၏တားမြစ်စကားကို နားမထောင်ဘဲ အငြိမ့်ကဖို့ လိုအပ်သည့်ပြင်ဆင်မှုများအား စူးစမ်းလေ့လာနေခဲ့သည်။ အငြိမ့်ပွဲသည် တဖြည်းဖြည်းနီးကပ်လာ၏။

သူ၏ အငြိမ့်မကရအမိန့်ကို မနာခံသဖြင့် စိတ်ဓါတ်ကျနေသည့် ဦးကြာရိုးအား မင်းဝေက 'ဒီတစ်ခါတော့ အဖေ့စကားကို နားမထောင်ဖြစ်တာခွင့်လွှတ်ပါ' ဟု စိတ်ထဲမှာကြိတ်၍ တောင်းပန်နေမိ၏။ သူသည် ကိုကိုနှင့်ပတ်သက်သော ဖေဖေ့နာကျင်မှုကို ပြီးဆုံးသွားစေချင်လှပြီ။ ဖေဖေက ဒါတွေကို အကုန်ရောထွေးခံစားကာ သူသဘောအတိုင်း လူရွှင်တော်ဘဝကို ကျောခိုင်းပစ်ခဲ့၏။

သူက မဆိုင်သောပြဿနာနှစ်ခုကို ဆက်စပ်ဖြေရှင်းခဲ့သည့် ဖေဖေ့လုပ်ရပ်အား ဘယ်လိုမှနားမလည်နိုင်ခဲ့။ အမြင်ကျဉ်းမြောင်းသော မိသားစုတစ်စုက သဘင်သည်အလုပ်ပေါ်၌ ထားရှိသည့်သဘောထားအား ဖေဖေက ဒီလောက်ခံစားနေတာကို သူအံ့ဩလှပါသည်။ ထားပါ။ အဲဒီတုန်းက ကိုကိုမင်းနွေဆုံးသွားခါစ ပူပူနွေးနွေးပဲရှိသေးတာမို့ ဖေဖေ့ဆုံးဖြတ်ချက်နဲ့ အပြုအမူတွေကို သူ နားလည်ပေးနိုင်သေးသည်။

နောက်တစ်ချက်က ဖေဖေသည် အသက်အရွယ်အရ ဒီလူရွှင်တော်အလုပ်ကို နားသင့်ပြီဟုလည်း မင်းဝေထင်မိ၏။ အခုဟာကတော့ ဆိုးရွားလွန်းလှသည်။ သူနှင့် ဘာမှမပတ်သက်ပါဘဲနှင့် မင်းဝေကိုပါ အငြိမ့်မကရန် တားမြစ်ချက်ကိုတော့ လက်မခံနိုင်ချေ။ သူက ဖေဖေနှင့်အငြင်းအခုန်ဖြစ်သည့်နေ့က စကားရှည်ရှည်တစ်ခွန်း ပြောခဲ့ပါသည်။

"ဖေဖေ့တုန်းကကျတော့ အားလုံးနဲ့အတိုက်အခံလုပ်ပြီး ဒီအလုပ်ကိုလုပ်ခဲ့တယ်၊ အခု သားအလှည့်ကျတော့ ဘာမှမခိုင်လုံတဲ့ အကြောင်းပြ



ချက်နဲ့ ဖေဖေကကန့်ကွက်နေတာ တရားသလားဖေဖေ၊ ဖေဖေ့ရဲ့ အဓိပ္ပါယ်မရှိဘဲ တစ်ဖက်သတ်ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်အောက်မှာ သားရဲ့လွတ်လပ်မှုတွေ၊ အခွင့်အရေးတွေဟာ မြေမြှုပ်ပစ်လိုက်ရမှာလား၊ ဒါမှမဟုတ် . . . "

မင်းဝေက စကားကိုခဏမျှနားလိုက်ပြီးမှ ဆက်ပြောသည်။

"ဖေဖေက သားရဲ့အနုပညာကို မယုံကြည်တာလား"

ဖေဖေသည် သူ့စကားအဆုံးမှာ ဆတ်ခနဲတစ်ချက်တုန်ခါသွား၏။ ပြီးတော့ သူ့ကိုလည်း အကြာကြီး တွေဝေငေးစိုက်ကြည့်နေခဲ့သည်။

ထို့နောက် ဖေဖေသည် မင်းဝေ အငြိမ့်ကသည့်ကိစ္စနှင့်ပတ်သက်၍ လုံးဝထပ်မပြောတော့ပေ။ ညရောက်တော့ ဖေဖေ့အိပ်ရာဆီသို့ ခြေဖျားထောက်ကာ သွားကြည့်မိ၏။ အိပ်ပျော်နေသည့် ဖေဖေ့နှုတ်ခမ်း၏ထောင့်စွန်း၌ အပြုံးသေးသေးလေးတစ်ခု တွဲခိုနေလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ရန်ကုန်ဆေးတက္ကသိုလ်၏ ရွှေရတုသဘင် ညစာစားပွဲမှာ မီးရောင်စုံများဖြင့် လှပစွာအသက်ဝင်နေပါသည်။ အငြိမ့်ပွဲဖြစ်မြောက်ရေးဘာဝန်ခံ ဆရာဦးသန့်လွင်က မင်းဝေကို စိတ်ချယုံကြည်မှုအပြည့်ဖြင့် လွှမ်းကြည့်လိုက်၏။ မီးရောင်စုံတွေအောက်မှာ လူသံများ၊ ရွှန်းသံ၊ ခက်ရင်းသံများ၊ ဟားတိုက်ရယ်မောသံများ၊ စတိတ်စင်ပေါ်မှ တေးဂီတသံများ. . . အားလုံးသည် အရောရောအနှောနှော ဖြစ်လျက်ရှိသည်။

မြက်ခင်းပေါ်ရှိစားသောက်ပွဲများနှင့် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသော ကျောင်းသားကျောင်းသူများ ပျော်မြူးရွှင်လန်းနေပုံမှာ မိတ်ဆုံစားပွဲ၏သရုပ်ကို ပီပြင်နေစေ၏။ အခုချိန်သည် စတိတ်ရှိုးအစီအစဉ်ဖြစ်ပြီး သိပ်မကြာသောကာလ၌ သူတို့အဖွဲ့ရဲ့အလှည့်ကို ရောက်ရှိလာတော့မည်။ သူတို့၏စားသောက်ဝိုင်းက သီးသန့်ဝိုင်းဖြစ်ကာ ဇာတ်စင်ရဲ့ အနောက်ဘက်ယွန်းယွန်းတွင်ရှိပါသည်။ ခင်မေအောင်မှာ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးအဝတ်အစားတွေနှင့် ကြည့်ရတာ တစ်မျိုးကြီးဖြစ်နေ၏။

ရာသီဥတုမှာ ဆောင်းသို့ဝင်ခါစ. . .။ တာရာသည် အမေဖြစ်သူ ဒေါ်သိင်္ဂီကို ကျောင်းမှ ဒေါက်တာဆရာမတစ်ယောက်နဲ့ မိတ်ဆက်ပေးထားကာ သူမကတော့ သူတို့အုပ်စုနားမှာ ဟိုရှုပ်ဒီရှုပ်နှင့် ပျော်ရွှင်နေလေသည်။ သူမသည် လှပသွက်လက်စွာ အုံမြူးနေသော လိပ်ပြာအဖြူရောင်လေးတစ်ကောင်နဲ့ တူလှန်း၏။ လိပ်ပြာအဖြူလေးသည် ဟိုအကိုင်းမှဒီအကိုင်း၊ ဒီအကိုင်းမှ နောက်ထပ်တစ်ကိုင်းဆီသို့ သဘာဝအတိုင်း ခုန်ကူးဝဲပျံနေပါသည်။ တာရာ့အပြင် 'ဝိုင်း' ဆိုသောအလှနတ်သမီးလေးကလည်း ဧည့်ပရိသတ်များအကြားတွင် ရောက်ရှိနေသည့်အတွက် ကျောင်းသားအုပ်စုတွေမှာ လှုပ်ရှလှုပ်ရှဖြစ်နေကြ၏။

နီဝင်ဘာဆောင်းည၏ ဘော်ကြယ်ရောင်များနှင့်အပြိုင် တာရာ့မျက်လုံးလေးတွေက တဖျတ်ဖျတ်လက်ပလျက်ရှိသည်။ မင်းဝေက သူမရဲ့နှုတ်ခမ်းရဲရဲစိုစိုလေးကို ငေးရီကြည့်နေမိ၏။ အကြောင်းမှာ သူမ မတော်တဆပြုံးရယ်လိုက်ချိန်များ၌ သူအင်မတန်မြတ်နိုးသော သွားတက်လှလှလေးကို မြင်တွေ့ရတတ်ခြင်းကြောင့် ဖြစ်ပါသည်။ မင်းဝေက စိတ်ထဲမှာတိတ်တိတ်လေးပြောလိုက်မိ၏။

နင့်ကိုငါ သိပ်ချစ်တာပဲ ဘာရာရယ်။

တာရာသည် ဘာကိုမှမသိတတ်စွာ မင်းသမီးဝတ်စုံနဲ့ အနေအထိုင်ကျဉ်းကျပ်နေသော ခင်မေအောင်ကို လိုက်စနေပြန်သည်။ ဒီလိုနှင့်စတိတ်ရှိုးအစီအစဉ်ပြီးဆုံးသွားကာ သူတို့အဖွဲ့၏အလှည့်ကို ရောက်လာတော့သည်။ အငြိမ့်ပွဲက စတင်လေပြီ။

ဆေးတက္ကသိုလ်ရှိ ဆရာဝန်ကြီးများ၊ ပါမောက္ခကြီးနှင့်ပတ်သက်ပြီး နာမည်ကျော်ဒါရိုက်တာနှစ်ယောက်လည်း ဧည့်ပရိသတ်များထဲတွင်ရောက်ရှိနေကြောင်း သူတို့သိရ၏။



တာရာက သူတို့အဖွဲ့ စင်ပေါ်တက်သွားချိန်တွင် မေမေ့အနားမှာ သွားပြန်ထိုင်၍ ပရိသတ်လုပ်ဖို့ အသင့်ပြင်ထားလိုက်သည်။ မေမေ့ကိုလည်း သူမက သူငယ်ချင်းတွေအကြောင်း ကြိုပြီးကြွားထားတာမို့ သူတို့အုပ်စုအပေါ် မေမေ့အမြင်ကို တာရာသိချင်၏။

မင်းဝေတို့က လူပြက်များရဲ့ထုံးစံအတိုင်း ဒီအငြိမ့်ပွဲသည် ဘာအထိမ်းအမှတ်နှင့် ကျင်းပသောအငြိမ့်သဘင်ဖြစ်ကြောင်း ပရိခံစကားပြောကြားနေပါသည်။ သူတို့၏လေယူလေသိမ်းနှင့် စကားလုံးအဖြတ်အတောက်များက တကယ့်ဝါရင့်လူရွှင်တော်ကြီးတွေလို ကျွမ်းကျင်လိမ္မာမှုကို ဖော်ပြနေသည်။ ခင်မေအောင်ရဲ့ နူးညံ့လှပသောကကြိုး၊ ကကွက်တွေကလည်း ရွှေပွဲလာများ၏ဘဝင်ကို ဖမ်းစားထားနိုင်ခဲ့သည်။ သူတို့အဖွဲ့ရဲ့ ပြက်လုံးများကြောင့် ရယ်သံတွေက အုန်းအုန်းထနေ၏။ လက်ခုပ်သံ၊ လေချွန်သံ၊ ထောက်ခံအားပေးသံများသည် ဆောင်းညထဲ၌ ပုံမှန်ပေါ်ထွက်လျက်ရှိသည်။

ဆရာဦးသန့်လွင်က သူ့တပည့်များရဲ့အောင်မြင်မှုကို ဆရာဝန်ကြီးများဘေး၌ ပြုံးပြုံးပြုံးပြုံးနှင့် ဂုဏ်ယူနေ၏။ ထို့အတူ တာရာသည်လည်း မေမေ့ရဲ့ရယ်မောသဘောကျနေပုံကို စိတ်ထဲမှ ကျေနပ်နေမိသည်။ မေမေ့ဆီက ချီးကျူးစကားကိုကြားရလျှင် 'ဒါ သမီးသူငယ်ချင်းတွေ' ဟု သူမဘဝင်မြင့်သွားတတ်၏။ ပရိသတ်များအားလုံးသည် မင်းဝေ၏ဟန်ပန်အမူအရာတွေကို အထူးနှစ်ခြိုက် သဘောကျလျက်ရှိပါသည်။ အံ့ဩစရာတစ်ခုမှာ ပရိသတ်တွေထဲ၌ အောင်သန်းစိုးနှင့်တင်မောင်ထွေးတို့အုပ်စုကပါ အငြိမ့်ကို ရယ်ရယ်မောမောအားပေးနေခြင်း ဖြစ်လေသည်။

စည်သူအောင်နှင့်ပြည့်စုံတို့နှစ်ယောက်မှာ မင်းဝေကို အကောင်းဆုံးထောက်ပံ့ပေးနိုင်ကြသော အလွန်အတွဲညီသည့် လူပြက်များအပြစ်သက်ခုပ်သံတွေရနေ၏။ မြင့်နိုင်ဦး၏ တစ်ချက်တစ်ချက်၌ ရုပ်ရည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝင်ပြောလိုက်သည့်ပြက်လုံးများကတော့ လူတွေကို အတွေးနဲ့ရယ်မောသွားစေသည်။ သူတို့အဖွဲ့ကို မော်ဒန်လူပြက်တွေဟု ပရိသတ်ဆီမှ ပြောဆိုသံများလည်း ကြားနေရ၏။

မင်းဝေ ။ ။ ငါတို့ကျောင်းတွေပြီးသွားတဲ့အခါ ဆရာဝန်ဖြစ်ပြီကွ . . . နော် ပြည့်စုံ။

ပြည့်စုံ ။ ။ အေး. . . ဟုတ်တယ်၊ ထောပြီ။

မင်းဝေ ။ ။ အာ. . . ဒီကောင်ကတော့ ကျောင်းတောင်မပြီးသေးဘူး၊ ပိုက်ဆံရှာမယ်ဆိုတာချည်းပဲ။ ခက်တော့နေပါပြီ။

မြင့်နိုင်ဦးက ရုတ်တရက် သူတို့နှစ်ယောက်ကြားမှ ပရိသတ်ဘက်သို့ လက်မနဲ့လက်ညှိုးအားဝိုင်းပြကာ စကားတစ်ခွန်းကို အမြန်ပြောချလိုက်သည်။

မြင့်နိုင်ဦး ။ ။ ဒါကတော့ရှာရမှာပေါ့ကွ။ မဝိုင်းကစပီကင်(Speaking) တတ်တဲ့ခေတ်ကြီးကို ရောက်နေတဲ့ဥစ္စာ . . ။

ပထမတော့ ပရိသတ်များက ငြိမ်နေသေး၏။ နောက်မှ မြင့်နိုင်ဦးရဲ့ဆိုလိုရင်းဖြစ်သည့် 'ငွေကစကားပြောတဲ့ခေတ်' ဟူသော အဓိပ္ပါယ်ကို သဘောပေါက်ကာ ရယ်သံတွေထွက်လာလေသည်။ 'ဝိုင်း' ဆိုသည်မှာ တာရာ့လိုပဲ ဆေးတက္ကသိုလ်မှာ အချောအလှစာရင်းဝင် ကွင်းဘွဲ့ရထားသော ဆေးကျောင်းသူတစ်ဦး ဖြစ်သည်။

စည်သူအောင် ။ ။ အေး. . . အဲဒီမဝိုင်းက တကယ်စပီကင်တတ်ရင် ငါ့ဆီ တစ်ညလောက်လွှတ်လိုက်ပါလား။

ပြည့်စုံ ။ ။ မင်းက ဘာလုပ်မလို့လဲ။

စည်သူအောင် ။ ။ ငါက မဝိုင်းကို အပိုင်ရအောင် ညတွင်းချင်း လက်ထပ်မယ်လေ။ ပြီးရင် . . .

ပြည့်စုံ ။ ။ ကဲ. . . ပြောစမ်းပါ။ ပြီးရင် မင်းက ဘာလုပ်မှာလဲ၊ ပြော. . . ။



စည်သူအောင် ။ ။ ပြီးရင်လား။ ငါ အင်္ဂလိပ်စာကျူရှင် ထောင်မယ်၊ သူ့ကို စပီကင်သင်ခိုင်းမယ်။ ငါက ကျူရှင်လခတွေကို သိမ်းမယ်။ ငွေသိမ်းပေါ့. . . ဟဲဟဲဟဲ. . . ။

မင်းဝေ ။ ။ ဘုရား၊ ဘုရား. . . မင်းက မဝိုင်းကိုမယားပြုပြီး ငွေတောင်ပြန်ရှာခိုင်းဦးမယ်ဟုတ်လား၊ မှားပါတယ်. . . မှားပါတယ်။ တကယ့်အာဂနဲ့ လာတွေ့နေပါ့လား။

'ဝိုင်း' ဆိုသော အလှဘုရင်မလေးက ခေါင်းကိုငုံ့ထားကာ ရှက်ရယ်ရယ်နေ၏။

ကျောင်းသားအုပ်စုဆီမှ "ဟေး"ခနဲ သြဘာပေးသံကြီးက ဟိန်း၍ထွက်ပေါ်လာပါသည်။ ပြည့်စုံက သူတို့ပြက်လုံးကို ဆက်လိုက်၏။

ပြည့်စုံ ။ ။ သူပြောတာ ဟုတ်တော့လည်းဟုတ်တာပဲ။ ဒီခေတ်ကြီးထဲမှာ ပိုက်ဆံကတော့ လိုတယ်ကွ။ ငါကတော့ ဘွဲ့ရတာနဲ့ ဆေးခန်းဖွင့်မယ်။

စည်သူအောင် ။ ။ အံမာ. . . လာသေးတယ်။ မင်းမို့လို့ မရှက်မကြောက်ပြောရဲတယ် ပြည့်စုံရာ။ ဒီလောက် ဆပ်ပလီထိနေတဲ့ကောင်ကများ ဘွဲ့ရချင်သေးတယ်။ မင်းဦးနှောက်နဲ့ ဘာဘွဲ့ရမယ်ထင်လို့လဲ။

ပြည့်စုံ ။ ။ အမ်. ဘီ. ဘီ. အက်စ်ဘွဲ့လေ။

စည်သူအောင် ။ ။ ဒါဆိုလည်း ပြောစမ်းပါဦး။ အဲဒီဘွဲ့ရဲ့အဓိပ္ပါယ်ကို အကျယ်ရှင်းပြစမ်းပါဦး။

ပြည့်စုံ ။ ။ ဒါများ. . .

စည်သူအောင် ။ ။ ပြောပါဦး။

ပြည့်စုံ ။ ။ ငါလည်းမသိဘူးလေ. . . အဟီး. . . ။

စည်သူအောင် ။ ။ အလကားကောင်။ ကိုယ်ယူမယ့်ဘွဲ့နာမည်ကိုတောင် အဓိပ္ပါယ်မသိဘူး။ ရဦးမယ့်အဲဒီဘွဲ့. . . ဒွိုင်း. . .

www.burmeseclassic.com

www.burmeseclassic.com



စည်သူအောင်သည် ဘေးမှာတစ်ယောက်တည်း အိုက်တင်နှ
ပြုံးနေသော မင်းဝေအား တစ်ချက်လှမ်းရိုက်ပြီး မေးလိုက်ပြန်သည်။

စည်သူအောင် ။ ။ မင်းကရော ဘာပြုံးနေတာလဲ။ အမ်. ဘီ. ဘီ. အက
ရဲ့ အနက်ကိုသိသလား။

မင်းဝေ ။ ။ သိတာပေါ့။

စည်သူအောင် ။ ။ ဒါဖြင့်. . . ပြောစမ်း။

မင်းဝေ ။ ။ မြန်မာဗုဒ္ဓဘာသာ ဝိနည်းဆရာတဲ့။ ကိုယ့်လူ မသိ
မှတ်ထား. . .

စင်အောက်ရှိ ပရိသတ်များမှ တဝါးဝါး တဟားဟားအသံ
ဆူညံ၍သွားသည်။ တာရာသည် သဘောကျစွာ အားရပါးရ လက်ခုပ်
ကာ အားပေးနေမိ၏။ သူမက မေမေ့ရှေ့မှာ သူ့အတွက် တိတ်တခိုးဂု
ယူနေခဲ့သည်။

စည်သူအောင် ။ ။ ဟေ့ကောင် မင်းဝေ. . . မင်းဟာ တစ်လွဲတွေချည်
စကားကို ကောင်းကောင်းပြောကွာ။

မင်းဝေ ။ ။ ဟာ. . . ငါလည်း ဒါပဲသိတာကွ။

စည်သူအောင် ။ ။ မရဘူးကွာ။ ပြောရမယ်။

မင်းဝေ ။ ။ ရော်. . . ခက်နေမှပဲ။ ဒါပဲသိတာပါဆို. . . ။

သူတို့နှစ်ယောက် အချီအချဖြစ်နေစဉ် မြင့်နိုင်ဦးက မင်းဝေ
မှ ဝင်ပြောလိုက်ပါသည်။

မြင့်နိုင်ဦး ။ ။ သူလည်း သူသိတာပြောတာပဲ စည်သူရာ၊ မင်း
တော့သိလို့လား။ မင်းလည်း ဆေးကျောင်းသ
ဥစ္စာ. . .

စည်သူအောင် ။ ။ ဟီးဟီး. . . ငါလည်းမသိဘူးကွ။

စည်သူအောင်က အရှက်ပြေခေါင်းကုတ်နေစဉ် ပြည့်စုံမှာ



ဝိုင်းထဲသို့ ကမန်းကတန်း ဝင်ရောက်လာလေသည်။

ပြည့်စုံ ။ ။ ဒီကောင် စည်သူဆရာဝန်ဖြစ်လို့ ဆေးခန်းဖွင့်ရင်
ဆိုင်းဘုတ်ချိတ်လိုက်တာနဲ့ ဘယ်လူနာမှ လာမှာ
မဟုတ်ဘူး. . . သိလား။

စည်သူအောင် ။ ။ ဘာဖြစ်လို့တုံး။ ငါ့ပညာကို မယုံကြည်လို့လား။

ပြည့်စုံက အသင့်ယူလာသော ဆိုင်းဘုတ်ပြားကြီးကိုပြရင်း ပြန်
ပြောလိုက်၏။

ပြည့်စုံ ။ ။ ဟောဒီဆိုင်းဘုတ်ကြောင့်ပဲ. . . ။

မင်းဝေ ။ ။ မှန်းစမ်း. . . ။

ပြောပြောဆိုဆို မင်းဝေက ပြည့်စုံလက်ထဲမှဆိုင်းဘုတ်ပြားကြီးကို
ဆွဲယူပြီး ပရိသတ်ဘက်သို့လှည့်၍ ထောင်ပြလိုက်ပါသည်။ 'ဒေါက်တာ
အလောင်းစည်သူ' ဆိုသည့်နာမည်ကို ထင်ရှားစွာရေးထားကာ နာမည်
နောက်မှ ကွင်းစ၊ ကွင်းပိတ်ထဲ၌ A.B.C.D . . . လို့ ခပ်တည်တည် ဆက်
ရေးထားတာတွေ့ရ၏။ မင်းဝေသည် ဆိုင်းဘုတ်ပြားကို ပရိသတ်များမြင်
သာစေရန် လိုက်ထောင်ပြနေသည့်အပြင် နှုတ်မှလည်း 'ဒေါက်တာ
အလောင်းစည်သူ A.B.C.D . . .' ဟု အကျယ်ကြီး အော်ဖတ်ပြနေပြန်
သည်။

မြင့်နိုင်ဦး ။ ။ ကောင်းလိုက်တဲ့ဆရာဝန်နာမည်ကွာ၊ လူနာတွေ
အတွက် တော်တော်အားရှိစရာပဲ၊ ဆေးခန်းမှာ
လူတွေတရုန်းရုန်းဖြစ်နေမှာ မြင်ယောင်သေးတယ်။

ပြည့်စုံ ။ ။ ဟင်. . . ဘာဖြစ်လို့. . .

မြင့်နိုင်ဦး ။ ။ ဒီကောင်ကုလို့ ကွယ်လွန်သွားရှာတဲ့ မသာတွေရဲ့
မိဘဆွေမျိုးတွေက ဟောဒီဒေါက်တာ အလောင်း
စည်သူကို ဝိုင်းသတ်ကြမလို့ပေါ့ဟ. . . ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖွဲ့ရဲ့ပြက်လုံးတွေနှင့် ဟန်ပန်များမှာ လူငယ်တွေသာ
မက လူကြီးများကပါ သဘောကျနှစ်ခြိုက်နေကြ၏။ အရယ်သန်သော
တချို့ကောင်မလေးတွေဆိုလျှင် ရှူးရှူးများထွက်မကျခင် အိမ်သာသို့
အမြန်ပြေးကြရလေသည်။ မော်ဒန်လူပြက်တွေဆိုသည့်နာမည်နဲ့ လိုက်
အောင် သူတို့ရဲ့ပြက်လုံးများကလည်း ဆန်းသစ်လှ၏။ ညစ်ညမ်းသော
ခါးအောက်ပိုင်းပြက်လုံးမျိုးတွေ လုံးဝမပါဘဲ လူရွှင်တော်ပီသစွာ ခေတ်
သရော်ကြသည့်အခါတွေလည်း ရှိသည်။ ပရိသတ်များကို ပေါ့ပါးစွာ ရယ်
မောသွားအောင်လည်း ဖျော်ဖြေနိုင်သည်။ တချို့ပြက်လုံးများကတော့ ချက်
ချင်းမရယ်ရဘဲ နောက်မှ တစိမ့်စိမ့်တွေးကာ ရယ်ကြရပါ၏။

ထိုနေ့ညအငြိမ့်ပွဲ၌ မင်းသမီးခင်မေအောင်၏ ကကြိုးများထက်
လူရွှင်တော်တွေရဲ့ ပြက်လုံးများကပို၍ ကျော်ကြားနေလေတော့သည်။

မင်းဝေ၏ပြက်လုံးများစွာ အနက် . . .

'မင်းကလည်း ငါ့လိုပဲ၊ ငါကလည်း ခွေးသူခိုးလိုပဲ' ဆိုသည်
ဒိုင်ယာလော့ခ်မှာ ပရိသတ်တွေနှုတ်ဖျား၌ ရေပန်းစားပြီး ပေါက်သွားခဲ့၏
တချို့ဆို အငြိမ့်ပြီး၍ အိမ်ပြန်ရောက်သည်အထိ မင်းဝေ၏ပြက်လုံးလေး
များကို သဘောကျစွာ ပါးစပ်ကမချတော့. . .။

နောက်တစ်နေ့ ကျောင်းပြန်ဖွင့်တော့ ဆေးကျောင်းတစ်ခုလုံး
သူတို့ မော်ဒန်လူပြက်များရဲ့သတင်းက ပျံ့နှံ့နေသည်။ မင်းဝေ၏ပြက်လုံး
လေးမှာ နီးစပ်ရာများမှတဆင့် ရန်ကုန်ဆေးတက္ကသိုလ် နယ်နိမိတ်ပြင်
သို့တိုင် လူပြောများလျက် ရှိသည်။

ထိုသို့ဖြင့် မင်းဝေတို့အုပ်စုသည်လည်း တာရာတို့ ဝိုင်းတို့. . .
သို့ပင် ဆေးတက္ကသိုလ်၏ ပေါ်ပြူလာလူသားများအဖြစ်ကို ရောက်ရှိလာ
ရသည်။

❏



## အခန်း (၁၀)

မင်းဝေသည် ဆေးကျောင်းသားများကြား၌သာမက အပြင် အနု
ပညာနယ်ပယ်၌လည်း သတင်းကြီးလျက်ရှိ၏။ ထိုရွှေရတု အထိမ်းအမှတ်
နေ့ညက ဧည့်သည်တော်များအဖြစ် ကြွရောက်လာကြသော ဒါရိုက်တာ
မင်းဦးအနက် လူငယ်ဒါရိုက်တာ နေအောင်ခြိမ့်က သူ့ရဲ့အနုပညာ အရည်
အသွေးကို သဘောကျပြီး ကြော်ငြာရိုက်ရန် ကမ်းလှမ်းခဲ့ပါသည်။ မင်းဝေ
ကလည်း မငြင်းဘဲ ကြော်ငြာကို လက်ခံလိုက်၏။ အဲဒီသတင်းမှာ ဂျာနယ်
ခါအဖွင့်ကောင်းမှုကြောင့် လူတွေက မင်းဝေကို သတိထားမိကုန်လေ၏၊
ခြင်း၌ ဆိုးသည်က မင်းဝေကို လူရွှင်တော်ကြီးဦးကြာရိုးရဲ့ မျိုးဆက်အဖြစ်
ညည်တော်သစ်ဂျာနယ်' မှ ဖော်ကောင်လုပ်လိုက်ခြင်း ဖြစ်ပါသည်၊

လူတွေကြား၌ မင်းဝေမှာ ချက်ချင်းဆိုသလို (ဒါရိုက်တာနေ
အောင်ခြိမ့်ရိုက်ထားသည့် ပုဆိုးကြော်ငြာတောင် မလွှင့်ရသေးဘဲ) ပေါ်
ကောင်ဖြစ်သွားတော့၏။ တကယ်တမ်း သူရိုက်ကူးထားသော ပုဆိုးကြော်

www.burmeseclassic.com

www.burmeseclassic.com



ငြာကို T.V မှ လွှင့်တော့လည်း ဒါရိုက်တာ၏ အိုင်ဒီယာကြောင့်ရော၊ မင်းဝေ၏ ပြောင်မြောက်သည့်သရုပ်ဆောင်မှုကြောင့်ရော ကြော်ငြာက နာမည်ကြီးသွားခဲ့ပြန်သည်။ သူကြော်ငြာရိုက်ပေးလိုက်သော ပုဆိုးသည် အရမ်းရောင်းကောင်းသွားခဲ့ပြီး ဈေးကွက်၌ စူပါတန်းသို့ ခုန်တက်သွား၏။ တခြားဒါရိုက်တာတွေနှင့် လုပ်ငန်းရှင်များဆီမှ ကမ်းလှမ်းချက်အမြောက်အမြားကို သူရင်ဆိုင်ရလေသည်။

ကျောင်းမှာလည်း မင်းဝေကို မသိသူမရှိဟူ၍တောင် ဆိုနိုင်၏။ တာရာသည် သူ့ကို အရင်ကထက် ပို၍ ရင်းရင်းနှီးနှီးဆက်ဆံသည်။ သူအလုပ်များသဖြင့် ပျက်ခဲ့သော ကျောင်းစာတွေကို တာရာက အကုန်ကူးထားပေးသည်။ မင်းဝေက ချိုလွင်နူးညံ့လှသည့် တာရာရဲ့အကြည့်စူးစူးလေးတွေကို အရင်ထက် ပိုမက်မောလာခဲ့၏။

တာရာက သူ့အပေါ် များစွာ လိုက်လျောနေတာမှန်သော်လည်း မင်းဝေစိတ်ထဲမှာ သိပ်မကျေလည်သော ကိစ္စတစ်ခုရှိနေ၏။ အဲဒါက တခြားတော့မဟုတ်။ တာရာသည် သူ့ကိုသာမက သူမကြောင့် ပြုပြင်ပြောင်းလဲလာသည့် အောင်သန်းစိုးကိုလည်း အလိုက်အထိုက် ပြန်၍ဆက်ဆံနေခြင်းပင် ဖြစ်သည်။ ပြည့်စုံတို့ စည်သူတို့က ဘာမှစိုးရိမ်စရာမဟုတ်ဟု သူ့ကို နှစ်သိမ့်ကြပေမယ့် သူကတော့ သဝန်တိုနေမိ၏။ သူ့အတွက် တာရာ့ဆီမှ အမြန်ဆုံးအဖြေရဖို့ လိုအပ်နေပြီ။

အဲဒီနောက် သူက ထုံးစံအတိုင်း တာရာ့ကို တဂျီဂျီလုပ်ပြီး အချစ်အား မုန့်ပူဆာသလို ပူဆာလေတော့သည်။ ထိုအခါများတွင် သူမက ပြုံး၍သာနေ၏။ မင်းဝေမှာ သူမရဲ့အပြုအမူတွေကြောင့် အသည်းယားလှပါသည်။ သူက ရမ္မက်ဆန္ဒများကို အတင်းထိန်းချုပ်ကာ မြို့ချပစ်ရ၏။

တာရာသည် သူ၏ နှစ်ယောက်တည်းတွေ့ရန်ညာဏ်များထားသော တောင်းဆိုချက်များစွာထဲမှာ 'မင်းဝေရဲ့လိပ်စာကဒ်ကို ... တွေ့ခဲ့တဲ့နေရာအား လိုက်ပြရန်' ဆိုသည့်အချက်ကို သဘောတူလိုက်လျောခဲ့ပါသည်။ ဒါကြောင့် လာမည့်အပတ် သောကြာနေ့ကို သူတို့နှစ်ယောက် မိန်းထဲသွားဖို့ သတ်မှတ်ထားကြ၏။ ထိုသောကြာနေ့သည် နံနဝါရီလ၏ နောက်ဆုံးအပတ် သောကြာနေ့ဖြစ်ပြီး သူတို့ချင်း တာရာ မင်းဝေစာအုပ်ကို လဲကြရမည့်နေ့လည်း ဖြစ်လေသည်။



●

မင်းဝေသည် ကြာသပတေးညထဲက တာရာ့ဆီမှအဖြေရရန် ဖြားယောင်းဖို့နည်းလမ်းများနှင့် စကားလုံးများအား စဉ်းစားနေခဲ့၏။ သူက ဆော်တော်ညဥ့်နက်သည်အထိ အတွေးတွေနဲ့ အိပ်မပျော်နိုင်ဘဲ ရင်တွေ အခုန်မြန်နေမိသည်။

သို့သော် အချစ်ဆိုတာ တကယ်တမ်း လက်တွေ့ကြုံရချိန်၌ ကြိုတင်ပြင်ဆင်ထားသမျှအားလုံး မေ့သွားကာ မထင်မှတ်ထားသောအရာတွေကိုသာ လုပ်လိုက်မိသည့်သဘာဝ ရှိပါသည်။

အခုတော့ သူသည် တာရာ့ကိုပြောရန် အဖြေတောင်းရန် ဆိုပြီး သူက စဉ်းစားထားတာတွေ တစ်ခုမှမလုပ်ဖြစ်ဘဲ သူမ၏ သရော်သလို အရယ်အပြုံးများ၌ အယောင်ယောင်အမှားမှားတွေ ဖြစ်နေ၏။ တာရာက သူ့ကိုကြည့်ကာ ခိုးခိုးခစ်ခစ်ရယ်သံလေးများအား လွှင့်ထုတ်လျက်ရှိသည်။ သူမနေဆည်းဆာမှာ ငှက်အော်သံများနှင့် တန်ဆာဆင်ထား၏။

ရန်ကုန်တက္ကသိုလ်၏ သမိုင်းဝင် အဓိပတိလမ်းပေါ်၌ အူကြောင်ကြောင် ဆေးကျောင်းသားလူရှင်တော်တစ်ယောက်က ခေတ်ဖက်ရှင်နဲ့ အလှဘုရင်မလေးဘေးမှာ ယှဉ်တွဲလမ်းလျှောက်နေပုံကို မြင်သူတိုင်းအံ့သြပြန်ငေးကြည့်သွားရသည်။ သူတို့နှစ်ယောက် ဒီမိန်းထဲကိုရောက်နေ

www.burmeseclassic.com



တာ နေ့လည်(၁၂)နာရီခွဲကတည်းကဖြစ်သည်။ ဒါပေမဲ့ အခု ညနေငါးနာရီ ထိုးခါနီးချိန်အထိ သူ့အတွက် တာရာမင်းဝေစာအုပ် လဲလှယ်သည့်ကိစ္စ တစ်ခုကလွဲလို့ ဘာမှအဆင်မပြေသေး။ သူကြိုးစားမှုမှန်သမျှတို့သည် အကုန်လုံး ကိုးရိုးကားယားနှင့် ရယ်စရာတွေအဖြစ်သာ အဆုံးသတ်သွား ရစမြဲ။

ယခုလည်း မင်းဝေသည် နာမည်ကျော်အဓိပတိလမ်း၏ အလှ အပများကို မခံစားနိုင်အားဘဲ သူမဘေးမှာ ချွေးတွေသံတွေနှင့် မောဟိုက် နေ၏။

"တာရာ. . . နင်က ပြန်တော့မှာပေါ့နော်"

"အေးပေါ့၊ ငါးနာရီတောင် ထိုးတော့မယ့်ဥစ္စာ. . ."

မင်းဝေက စိတ်အိုက်စွာ ခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး . . .

"ဒါဆို. . . နင် ငါ့ကို ဒီကျောင်းထဲမှာ ပြောစရာရှိတာ မပြော တော့ဘူးပေါ့၊ ဟုတ်လား"

"ဟင်. . . အစထဲက နင့်ကို ဒီကျောင်းထဲမှာ ဘာမှပြောစရာမရှိ ဘူး လူပြက်. . .၊ ပြစရာရှိတဲ့ နင့်လိပ်စာကတ်လေး ကောက်ရတဲ့နေရာကို လည်း ပြပြီးသွားပြီပဲ၊ အချိန်ကလည်း ညနေစောင်းတော့မယ်၊ ကျောင်း ဆင်းချိန်ကိုတောင် ကျော်နေပြီဟ. . ."

ပြောပြီး တာရာက သူ့ဘက်ကိုလှည့်ကြည့်လိုက်ပါသည်။ သူသည် ခြေအစုံကိုရပ်ကာ မျက်လုံးများကိုစုံမှိတ်ထား၏။ မင်းဝေရဲ့နားထင်မှ ချွေး စက်တွေ စီးကျနေတာ သူမတွေ့ရသည်။ တာရာသည် ရုတ်တရက် သူ့ကို သနားသွားပြီး သူ့အပေါ် နှိပ်စက်သလိုများဖြစ်နေသလားဟု ကိုယ့်ကိုယ် ကိုလည်း သူမ သံသယဖြစ်မိ၏။ တကယ်တော့ လူပြက်ကို သူမ ချစ်ပါ သည်။ သူသည် သူမကို ရယ်စရာတွေနှင့် ဆွဲဆောင်ထားနိုင်သော ဉာဏ် ပညာကြီးမားပြီး သတ္တိရှိသည့်ယောက်ျားတစ်ယောက်လည်း ဖြစ်. ည်။



အခု. . . ထိုယောက်ျားသည် သူမရှေ့မှာ အချစ်ကို ခက်ခဲပင်ပန်း စွာ မျှော်လင့်တကြီး တောင်းခံနေခဲ့ပြီ။ ပြီးတော့ ဉာဏ်များလှသည့် ယောက်ျားတစ်ဦးကို အရိုးသားဆုံးပုံစံနဲ့ သူမ တွေ့မြင်ရခြင်းလည်းဖြစ်လေ သည်။

သူမဘဝမှာ ကိုယ့်အချစ်ကိုတောင်းခံနေသော ယောက်ျားတစ် ယောက်ကြောင့် ပထမဆုံးအကြိမ် ဂုဏ်ယူလိုက်မိ၏။ တာရာက မျက်စိ စုံမှိတ်ထားသော သူ့အား ရှေ့တည့်တည့်မှ သေချာကြည့်နေခဲ့ပါသည်။ ထိုအခိုက် သူ့မျက်လုံးတွေဖွင့်လာ၏။ နောက်. . . အုံ့ညိုရိပ်တွေပေကျံနေ သော မျက်နှာပေါ်တွင် မျှော်လင့်ချက်ဆိုသည့်နာမည်နှင့် မသေဆေးတစ် မျိုးလည်း တွေ့ရပါသည်။ မင်းဝေအား သူမရဲ့အချစ်တွေကိုဝန်ခံဖို့ စတင် အတွေးရသွားသည်နှင့် တာရာက ရှက်ရွံ့စွာ ခေါင်းငုံ့မိသွား၏။ သူမ ကြည်နူးစွာ မျက်ရည်တွေဝဲကျလာတော့သည်။

"ဆောရီးကွာ. . . တာရာရယ်၊ ငါ့ကြောင့် နင်အနှောင့်အယှက် ဖြစ်ပြီး အခုလိုဖြစ်ရတာ. . . ငါ တောင်းပန်ပါတယ်ဟာ၊ နင့်ကို ငါ မျက် ရည်ကျအောင်လုပ်မိပြီ"

သူ့အသံတွေက ဝမ်းနည်းမှုကြောင့် လှိုက်ခနဲ လှိုက်ခနဲဖြစ်၍နေ ၏။ 'နင့်အပြစ်မဟုတ်ဘူး' ဟူသောသဘောဖြင့် သူမက ခေါင်းရမ်းရင်း ခြေလှမ်းတွေကို ပုံမှန်အတိုင်း ပြန်စတင်လိုက်ပါသည်။ ဒီတော့မှ မင်းဝေ လည်း သူမဘေးမှာ ဖြည်းဖြည်းချင်းပါလာ၏။

တာရာက သူစိတ်ရှင်းသွားစေရန် "ငါငိုတာ နင့်ကြောင့်မဟုတ် ဘူး" လို့ ပြောတော့ သူက လက်ခုံဖြင့် သူ့မျက်ရည်စတွေကို သုတ်ပေး ပါသည်။

"ငါ့ကြောင့်မဟုတ်ဘူးလား၊ ဟူး. . . ဒါဆို တော်ပါသေးရဲ့"

သူမသည် ရုတ်တရက်ကြားလိုက်ရသော သူ့စကားကြောင့် ရယ်ရ

www.burmeseclassic.com

www.burmeseclassic.com



မလို၊ ဒါမှမဟုတ် စောစောကအတိုင်း ဆက်ငိုရမလိုဖြစ်သွား၏။

အလကားကောင်. . . တော့၊ ငါဘာဖြစ်လို့ ဘယ်လိုခံစားလိုက်ရတယ်ဆိုတာ သိလည်းမသိဘူး။ နင့်ကိုငါချစ်နေတာ မသိသေးဘူးလားကောင်စုတ်ရဲ့. . . ။

စိတ်ထဲက သူမပြောနေတာတွေကို သူဘယ်လိုမှ မကြားရနိုင်မှန်း တာရာတွေးမိသွားကာ ဒီလိုနေရာမျိုးမှာ သူဟာ ရိုးသားလွန်းတာပါလားဟု ခွင့်လွှတ်လိုက်မိသည်။ မင်းဝေသည် 'သူ့အပြစ်မဟုတ်တော့ဘူး' ဆိုသော အသိကြောင့် အခုမှ ပေါ့ပါးလွတ်လပ်သွားပုံရသည်။ တာရာ့ကို သူက ခေါင်းငုံ၍ပြုံးပြနေသေး၏။

သူမရင်ထဲမှာ နွေးထွေးသွားသည်။ ဒီလောက်ချစ်ဖို့ကောင်းတဲ့ ယောက်ျားဟာ လူတွေရဲ့လက်ခုပ်သံကို အချိန်မရွေးရယူနိုင်သော အနုပညာရှင်တစ်ယောက် ဖြစ်နေတာတော့ တဆိတ် အံ့သြစရာကောင်းလှသည်။ တာရာ့နှုတ်ခမ်းလေးတွေက တစ်ယောက်တည်း ပြုံးရိပ်ထင်သွား၏။ သူမရဲ့ရင်ခုန်သံနှင့် အချစ်ကို သူ့ထံမှာ ရိုးသားစွာ ဝန်ခံလိုက်တော့မည်။

မင်းဝေသည် လေတချွန်ချွန်နှင့် သစ်ပင်ကြီး၏ နေဝင်ချိန်အလှကို ခံစားငေးမောနေသည်။ သူမဆီမှ စကားသံဖွဖွလေး ထွက်လာ၏။

"နင့်ကို ငါချစ်တယ်လူပြက်"

"အမေ့. . . "

အာမေဋိတ်သံတစ်ခုကို ကြားရသည်။ သူက ခဲလုံးတစ်လုံးနဲ့ အမှတ်တမဲ့ခလုတ်တိုက်မိကာ သူမ အဖြေပြန်ပေးသော စကားတိုးတိုးလေးကို မကြားလိုက်ဘဲရှိ၏။ တာရာသည် သူ့ကို အဖြေပေးလိုက်မိသွားသည့်အတွက် ရှက်ပြီး သူမတစ်ကိုယ်လုံး ထူပူနေလေသည်။

အရေးထဲ ခလုတ်တိုက်နေသည့်သူ့ကိုလည်း သူမ စိတ်တိုသွား၏။



အမြဲတမ်း နမော်နမဲ့နိုင်သော သူသည် သူမပေးတဲ့အဖြေကို ဝမ်းသာနေမှာ သေချာပါသည်။ သူမက မင်းဝေကို လှမ်းကြည့်မိတော့ သူက နာသွားဟန်တူသောခြေထောက်အား တစ်ချက်ခါလိုက်ပြီး ပြုံးပြ၏။ သူက ပြောမိပြောရာစကားကို ပြောသည်။

"မနာပါဘူးဟ. . . "

စကားအဆုံး၌ မင်းဝေကစိုက်ကြည့်နေသဖြင့် သူမမှာ မျက်နှာမထားတတ်အောင် ရှက်လာ၏။ ထို့နောက် တာရာသည် ခေါင်းကိုငုံ့ကာ ခြေလှမ်းတွေကို အမြန်ဆုံး လျှောက်လှမ်းပစ်လိုက်ပါသည်။ သူက နောက်မှ အပြေးတစ်ပိုင်းနှင့် လိုက်နေ၏။

"ဟဲ့. . . တာရာ၊ နေပါဦးဟ. . . ခဏလောက်စောင့်ပါဦး၊ နင်ကလည်း အခုမှနော်. . . "

တာရာက သူ့စကားကို တစ်မျိုးအဓိပ္ပာယ်ပေါက်ကာ နှုတ်ခမ်းကိုကိုက်၍ ရန်လုပ်ကြည့်တွေ့၏။

"ဘာအခုမှလဲ"

"ဩော်. . . ငါခြေထောက်နာသွားမှ နင်က အမြန်လမ်းလျှောက်နေလို့ ပြောတာပါဟ. . . "

ရယ်ချင်စိတ်ကို အတင်းမြိုချပြီး တာရာ သူ့ကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ပါသည်။ ပြီးတော့ သူမလည်း ထိုနေရာက အဝေးဆုံးရောက်အောင် အမြန်ဆုံးထွက်လာခဲ့မိ၏။ မင်းဝေရဲ့ဟန့်တားသံတွေကို ဘမင်ဥပေက္ခာပြုလျက် ကျောင်းဝင်းအပြင်ရောက်တဲ့အထိ သူမ လှမ်းဆွက်လာခဲ့ပြီးနောက် ဦးဆုံးတွေ့သောတက္ကစီပေါ် တက်လိုက်ပါသည်၊

သူမက တက္ကစီဒရိုင်ဘာကို ဝင်ဒါမီယာထဲမောင်းဖို့ ညွှန်ကြားလိုက်၏။ တက္ကစီရဲ့နောက်ကြည့်မှန်ထဲမှာ မင်းဝေ၏ခြေထောက်နှင့် သူမနောက်သို့ မီလိုမီပြေးလိုက်နေပုံကို တာရာ ရယ်ချင်နေမိသည်၊ သူ့ကို

www.burmeseclassic.com



ကချော်ကချော်လုပ်ပြနေစဉ် တက္ကစီကားက မောင်းထွက်သွားပါသည်။

နင်ဟာ ငါ့ကို ပုံစံမျိုးစုံနဲ့ ရယ်မောစေသူပါလား လူပြက်ရယ်။

တာရာသည် အဲဒီနေ့က အခုမှအဖြေပေးတဲ့ ရည်းစားအသစ်စက်စက်ကို အဓိပတိလမ်းပေါ်မှာ ထိုသို့ ထားရစ်ခဲ့ပါသည်။

□

## အခန်း (၁၁)

ဆောင်းရာသီ၏တိမ်ညိုကင်းစင်သော အပြာရောင်မိုးသားများမှာ ကြည့်ရတာ အရသာရှိလွန်းလှသည်။ မင်းဝေက ဒါရိုက်တာတစ်ယောက်နှင့် အလုပ်ကိစ္စ စကားပြောရန်ရှိနေတာမို့ ဒီနေ့ တစ်မနက်လုံး ကျောင်းမလာဖြစ်ဘဲ ညနေခင်းကျမှ ကျောင်းကိုရောက်လာ၏။ သူ့ရဲ့ ဘယ်ဘက်ခြေဖမိုး၌ ပတ်တီးအနည်းငယ်ကို စည်းထား၏၊ ဒါပေမဲ့ သူ့လမ်းလျှောက်ဟန်က ပုံမှန်သာဖြစ်ပါသည်။

မင်းဝေ ကန်တင်းထဲဝင်လာတာကို ပြည့်စုံ၊ စည်သူအောင်၊ မြင့်နိုင်ဦး၊ ခင်မေအောင်နှင့် တာရာတို့က ဝိုင်းပြီးကြည့်နေကြ၏။ တာရာ့မျက်နှာလေးမှာ ရှက်သွေးကြွကာ ပန်းရောင်သန်းနေလေသည်။

သူတို့ဝိုင်းမှာ မင်းဝေဝင်ထိုင်လိုက်တော့ တာရာ့မျက်နှာလေး တစ်ခုတည်းကွက်၍နီရဲနေ၏။ ကျန်သူငယ်ချင်းများကလည်း ရောက်ရောက်ချင်း ဆိုသလို သူတို့နှစ်ယောက်ကို မထိတရိနဲ့ လိုက်စနေပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက အရက်ကြောင့် ခေါင်းကိုင်ငုံ့သည်ထက် ပိုငုံ့ထား၏။ ပြည့်စုံက မင်းဝေကို လက်ကမ်းပေးလိုက်ကာ ပြောသည်။

"ကွန်ဂရက်ကျူလေးရှင်း. . . လူပြက်"

မင်းဝေက သူ့ကို ဂုဏ်ပြုနှုတ်ဆက်ခြင်းရဲ့အဓိပ္ပါယ်အား နား မလည်ဘဲ ပြည့်စုံ၏လက်ကို တွန်းဖယ်၍မေးမိ၏။

"နေစမ်းပါဦး၊ ငါ့ကို ဘာအတွက် ကွန်ဂရက်ကျူလေးရှင်း လုပ်ရ တာလဲ ပြည့်စုံ. . ."

စည်သူအောင်က ပြည့်စုံ ဘာမှပြန်မပြောခင် သူ့ကို ဝင်ပြော လိုက်ပါသည်။

"ဟေ့ကောင် ဒါမျိုး အကြောင်းလာရိုက်လို့မရဘူး၊ မင်းသိထားရ မှာက ငါတို့ဟာ တင်မောင်ထွေးတို့ အောင်သန်းစိုးတို့လို လူ့ဘဝကို မော် ဒဲရေးရှင်းနဲ့ ပါလာတဲ့ကောင်တွေမဟုတ်ဘူး၊ ဒီမှာ လူပြက်. . . တွေ့လား အံ့တိုနေပြီ"

ပြောရင်းနှင့် စည်သူအောင်က သူ့အံသွားတွေကိုမြင်အောင် ဖြဲ စပ်ဖြဲပြနေသည်။ ထိုစဉ် ခင်မေအောင်ကလည်း ဝင်ပြောပြန်၏။

"ဘာလဲ. . . လူပြက်၊ လူပြက်. . . နင်က ငါတို့ကို ကျွေးရမှာနဲ့ လို့လား၊ အဲဒီအတွက်တော့ စိတ်ပူမနေစမ်းပါနဲ့ဟာ၊ ငါတို့ကို မနက်ထဲက တာရာကပဲ ကျွေးပြီးသွားပါပြီ၊ ပြီးတော့ နင်တို့နှစ်ယောက်ရဲ့ လျှို့ဝှက်ချက် တွေကို တာရာက အကုန်လုံးဝန်ခံထားပြီးသား. . ."

မင်းဝေသည် သူတို့စကားတွေကြောင့် အစပိုင်း၌ အနည်းငယ် အူကြောင်ကြောင်ဖြစ်သွားသေး၏။ တာရာ့အား မျက်လုံးချင်းဆုံကြည့် တော့ ပန်းနုရောင် အရက်တရားတစ်မျိုးထဲကိုသာ သူခံစားရပါသည်။ သူမက သူ့အကြည့်တွေကြောင့် ရယ်ရယ်ပြုံးပြုံးလေး ခေါင်းငုံ့သွားပါသည်။

"အဟားဟားဟား. . . သူငယ်ချင်းတို့ ဒီမှာ မင်းတို့ရှေ့မှာထိုင်နေ



တာ မင်းဝေလို့ခေါ်တယ်၊ အချဉ်မဟုတ်ဘူး၊ တာရာ့ကိုအကြောင်းပြပြီး ငါ့ကို လာအရှုံးလုပ်ဖို့မကြိုးစားနဲ့၊ ငါနဲ့တာရာက လုံးဝ အဖြူရောင်သူငယ် ချင်းတွေပဲရှိသေးတာ၊ လာလုပ်မနေစမ်းပါနဲ့. . ."

သူ့စကားကြောင့် သူငယ်ချင်းများအားလုံး၏ မျက်နှာပေါ်၌ အံ့ သြမှုနှင့် တစ်ခုခုမှားသွားမှာကို စိုးရိမ်မှုတို့ကို မင်းဝေ လှမ်းမြင်လိုက်ရ၏။ ခင်မေအောင်က တာရာ့အား အလန့်တကြားကြည့်ပြီး စကားကို အထစ် ထစ်အငေါ့ငေါ့နဲ့ ပြောပါသည်။

"ဒါဖြင့် တာရာ. . . နင်ပြောတော့ မနေ့တုန်းကပဲ နင်နဲ့လူပြက် ရည်းစားတွေဖြစ်သွားကြပြီဆို. . ."

ပြည့်စုံကလည်း ဝင်ရောက်ထောက်ခံလိုက်၏။

"အေးလေ. . . မနေ့တုန်းက အဓိပတိလမ်းပေါ်မှာ နင်ပဲ လူပြက် ကို အဖြေပေးလိုက်တယ်ဆို၊ လူပြက်က ခလုတ်တိုက်မိပြီး ခြေထောက်ကျိုး ကြီးနဲ့တောင် နင့်နောက်ကို ပြေးလိုက်လာသေးတယ်ဆို. . ."

တာရာသည် အရက်ကိုခဏဘေးဖယ်ထားကာ သူမပြောပြခဲ့ သော အမှန်တ. ..းတစ်ခုအတွက် စကားဝိုင်းထဲသို့ ပါဝင်လာရတော့၏။

"အင်း. . . ဟုတ်တယ်လေ၊ ဒီမှာ လူပြက်ကိုမေးကြည့်ပါလား၊ ဟဲ့. . . လူပြက် ပြောပြလိုက်လေဟာ. . ."

မင်းဝေက. . .

"ငါတ ဘာပြောရမှာလဲတာရာရဲ့၊ နင်ပြောတာတွေအားလုံး ဟုတ် တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ တစ်ခုပဲမဟုတ်ဘူး"

"ဘယ်ဟာက မဟုတ်တာလဲ"

"နင် ငါ့ကို အဖြေပေးတယ်ဆိုတာလေ၊ ဘယ်တုန်းကပေးတာလဲ"

သူ့မေးခွန်းအဆုံးတွင် တာရာ့ဆီမှ ဒေါသမျက်ဝန်းတွေက တဟုန်း ဟုန်း တောက်လောင်နေလေပြီ။ ဒါ သူမကို လူပြက်က သက်သက်မဲ့

www.burmeseclassic.com

www.burmeseclassic.com



ပညာပေးနေတာ။ ဒါမှမဟုတ်ရင်လည်း သူငယ်ချင်းတွေရှေ့မှာ အရှက်ခွဲတာပဲ၊

ကိုအခြေအနေ၌ သူငယ်ချင်းများသည် သူတို့နှစ်ယောက်ရဲ့ အဖြစ်ကို မရယ်မိအောင်ထိန်းထားကြသော်လည်း ဘယ်လိုမှမတတ်နိုင်ဘဲ ရယ်သံတွေထွက်လာ၏။ တာရာ့မျက်နှာသည် ဒေါသအရှက်တရားနှင့် မခံချင်စိတ်စသည်တို့ အကုန်ရောထွေးကာ နီရဲနေလေသည်။

တစ်ပြိုင်နက်တည်းမှာ လူပြက်သည် သူမအချစ်ကိုပင် ပြက်လုံးထုတ်ခဲ့ပြီဟုတွေးမိပြီး ဝမ်းနည်းသွားရသည်။ မင်းဝေက သူမကို သေချာအောင် ထပ်မေးနေ၏။

"နင် ငါ့ကို မနေ့တုန်းက အဖြေပေးခဲ့တာ ဟုတ်လို့လားတာရာရယ်၊ ဘယ်နေရာလေးမှာ ပေးခဲ့တာလဲ၊ သေချာပြောပြစမ်းပါ"

သူ့မေးခွန်းကြောင့် တာရာ့ဆီမှ အနီရောင်မျက်စောင်းတစ်ခုထိုးခနဲရောက်လာ၏။ အရိပ်အခြေကိုပါးနပ်စွာ ခင်မေအောင်က မင်းဝေအား ဝင်ပြောလိုက်ပါသည်။

"ဟုတ်တယ် လူပြက်၊ သူ နင့်ကို မနေ့ကအိမ်ပြန်ခါနီး အမိပင်လမ်းပေါ်မှာ အဖြေပေးခဲ့တယ်တဲ့၊ အဲဒီအချိန်မှာ နင်တောင် ခလုတ်တိုက်မိပြီး ခြေထောက်နာသွားသေးတယ်ဆို. . ."

မင်းဝေက ခင်မေအောင့်စကားကြောင့် မျက်မှောင်ကုတ်ကာ ခဏလေးအနက် စဉ်းစားဟန်ပြု၏။ ပြည့်စုံနှင့်မြင့်နိုင်ဦးတို့က မင်းဝေပုံစံကိုကြည့်၍ ရယ်မိကြပြန်သည်။ တာရာမှာ ဒေါသထွက်ရလွန်းသဖြင့် အသားတွေပင် တဆတ်ဆတ်တုန်ခါနေ၏။ ရုတ်တရက် မင်းဝေက အားရဝမ်းသာ ထအော်လိုက်ပါသည်။

"ဟာ. . . ဟုတ်ပြီ၊ မှတ်မိပြီ တာရာ. . . ငါမှတ်မိပြီ၊ ငါ ခလုတ်တိုက်မိသွားတဲ့အချိန်တုန်းက နင် ငါ့ကို စကားလှမ်းပြောလိုက်တယ်၊ ငါက



ခြေထောက်နာသွားတာကို အာရုံရောက်နေလို့ သေချာမကြားလိုက်ဘူးဖြစ်သွားတာ၊ ဪ. . . အဲဒါက နင် ငါ့ကို အဖြေပြန်ပေးလိုက်တာကို"

သူ့စကားအဆုံး၌ ရယ်သံတွေက ဝါးခနဲထွက်ပေါ်လာ၏။ တာရာဆီမှ မင်းဝေအတွက် တုံ့ပြန်စကားတစ်ခွန်းကို ကြားရပါသည်။

"အေး. . . လဲသေလိုက်၊ အဲဒီနေရာမှတင် လဲသေလိုက်. . . ငါ နင့်ကို ဘယ်တုန်းကမှ အဖြေမပေးခဲ့ဖူးဘူး၊ လာကြောင်မနေနဲ့"

"ဟာ. . . မဟုတ်. . ."

သူ့စကားမဆုံးခင် တာရာက သူတို့ဝိုင်းထဲမှ ဒေါသတကြီး ထထွက်သွားခဲ့ပါသည်။ မင်းဝေမှာ သူမနောက်ပြေးလိုက်သွားရန် ကြိုးစားမိသေးသော်လည်း ပြည့်စုံက "လိုက်မသွားနဲ့၊ ပိုဆိုးကုန်လိမ့်မယ်" ဟု တားထားသဖြင့် သူပြန်ထိုင်နေလိုက်ရ၏။

တာရာမရှိတော့သော သူတို့ဝိုင်းသည် မုန်တိုင်းကျပြီးခါစ ဟင်းလင်းပြင်တစ်ခုကဲ့သို့ ဖရိုဖရဲနှင့် ငြိမ်သက်နေလေသည်။ မင်းဝေမှာ သူ့ကိုယ်သူပဲ ဒေါသထွက်နေခဲ့၏။ စည်သူအောင်က သူ့ကို အပြစ်တင်သည်။

"မင်းကလည်း လူပြက်ရာ. . . ကိုယ့်ကို အဖြေပေးတာတောင် မကြားလိုက်ဘူးဆိုတော့ လွန်တာပေါ့"

ခင်မေအောင်က . . .

"အေးလေ၊ တာရာကမိန်းကလေးဟဲ့၊ အခု နင်လုပ်လိုက်တဲ့ပုံစံက သူ့ကို ချိုးလိုက်သလိုပဲ၊ သူရှက်သွားမှာပေါ့. . ."

ပြည့်စုံက. . .

"မင်းကိုက အသုံးမကျတာလူပြက်၊ အခုမှ လုပ်မနေနဲ့တော့၊ ဘာရာက ဒါမျိုးကိစ္စမှာ သိပ်မာနကြီးတာနော်"

မြင့်နိုင်ဦးက . . .

"အေးကွာ. . . ရှားရှားပါးပါး တာရာ့အဖြေလေးကိုရထားတာ၊

www.burmeseclassic.com

www.burmeseclassic.com



တာရာအချစ်ကို လိုချင်တဲ့ယောကျ်ားတွေ ဘယ်လောက်များတယ်ဆိုတာ မင်းအသိဆုံးပါ လူပြက်ရာ၊ ဒီနေရာမှာတော့ မင်းညံ့လွန်းတာ ဟော့ကောင် မနေ့တုန်းက ခလုတ်တိုက်မိလို့ မကြားခဲ့တောင်မှ ခုနက ပါးပါးနပ်နပ်နဲ့ ဖော်လိုလိုက်ရင် အဆင်ပြေသွားမယ့်ဟာကို မင်းက တာရာပိုပြီးစိတ်ဆိုးအောင် လျှောက်ပြောတယ်"

အခုတော့ ပြဿနာက ဆီမီးမှကျော်လွန်၍ ဖိုင်နယ်ကိုရောက်သွားခဲ့ပါသည်။ မင်းဝေသည် သူငယ်ချင်းများ၏စကားတွေကို ခုခံရန် အင်အားမရှိတော့။ သူ့ရဲ့စွမ်းအင်တွေအကုန်လုံးကို တာရာ၏အမုန်းထုပ်မြို၍ယူသွားခဲ့ပြီ။ သူက တခြားလူများရယ်မောစေရန် ပြက်လုံးထုတ်သော လူရွှင်တော်တစ်ဦးဖြစ်သော်လည်း ကံကြမ္မာကို ပြက်လုံးထုတ်ဖို့အထိတော့ မတတ်နိုင်ခဲ့တာ သေချာပါသည်။

❑



## အခန်း (၁၂)

အချိန်ကာလတို့သည် တရိရိနဲ့မသိမသာ ကုန်ဆုံးလွင့်ပါးသွားကြ၏။ သူတို့ သူငယ်ချင်းတွေအားလုံးမှာလည်း တတိယနှစ်ကျောင်းသားများအဖြစ်ကို ရောက်ရှိလာခဲ့ပါသည်။ တစ်နှစ်ဆိုသောအချိန်က တကယ့်ကို ခဏလေးမျှသာဖြစ်လေသည်။

မင်းဝေသည် အဓိပတိလမ်းပေါ်၌ နမော်နမဲ့ခလုတ်တိုက်ကာ တာရာအဖြေပေးလိုက်တာကို မကြားခဲ့မိသော အပြစ်ဒဏ်အား ယခုတိုင်ခံစားနေရဆဲဖြစ်၏။

သူကိုယ်တိုင်ရော သူငယ်ချင်းများကပါ တာရာ့ကို ဝိုင်းတောင်းပန်ခဲ့သည့်အတွက် သူမက ခွင့်လွှတ်စွာ မင်းဝေကို အရင်လိုပဲ ပြန်၍ခေါ်ပြောဆက်ဆံခဲ့ပါ၏။ သို့သော် သူမရဲ့ ချစ်သူတစ်ယောက်အဖြစ်ကိုမူ လုံးဝလက်မခံတော့။ မင်းဝေက ထိုကာလများအတွင်း တာရာ့အားတွေ့တိုင်း အဖြေ တဂျီဂျီတောင်းတတ်ကာ ဒီတစ်ခါလည်း မကြားဘူးမဖြစ်ရအောင်

www.burmeseclassic.com

www.burmeseclassic.com



နားကို အမြဲစွင့်ထား၏။ ခက်သည်မှာ တာရာ့ပါးစပ်မှ သူ့ကိုချစ်တယ်ဆိုသောစကားနှင့် အမိပ္ပာယ်ချင်း နီးစပ်သည့်စကားမျိုးပင် ထွက်မလာခဲ့တော့ပေ။

သူက တာရာနှင့်ပတ်သက်၍ ကိုယ့်ကိုယ်ကို ရောင့်ရဲနိုင်ဖို့သာ လေ့ကျင့်နေမိ၏။ တစ်ခါတစ်ရံ၌ တာရာသည် သူတို့ရှေ့မှာ အောင်သန်းစိုးနဲ့ တတွဲတွဲနေပြတတ်သည်။ သူမ၏ ပြုပြင်ပြောင်းလဲရေးများသည် အောင်သန်းစိုးအပေါ် သက်ရောက်မှုကြီးမားလှသည်။ ထိုပုဂ္ဂိုလ်မှာ အရင်နဲ့ ဘာမှမဆိုင်လောက်အောင် ယဉ်ကျေးသိမ်မွေ့လာခဲ့သည်။ အောင်သန်းစိုး၏ အကောင်းဘက်သို့ဦးတည်သော ပြောင်းလဲခြင်းကို မင်းဝေအံ့နေဖြင့်ဝမ်းသာကျေနပ်မိသော်လည်း တာရာ့နားမှာ ကပ်တွယ်နေတာကိုတော့ သူ သဝန်တိုမိပါသည်။

ဒါပေမဲ့ တာရာ့က သူ့အပေါ် သံယောဇဉ်ရှိတာကို ခံစားရ၏။ သူမရဲ့အကြည့်များနှင့် အရယ်အပြုံးများမှာ ဟိုးအရင်တုန်းကအတိုင်းပင် သူ့အား ဆွဲဆောင်ထားနိုင်ခဲ့သည်။ ပြည်စုံတို့ စည်သူအောင်တို့က မင်းဝေကို 'တာရာက မင်းအပေါ်ချစ်နေတုန်းပဲ' ဟုပြော၍ မြှောက်ပေးကြသည်။ မင်းဝေကိုယ်တိုင်ကလည်း အဲဒီအတိုင်းပဲထင်၏။

ထိုအခြေအနေ၌ တာရာ့အဖေ ဦးကျော်အောင်ပိုင်သော 'မိုးချစ်' ဘဏ်ကြီးမှာ စက်တင်ဘာလမှာ ဘဏ်ခွဲဖွင့်လှစ်ရန်အထိ ဖြစ်လာသည်။ တာရာ့မိဘများက စီးပွားရေးတွင် အောင်မြင်နေသလောက် မင်းဝေရဲ့အဖေ ဦးကြာရိုးခမျာမှာတော့ ကျန်းမာရေးမကောင်းလှသဖြင့် စာအုပ်နှင့်ကက်ဆက်ခွေအငှားဆိုင်လေးကို ခဏပိတ်ထားရ၏။ သူက ဖေဖေ့ကျန်းမာရေးကို သိပ်အားမရ. . .။ ဖေဖေ့ရောဂါများအနက် နှလုံး၊ သွေးတိုးနှင့်အသည်းရောဂါများမှာ အဆိုးရွားဆုံးဖြစ်သည်။

မင်းဝေ၏နာမည်သည် အနုပညာလောကထဲ၌ တစ်နေ့ကစ်ခြ



ဟိန်းထွက်လာသည်။ ဆိုင်ပိတ်ထားရချိန်များတွင် ဝင်ငွေမရှိသောဖေဖေ့ကို မင်းဝေက သူရသည့်အနုပညာကြေးတချို့အား ကန်တော့ပါသေး၏။ ဖေဖေက သူ့စကားနားမထောင်ဘဲ လုလ္လင်တော်အလုပ်မှရသော ပိုက်ဆံတွေကို လုံးဝလက်မခံပေ။ သူ့အနည်းငယ် အောင်မြင်နေရာရလာတာကိုလည်း အသိအမှတ်ပြုပုံမရ. . .။ မင်းဝေရဲ့ ခေါင်းမာတတ်သောအကျင့်မှာ ဦးကြာရိုးထံမှ အမွေရလာခြင်း ဖြစ်ဟန်တူပါသည်။

တာရာ့မိဘများ၏ ကြွယ်ဝချမ်းသာမှုကို သူ့ဘဝနှင့်ယှဉ်ကြည့်မိလျှင် သိမ်ငယ်မှုတွေက သူ့နှလုံးသားထဲသို့ တိုးဝင်လာတတ်ကြ၏။ ထိုအခါများ၌ မင်းဝေက ဆင်ခြင်တုံတရားနှင့် အသိဉာဏ်ကိုအားကိုးလျက် ကိုယ့်ကိုယ်ကို ပြန်အားတင်းရသည်။

သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးသည် အခုချိန်ထိတော့ ရှိန်းမြန်းထွေးနေဆဲဖြစ်၏။ နောက်တစ်ချက်မှာ သူတို့သည် လတစ်လရဲ့နောက်ဆုံးအပတ် သောကြာနေ့ကိုရောက်ပြီဆိုလျှင် 'တာရာမင်းဝေ'၏စာအုပ်များကို ပုံမှန် မပျက်မကွက်လဲလှယ်လေ့ရှိကြသည်။ အံ့ဩဖို့ကောင်းတာက သူတို့နှစ်ယောက် စာအုပ်လဲလှယ်တိုင်း ကြိုတင်ညှိနှိုင်းထားခြင်းမရှိဘဲနှင့် စာအုပ်တွေက အမြဲတမ်းတူညီနေခြင်း ဖြစ်သည်။ သူတို့စိတ်ကူးတွေက ကြောက်စရာကောင်းအောင် တူနေခဲ့ကြ၏။

ဘယ်လောက်ထိအောင် တူနေလို့လဲဟုဆိုလာလျှင် ပြောပြစရာတစ်ခု ရှိပါသည်။ တာရာက သူမရဲ့အဖြေစကားကို ခလုတ်တိုက်မိပြီး ကြားလိုက်သောမင်းဝေအား သိသိချင်း အရမ်းစိတ်ဆိုးသွားတာမှန်ပါ၏။ ဒါပေမဲ့ သူတို့နှစ်ယောက် စာအုပ်လဲဖို့နေ့ကို ရောက်လာသောအခါတိုက်ပြန်ပြေသွားကာ သူမက ဒီတစ်ခါလဲတဲ့စာအုပ်ချင်း မတူအောင် တစ်ကြိမ်စည်လိုက်သည်။

တာရာ့အကြံ အခုလိုဖြစ်၏။ သူမက သူ့ကို ဒီတစ်လတော့ စာ

www.burmeseclassic.com

www.burmeseclassic.com



ရေးဆရာ တာရာမင်းဝေ၏ 'ရွှေဖိနပ်မှာ အစိမ်းရောင်ကြက်ခြေခတ်နဲ့ ကောင်မလေး' ဆိုသည့်စာအုပ်အား ပေးရန်ရည်ရွယ်ထားသည်။ သို့သော် သူမက ထိုစာအုပ်ကို ဝယ်လာတဲ့အတိုင်း မပေးဘဲ အဖုံးကဒ်ထူပြားအား ခွာပစ်လိုက်၏။ ပြီးမှ သူမဘာသာသူမ တခြားကဒ်ထူစက္ကူတစ်ခုပေါ်မှာ ဆော့ပင်ဖြင့် စာရေးဆရာနာမည်နှင့် စာအုပ်နာမည်ကိုပြန်ရေးကာ မူလစာအုပ်တွင် ကော်နဲ့ပြန်ကပ်ထားသည်။ ထိုအခါ စာအုပ်မှာ သူမလက်ရေးမျက်နှာဖုံးနှင့် မူရင်းပုံနှိပ်စာလုံးများပါသော စာအုပ်အဖြစ် အနည်းငယ်ဆန်းသွားတော့သည်။

မင်းဝေကလည်း ဒီလိုမျိုးတွေးမိ၏။ သူ့ကို တာရာက အခုချိန်အထိ ချစ်နေသေးပါက စာအုပ်လဲသည့်အခါ တူနေပါစေဟု မင်းဝေက စိတ်ထဲမှာ အမိဋ္ဌာန်ထားလိုက်သည်။ သူက စာအုပ်ကို အရင်စာအုပ်တွေလို အလွယ်တကူ တူနေမှာမလိုလားသဖြင့် တစ်ခုခုဆန်းသစ်၍ပေးရန် စဉ်းစားထား၏။ နောက်တော့ သူသည်လည်း သူမကဲ့သို့ပင် 'ရွှေဖိနပ်. . .' စာအုပ်ကို အဖုံးဖြုတ်ပြီး ကဒ်ထူတစ်ခုမှာ ကိုယ့်လက်ရေးနှင့်ကိုယ် ရေး၍ ပြန်ကပ်လိုက်မိသည်။

သူတို့နှစ်ယောက်က စိတ်ကူးချင်း တော်တော်နီးစပ်စွာ တူနေခဲ့၏။ ထိုစာအုပ်နှစ်အုပ်မှာ သူတို့ရဲ့လက်ရေး နှစ်မျိုးဖြစ်နေခြင်းမှလွဲ၍ ကျန်တာအားလုံး အကုန်တူညီပါသည်။ ယုတ်စွအဆုံး ကဒ်ထူစက္ကူအရောင်ကစပြီး စာရေးဆရာနာမည်ကို ဆော့ပင်အနီဖြင့်ရေးကာ စာအုပ်နာမည်ကို အနက်နဲ့ရေးတာအထိ တူနေခဲ့ခြင်းဖြစ်လေသည်။

ခဏကြာတော့ တာရာကစပြီး သူ့ကို နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြသွားသည်။ မင်းဝေရင်ထဲမှာ စကားလုံးများဖြင့် ဖော်ပြ၍မရသော ခံစားချက်တစ်မျိုးက လှပစွာလူးလွန့်၍နေ၏။ သူတို့နှစ်ယောက်ကြားတွင် ဘယ်လိုနံရံမှမရှိသော ခံစားချက်တစ်မျိုးက လှပစွာလူးလွန့်၍ တစ်ယောက်



ရင်ဘတ်ထဲကအသံတွေကို တစ်ယောက်ကကြားနေရ၏။

နောက်ထပ်ဝေးစရာမရှိတော့လောက်အောင် ဝေးကွာခဲ့ပြီးရာမှ အခု နောက်ထပ် နီးစရာမရှိတော့အောင် သူတို့ နီးကပ်နေခဲ့ကြပါသည်။

တကယ်ဆို. . . နှလုံးသားချင်း ဒီလောက်မပွင့်လင်းသင့်ဘူးဆိုတာ သူတို့ထက် နည်းနည်းလေးစောပြီး သိခဲ့ကြဖို့ကောင်းလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

တစ်နှစ် တစ်နှစ်ဆိုသောအချိန်က ခဏလေးလိုပဲ ပြီးစလွယ်ကုန်ဆုံးသွားကြ၏။ နံရံပေါ်မှ ပြက္ခဒိန်အဟောင်းတစ်ခုက ခုန်ဆင်းသွားကာ နောက်ထပ်ပြက္ခဒိန်အသစ်တစ်ခုက အစားထိုးဝင်ရောက်လာခဲ့သည်။

မင်းဝေရဲ့နာမည်က တစ်နေ့တစ်ခြား ကျော်ကြားထင်ရှားလာ၏။ ရုပ်ရှင်၊ ဗွီဒီယိုများတွင် ပါဝင်သရုပ်ဆောင်ပေးရန် ကမ်းလှမ်းကြသူတွေဘလည်း ဒုနှင့်ဒေး။ မင်းဝေသည် လူငယ်တန်း၌ ရုပါဟာသသရုပ်ဆောင်ဖြစ်လာသည်။ သူ့ခမျာ ကျောင်းတစ်ဖက်နှင့် အနုပညာလုပ်ငန်းများကိုသည်း အဆက်မပြတ်ရအောင် ကြိုးစားရှာ၏။ သူ့ပါရမီနဲ့ ကိုယ်ခံအားကြောင့် မင်းဝေသည် အဆင့်မြင့်သောခေတ်ရဲ့ လူရွှင်တော်တစ်ဦး ဖြစ်လာခဲ့ပါသည်။

အငြိမ့်သဘင်လောကမှ ဗွီဒီယိုသရုပ်ဆောင်လောကသို့ ကူးပြောင်းလာသည့် တခြားသော ခပ်ညံ့ညံ့လူရွှင်တော်များနှင့် မင်းဝေ၏

www.burmeseclassic.com

www.burmeseclassic.com



အရည်အသွေးမှာ ကွာလှ၏။ သူများတွေက ဇာတ်ဟန်အပြည့်ဖြင့် ညစ်ညမ်းစရာတွေကို ပြက်လုံးထုတ်နေချိန်၌ မင်းဝေက ခေတ်ကာလအား သရော်သည့် လူတွေကိုအသိဉာဏ်မျက်စိဖွင့်ပေးသော မော်ဒန်ပြက်လုံးများနဲ့ ဖျော်ဖြေတင်ဆက်သည်။ ဒါကြောင့်ပင် သူ့စကားသူ့ဟာသတွေသည် လူအများရဲ့ပါးစပ်ဖျားမှာ အလွယ်တကူ ရောက်ရှိနေတတ်၏။ အမြင်ကျယ်သော ပညာရှိပရိသတ်များကလည်း သူ့အနုပညာကို အသည်းစွဲအောင် ကြိုက်ကြလေသည်။

ဒါ့အပြင် ပရိသတ်များမှာ ကြည့်ရှုခံစားမည့် အငြိမ့်ပွဲကြီး၌ မင်းဝေသည် သူ့ထက် သမ္မာဝါရင့်သော နိုင်ငံကျော်လူရွှင်တော်ကြီးများနှင့်အတူ တင်ဆက်ဖျော်ဖြေရန် ရွေးချယ်ခံထားရ၏။ ထိုပွဲသည် သူ့အနုပညာကို မှတ်ကျောက်တင်ခံမည့်ပွဲဟု မင်းဝေ ခံယူထားပါသည်။

အချိန် (၂)နှစ်ကျော်ကျော်အတွင်း မင်းဝေသည် အောင်မြင်သူတစ်ယောက် ဖြစ်လာခဲ့၏။ သို့သော် သူ့မှာ မအောင်မြင်တာတစ်ခုတော့ ရှိသည်။ အဲဒါက တခြားတော့မဟုတ်။ သူ့အတွက် အဓိပ္ပာယ်တစ်ခုဖြစ်သော သူအင်မတန်လိုချင်လွန်းလှသော တာရာ့ချစ်သူဆိုသည့် ဘဝဖြစ်သည်။

မင်းဝေသည် တာရာ့အချစ်ကိုရဖို့ စိတ်ရှည်ရှည်ထား၏။ အရာရာ၌ သူက သွေးအေးစွာ ဖြည်းဖြည်းချင်း ကြိုးစားတတ်သူတစ်ဦး ဖြစ်ပါသည်။

သူနှင့်တာရာကြားရှိ အသိတရားကို အခြေခံထားသော ချစ်မေတ္တာမှာ တစ်ချိန်ချိန်တော့ တည်ငြိမ်စွာ ခြေစွမ်းပြလိမ့်မည်ဟု သူက ယုံကြည်ထားမိ၏။ ထို့ကြောင့် သူက အဲဒီအချိန်ရောက်အောင် ခံစားမှုများကို စတေးလျက် စောင့်နေခဲ့တာဖြစ်သည်။

သူတို့သည် လတိုင်း တာရာမင်းဝေ၏စာအုပ်များကို အပြန်အလှန်



လဲလှယ်ကြမြဲ။ စိတ်ကူးတွေက အမြဲတမ်းလည်း တူညီနေစမြဲ။ ဒီလိုနှင့်ပင် မင်းဝေမျှော်လင့်ယုံကြည်ထားသည့် အချိုးအကွေ့ ကာလတစ်ခုက သူတို့နှစ်ယောက်ကြားသို့ ဆောင်းဦးရွက်ကြွေများနဲ့အတူ ရောက်ရှိလာခဲ့တော့သည်။

မင်းဝေ၏သတ်မှတ်ချက်အရ ဒီနှစ် ဆောင်းဥတုသည် သူကြုံဖူးသမျှ ဆောင်းဥတုနှစ်ဆယ့်လေးခုအနက် အချမ်းဆုံးဖြစ်ပါသည်။ ဒီဇင်ဘာညက မြူနှင်းများထဲ၌ အအေးဓာတ်ကို တအိအိထုတ်လွှတ်နေသကဲ့သို့ ရှိ၏။ အနက်ရောင်ကောင်းကင်မှာ ကြယ်ပွင့်လေးများက မှိတ်တုတ်မှိတ်တုတ်ဖြင့် တစ်ခြမ်းပဲ့လအား ကျီစယ်နေကြသည်။ အချိန်က ညဆယ်နာရီ ကျော်နေခဲ့ပြီ။

တာရာတို့အိမ်ရှေ့ မြေကွက်လပ်တွင် အသေးစားဥယျာဉ်လေးတစ်ခု ရှိပါ၏။ ထိုဥယျာဉ်လေးထဲ၌ ပွင့်နေသည့်ရင်ခုန်သံနှစ်ခုနှင့် လှုပ်ရမ်းနေဆဲ အပြာရောင်ဒန်းတစ်ခုမှာ အသက်ဝင်လျက်ရှိနေသည်။

သူမက မင်းဝေရဲ့ အကြည့်နက်နက်တွေအောက်တွင် သက်ပြင်းမောလျှလျှတစ်ချက်ကို ချလိုက်မိ၏။ နောက်တော့ သူမက ဒန်းလေးမှာ မှီချလိုက်ကာ မျက်လုံးများကို မှိတ်ထားပြန်သည်။ တာရာ၏ မျက်ခွံမို့မို့လေးများအောက်၌ ဘယ်လိုအမြင်တွေ ရှိမလဲဆိုတာ သူ တကယ်ပဲသိချင်ပါသည်။ မင်းဝေသည် သူမကိုကြည့်နေရင်းမှ ရင်တွေ တလှပ်လှပ်ဖြစ်လာ၏။

သူတို့သည် ပထမဆုံးအကြိမ် လူခြေတိတ်ဆိတ်သော ညအချိန်မှိုင်းတွင် နှစ်ယောက်တည်းတွေ့ဆုံကြခြင်းလည်း ဖြစ်သည်။ အကြောင်းမှာ ဒီနေ့သည် ဒီဇင်ဘာလ၏ နောက်ဆုံးအပတ် သောကြာနေ့မို့ ထုံးစံအတိုင်း သူ (၁၂)နာရီမကျော်ခင် စာအုပ်လဲလှယ်ရန်ဖြစ်လေ၏။ မင်းဝေမှာ မနက်ပိုင်းတုန်းက ကြော်ငြာတစ်ခု ရိုက်စရာရှိသဖြင့် ကျောင်းမတက်ဖြစ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းမှ တာရာ့ဆီဖုန်းလှမ်းဆက်ပြီး ညပိုင်း၌ အခုလိုတွေ့ဆုံခွင့်တောင်းခဲ့ခြင်း ဖြစ်သည်။ ရှေ့အပတ်ဆို စာမေးပွဲဖြေပြီး ကျောင်းတွေပိတ်တော့မည်။

တာရာသည် ရင်ခုန်သံတွေ အရမ်းမြန်ဆန်နေရ၏။ သူမက မိဘတွေသိသွားမှာ ကြောက်တာရော၊ မင်းဝေရဲ့ ရဲတင်းလွန်းသည့်အကြည့်များကို ရှက်တာရော၊ နှစ်ခုပေါင်းကာ နှလုံးသွေးတွေ ဆူဝေလျက်ရှိပါသည်။ ဒီတစ်ခါလည်း သူတို့၏ စာအုပ်လဲလှယ်ခန်းမှာ နှစ်ဦးစလုံးက တာရာမင်းဝေရဲ့ ပထမဆုံး လုံးချင်း 'ပန်းခေတ်ကာလမင်း' ဆိုသည့်စာအုပ်ကို တူညီစွာ ပေးလိုက်မိကြ၏။ သူမက ဒီလို တစ်ခါကြုံရတိုင်း တစ်ခါကြည်နူးရှက်ရွံ့မှုကို ခံစားရသည်။ ဒါပေမဲ့ သူမအတွက် ထိုခံစားမှုသည် ဘယ်တော့မှ ရိုးမသွားဘဲ အမြဲဆန်းသစ်နေခဲ့ပြီး စာအုပ်ချင်းတိုက်ဆိုင်သလိုပဲ အံ့သြစရာဖြစ်လေသည်။

ဒီဇင်ဘာ နောက်ဆုံးသောကြာနေ့၏ လက်ကျန်အချိန်တွေက တစ်စထက်တစ်စ ပါးလျားလျော့နည်းလာခဲ့၏။ မင်းဝေက သူ့လက်ထဲမှ 'ပန်းခေတ်ကာလမင်း'စာအုပ်လေးကို ပြုံး၍ကြည့်နေရင်း သူမနာမည်အားခေါ် လိုက်ပါသည်။

"တာရာ"

သူမက ခေါ်သံကြောင့် မှိတ်ထားသောမျက်လုံးလေးတွေကို ဖွင့်ကြည့်၏။ ပြီးတော့ သူ့ကို မျက်ဝန်းများနဲ့ရယ်ပြသည်။ နောက်. . . သူမက မျက်စပင့်ကာ မေးခွန်းတစ်ခု ဖန်တီးလိုက်ပါသည်။ မင်းဝေဆီမှ စကားသံထွက်ပေါ်လာ၏။

"ငါတို့နှစ်ယောက်ဟာ ဒီစာအုပ်လေးတွေပေးတိုင်း အမြဲတိုက်ဆိုင်ကြတယ်နော်၊ ဒီပန်းခေတ်ကာလမင်းနဲ့ပါဆို စုစုပေါင်း စာအုပ်သုံးဆယ်ရှိပြီ ငါတို့နှစ်ယောက် ခင်မင်သိကျွမ်းလာခဲ့တဲ့သက်တမ်းကို စာအုပ်တွေနဲ့



တွက်ကြည့်မယ်ဆို (၂)နှစ်ခွဲတောင် ကြာသွားခဲ့ပြီတာရာ. . .၊ အဲဒီအတောအတွင်းမှာ စာအုပ်လဲတိုင်း ငါတို့အမြဲတူနေကြတာ တော်ရုံတန်ရုံတိုက်ဆိုင်မှုမျိုးမဟုတ်ဘူးဟ. . ."

"အေးလေ. . . အဲဒါကိုငါသိသားပဲ"

သူမက ပြုံးစစနှင့် သူ့ကိုစလိုက်၏။ မင်းဝေသည် သူမစကားကြောင့် ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားရသည်။ သူက ခေါင်းကိုကုတ်နေရင်း. . .

"အဲ. . . ဟို. . . ဟိုလေဟာ. . . ငါပြောချင်တာက. . . ဟိုလိုမျိုး"

တာရာသည် ချစ်စဖွယ်အမူအရာလေးနှင့် သူ့အား စိုက်ကြည့်နေကာ မေးလိုက်ပြန်သည်။

"ဘယ်လိုမျိုးလဲ"

သူမ၏မေးခွန်းအဆုံးတွင် မင်းဝေက ပြောစရာစကားရသွား၏။

"ဒီလိုလေ. . . ငါတို့နှစ်ယောက် အခုလိုစာအုပ်လဲတိုင်း စိတ်ကူးတွေ တိုက်ဆိုင်နေသလိုပဲ. . . ဟို. . ."

ပြောရင်းမှ စကားမဆုံးခင်ရပ်သွားသည့် မင်းဝေအား သူမက တစ်ချက် လှမ်းထောက်ပေးလိုက်သည်။

"အဲဒီလိုတိုက်ဆိုင်နေတော့. . ."

မင်းဝေက သက်ပြင်းကိုဖွဖွလေးချပြီး သူ့စကားအား အဆုံးသတ်ပါ၏။

"အခုလို စာအုပ်လေးတိုက်ဆိုင်သလိုပဲ ငါတို့နှစ်ယောက်ရဲ့ နှလုံးသားတွေ တိုက်ဆိုင်နေရင် သိပ်ကောင်းမှာပဲတာရာရယ်. . ."

"အို. . ."

သူမရင်ထဲမှာ လှိုက်ခနဲ နှိမ့်ဆင်းကျသွား၏။ တကယ်ပဲ သူ့ခံ

www.burmeseclassic.com

www.burmeseclassic.com



စားချက်တွေကို သူမ အတိုင်းသားမြင်တွေ့လိုက်ရပါသည်။ ထိုခဏ၌ မင်းဝေဆိုသောလူရွှင်တော်သည် သူမကို ရယ်မောပျော်ရွှင်စေရုံသာမက မျက်ရည်ပါကျလာအောင် အစွမ်းရှိသူမှန်း တာရာ နားလည်သဘောပေါက်သွားခဲ့၏။

တာရာက သူမ၏မျက်လုံးထောင့်စွန်းမှာ ရစ်ဝဲနေသောမျက်ရည်စများကို လက်ခုံဖြင့် သုတ်နေလိုက်သည်။ သူတို့နှစ်ယောက် အကြည့်ချင်းပြိုင်မိကြပြန်၏။ ပိုးကတ္တီပါလို နူးညံ့ပျော့ပြောင်းလှသည့် အချစ်၏ဘာသာစကား၌ သူတို့နှစ်ဦးစလုံးသည် မှတ်ဉာဏ်ကောင်းသူတွေ ဖြစ်ကြပါသည်။ (သို့မဟုတ်) စာမေးပွဲကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုနိုင်သော ပါးနပ်သည့်ကျောင်းသားများလည်း ဖြစ်သည်။

"လူပြက်. . ."

"ဘာလဲ၊ ပြောလေ. . . တာရာ. . ."

"ငါ နင့်ကို အဖြေပြန်ပေးမလို့. . . ဒါပေမဲ့. . ."

"ဟာ. . . နင်ကလည်း ဒါပေမဲ့ကြီးကို ခဏလောက် ဘေးဖယ်ထားလို့မရဘူးလား"

"ဟင့်အင်း၊ မရဘူး. . . ဒါပေမဲ့ကို အရင်ပြောမှဖြစ်မှာ. . ."

"အေး. . . အဲဒါဆိုလည်း ပြောဟာ. . ."

သူမက သူ့လေသံနှင့်အမူအရာကြောင့် တခစ်ခစ်လိုက်ရယ်နေ၏။ ပြီးမှ သူမရဲ့စကားကို အစကပြန်ကောက်၍ ပြောသည်။

"ငါ နင့်ကို အဖြေပေးမယ်လူပြက်၊ ဒါပေမဲ့ အခုတော့မဟုတ်ဘူး"

"ဘယ်တော့လဲ"

"နောက်လာမယ့်ဇန်နဝါရီလရဲ့ အခုလိုသောကြာနေ့"

"အားပါးပါး. . . ရက်စက်လှချည်လား တာရာရယ်၊ နင့်ဟာက တစ်လကြီးများတောင် လိုသေးတယ်"



"မရဘူး၊ ဈေးလာမဆစ်နဲ့လူပြက်. . . ငါက ဒါဆိုဒါပဲ"

"အေးပါ. . . ဟုတ်ပါပြီ၊ နင့်ဆိုင်က တစ်ခွန်းဈေးဆိုတာ ငါသိပါပြီ"

နှစ်ယောက်သား ရယ်သံတွေ နည်းနည်းကျယ်သွား၏။ နောက်မှ တာရာက ညအချိန်ဆိုတာ သတိရသွားပြီး "ရှူး. . . တိုးတိုး. . ." ဟု မင်းဝေကို အချက်ပြပါသည်။ ဒါတောင် သူတို့နှစ်ယောက်က ကြိတ်၍ရယ်နေသေး၏။ အပျော်တွေက သူတို့နှလုံးသားများကို စိုးမိုးထားလေသည်။

မင်းဝေက သူမချိန်းဆိုသောနေ့ကို နှုတ်မှ တိုးတိုးလေးလိုက်ရွတ်ကာ နောက်လ ဘယ်နေ့ကျမှလဲဆိုတာကိုလည်း တွက်ချက်စဉ်းစားနေခဲ့သည်။ ခဏကြာတော့ သူ့မျက်နှာပေါ်တွင် အဖြေတစ်ခုခု ရသွားပုံက ထင်းခနဲလင်းသွား၏။ တာရာမမေးခင်ဘဲ သူကဖြေပြောလိုက်သည်။

"လာမယ့်ဇန်နဝါရီလရဲ့ ← နောက်ဆုံးအပတ်သောကြာနေ့က (၂၉) ရက်နေ့ကျတယ် တာရာ. . ."

သူမက အားတက်သရောဖြစ်နေသော မင်းဝေအား နောက်လိုက်ပါ၏။

"ဟုတ်လို့လားဟ. . . မဖြစ်နိုင်တာ လူပြက်ရာ"

"ဩော်. . . ဟုတ်ပါတယ်ဆို. . ."

"ဘာလဲ. . . နင်က ပြက္ခဒိန်ကို တစ်နှစ်လုံးစာ အလွတ်ကျက်ထားတာမို့လို့လား"

"အဲဒီလိုတော့ဟုတ်မလား၊ ငါက နင့်လို အရူးမှမဟုတ်တာ ဒါပေမဲ့ ဇန်နဝါရီ(၂၉)ရက်နေ့ဟာ သောကြာနေ့ကျတယ်ဆိုတာကိုတော့ ငါအသေအချာပြောနိုင်တယ်"

"ဘာဖြစ်လို့ နင်က အဲဒီလိုပြောနိုင်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီ (၂၉)ရက်နေ့မတိုင်ခင် (၂၈) ရက်

www.burmeseclassic.com

www.burmeseclassic.com



နေ့မှာ ငါတို့ရဲ့အငြိမ့်ပွဲကြီး ရှိတယ်လေ၊ အဲဒီနေ့က ကြာသပတေးနေ့ညပဲ၊ အဲဒီတော့ သောကြာနေ့က (၂၉)ရက်နေ့ပေါ့"

ထိုသို့ မင်းဝေက အပိုင်ပြောတော့ သူမက မသိမသာနဲ့ တခြားတစ်ခုဆီ စကားလွှဲကာ သူ့အားရိလေသည်။

"အေး. . . ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့လဲ၊ နင်က မှတ်ဉာဏ်ကောင်းသားပဲ၊ အဲ. . . ဒါပေမဲ့ နားတော့မကောင်းဘူး"

မင်းဝေမှာ သူမအဖြေပေးလိုက်တုန်းက မကြားမိခဲ့သည့်အဖြစ်အား သတိရသွားကာ မခံချိမခံသာ ဖြစ်သွားရသည်။ တာရာသည် အောင့်သက်သက်ဖြစ်နေသော သူ့မျက်နှာကြီးကိုကြည့်ရင်း ပျော်နေမိ၏။ ရုတ်တရက် သူမက အားရဝမ်းသာစွာနဲ့ ထအော်လိုက်ပြန်သည်။

"ဟာ. . . ဟုတ်ပြီ၊ ငါအကြံရပြီ"

"အင်း . . . လုပ်စမ်းပါဦး"

"လာမှာပေါ့ လူပြြက်ရဲ့၊ ဒါပေမဲ့ နင့်ကိုငါ တစ်ခုအရင်မေးဦးမယ်"

"မေး. . ."

"အဲဒီ (၂၈)ရက်နေ့မှာ နင်တို့အငြိမ့်က ဘယ်အချိန်လောက်ပြီးမှာလဲ၊ မိုးလင်းပေါက်လား"

"မိုးလင်းပေါက်တော့ မဟုတ်ဘူးဟ၊ စောစောသိမ်းမှာပါ၊ ငါ့အထင်ပြောရရင် အငြိမ့်က ည(၁၁)နာရီ(၁၂)နာရီလောက် ပြီးလိမ့်မယ်ထင်တယ်၊ ဘာလဲ. . . နင်က လာကြည့်မလို့လား"

"ငါလည်း ကြည့်ချင်တာပေါ့၊ ဒါပေမဲ့ အိမ်ကလွှတ်မယ်မထင်ဘူး၊ ဟိုတစ်ခါတောင် ကျောင်းရဲ့ ရွှေရတုပွဲမို့လို့ အမေကိုယ်တိုင် လိုက်ပို့ပေးတာ၊ လူကြီးမပါဘဲ အဲဒီလိုပွဲမျိုးကို ငါ့အဖေက ညဘက်ကြီး ခွင့်ပြုမှာမဟုတ်ဘူးဟ. . ."



"ဒါမျိုး တာရာရယ်၊ စိတ်မကောင်းဖြစ်မနေစမ်းပါနဲ့၊ အဲဒီနေ့ညပွဲက ခွေပြန်ထွက်မှာပဲ၊ အဲဒီကျမှ ကြည့်ပေါ့"

သူမက ထင်ရာပြောနေသော သူ့ကို ဖျော့တော့ဝေရီစွာ ပြုံးပြ၏။ တာရာက . . .

"ဒီမှာလူပြက်. . . ငါပြောမယ်၊ နင်သေချာနားထောင်နော်၊ အဲဒီလာမယ့်(၂၉)ရက်နေ့ကျရင် ငါတို့မိသားစုတစ်စုလုံး စင်ကာပူကိုသွားရမှာ၊ လေယာဉ်လက်မှတ်တောင် စီစဉ်ပြီးသွားပြီ မနက် (၇)နာရီခွဲ လေယာဉ်နဲ့ဟ. . ."

မင်းဝေက သူမကို အလောတကြီးနိုင်စွာ ဖြတ်၍မေးပါသည်။

"ဘာကိစ္စနဲ့သွားမှာလဲ တာရာရဲ့. . ."

"ဩော်. . . ကိစ္စက ငါတို့ရဲ့ 'မျိုးချစ်' ဘဏ်ခွဲကို စင်ကာပူမှာ ဖွင့်ပွဲသွားလုပ်မှာပါ၊ အခု ကျောင်းပိတ်တုန်းဆိုတော့ ငါတို့က ဟိုမှာ အနည်းဆုံး တစ်လလောက်တော့ ကြာလိမ့်မယ်ထင်တယ်"

"အဲဒီတော့. . ."

"အဲဒီတော့ နင် (၂၈)ရက်နေ့ည အငြိမ့်ပြီးသွားတဲ့အခါ ဒီနေရာလေးကိုပဲ (၁၂)နာရီတိတိမှာ ရောက်အောင်လာခဲ့၊ (၁၂)နာရီကျော်ရင် (၂၉)ရက်နေ့ သောကြာနေ့ကိုရောက်ပြီလေ၊ အဲဒီကျရင် ငါတို့နှစ်ယောက် တအုပ်လဲကြမယ်၊ နင့်ကို ငါ အဖြေပေးမယ်. . . ဟုတ်ပြီလား"

သူ့မျက်နှာသည် အပျော်လွန်နေသူတစ်ယောက်ပုံ ဖြစ်နေ၏။ သူက သူမအား ဟိုတုန်းကလိုပဲ မျက်ဆံနက်နက်လေးကို မှိုးစုံကစားပြရင်း ရယ်လာအောင်လုပ်ပါသည်။ သို့သော် သူမ လုံးဝမရယ်ဖြစ်၊ ထိုညက တာရာ့ဆီမှ စိုးရိမ်စွာပြောဆိုမှာကြားနေသည့် စကားသံများသည် သူ့နားစည်၌ အကြိမ်ကြိမ် ပဲ့တင်နေခဲ့သည်။

"လူပြက်. . . နင့်ကို ငါယုံပါရစေနော်၊ ငါ့အချစ်တွေကို နင်

www.burmeseclassic.com

www.burmeseclassic.com



မနောက်ပြောင်လိုက်ပါနဲ့ကွာ. . . ”

“ဒီတစ်ခါ လုံးဝမလွဲစေနဲ့ လူပြက်. . . ဒီတစ်ခါလွဲခဲ့ရင် ငါတို့နှစ်ယောက် တစ်သက်လုံးစာ ဝေးပြီလို့ပဲ နင်မှတ်ထားလိုက်တော့၊ အဲဒီညမှာ နင်ရောက်မလာခဲ့ရင် ငါ ဘွဲ့လည်းမယူတော့ဘူး၊ ဒီကိုလည်း ပြန်မလာတော့ဘူး”

“ငါ့အချစ်တွေကိုတော့ နင် ပြက်လုံးမထုတ်လောက်ပါဘူးနော် လူပြက်. . . ”

တာရာတို့အိမ်ဧည့်ခန်းရှိ တိုင်ကပ်နာရီကြီးဆီမှ နာရီထိုးသံ ဆယ့်နှစ်ချက်အား ကြားရ၏။ ထိုအခါ ခွဲခွာချိန်ကို သူတို့ နားလည်လိုက်ကြပါသည်။ ဒီဇင်ဘာဆောင်းနှင်းမြူများကြား၌ သူတို့ မခွဲချင်ဘဲ နှုတ်ဆက်လက်ပြခဲ့ကြ၏။

သူမက သွားတက်လှလှလေးတွေပေါ်အောင် ပြုံးရယ်ကာ သူတို့တာ့တာပြလိုက်သည်။ စိတ်ကူးထဲမှာတော့ တာရာ့ကို သူက အနမ်းဖြင့် နှုတ်ဆက်လိုက်မိပါသည်။

●

စာမေးပွဲကာလသည် သူတို့အားလုံး၏ ဦးနှောက်ပျက်ချင်စဖွယ် အချိန်တွေပဲဖြစ်သည်။ Final Part (1) အထိ ရောက်လာခဲ့ပြီမို့ ဦးခေါင်းတစ်ခုလုံးလည်း ရက်စွဲများ၌ သူတို့က တစ်ယောက်ကိုတစ်ယောက် လှည့်မကြည့်အားကြ။

သူ့ရဲ့ရိုက်ကူးရေးကိစ္စများအားလုံးကို လုံးဝရပ်ထားလိုက်ရ၏။ ဒီကြားထဲ သူ့အဖေဦးကြာရိုး၏ ကျန်းမာရေးအခြေအနေက ပို၍ဆိုးရွား လာခဲ့သည်။ ဖေဖေ့ကို ဆေးရုံတက်ဖို့ သူက နားချသေးသော်လည်း ဖေဖေ



က ခေါင်းမာစွာငြင်းဆန်ခဲ့ပါသည်။ မင်းဝေ လူမှုန်းသိတတ်စအရွယ်ကတည်းက ဖေဖေနှာခေါင်းမှာ မပြတ်ရှုနေခဲ့သည့် ရှူဆေးဗူးများက အခုတော့ ဖေဖေ့အသည်းကို ဒုက္ခပေးလေပြီ။ နောက်ပြီး ဖေဖေ့မှာ Heart Attack ကလည်း ရှိသေး၏။

မင်းဝေသည် တစ်ယောက်တည်း ချာလပတ်ကိုရမ်းနေရသည်။ ကျောင်းစာကို ဦးစားမပေးလို့ကလည်း မရ။ ငွေကိုလည်း ရှာရသည်။ တစ်စထက်တစ်စ နီးကပ်လာသည့်အငြိမ့်ပွဲကြီးအတွက် ဇာတ်တိုက်တာတွေ၊ ပြက်လုံးထုတ်တာတွေကို လုပ်ရသည်။ အဲဒီကြားထဲမှာ ဖေဖေ့ကျန်းမာရေးကိုလည်း အကဲခတ်ကြည့်နေရသေး၏။ ဖေဖေ့ကို အနီးကပ်ပြုစုရန် ဆွေမျိုးနီးစပ်တော်သော ကြီးတော်ဒေါ်ငွေပုကို အိမ်မှာခေါ်ထားရသည်။ ဒီလိုနှင့် စာမေးပွဲကာလသည် လိမ်ဖယ်လိမ်ဖယ်နှင့် ပြီးဆုံးသွားသည်။

စာမေးပွဲပြီးသွားတော့ အငြိမ့်ပွဲအတွက် သူပြင်ဆင်ရတော့၏။ ဦးကြာရိုးက မကျန်းမာသည့်ကြားမှ မင်းဝေကို အငြိမ့်ပွဲကြီးတွင် မကဖို့ တားမြစ်နေလေသည်။

အကြောင်းမှာ မင်းဝေအငြိမ့်ကတိုင်း တခြားလူရွှင်တော်များက သူ့ကို ပရိသတ်နှင့်မိတ်ဆက်ရာတွင် ဦးကြာရိုး၏သားဟူ၍ သုံးနှုန်းတတ်ကြ၏။ ဒါကို ဦးကြာရိုးက လုံးဝမကြိုက်၊ ဒီတော့ မင်းဝေက ဦးကြာရိုးကို နောက်တစ်ခါ ဖေဖေ့နာမည်မပါစေရဘူးဟု အာမခံလိုက်ရ၏။ တခြားလူရွှင်တော်တွေကိုလည်း သူ့အဖေနာမည်အားမသုံးရန် အတိအလင်း ပြောထားလိုက်သဖြင့် မင်းဝေမှာ အစပိုင်း၌ တစ်မျိုးတောင် အထင်ခံခဲ့ရသည်။ နောက်ပိုင်းကျမှ သူ့ကို နားလည်သွားခဲ့ကြ၏။

ကျောင်းတွေပိတ်ထားတော့ သူ တာရာ့ကိုလွမ်းမိသည်။ ဒါပေမဲ့ ဘာများတတ်နိုင်ပါမည်နည်း။ မင်းဝေက အလွမ်းကိုကြိုးစားဖြေဖျောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အနုပညာဘက်မှာ အားထည့်ထားလိုက်၏။ ဒီပွဲက သူ့ဘဝအတွ
အရေးကြီးသည်မဟုတ်ပါလား။

ထိုသို့ဖြင့် တစ်လဆိုသောအချိန်က သူ့ဘေးနားမှ လှစ်ခနဲ ကွ
ပျောက်သွားခဲ့တော့သည်။

❑

## အခန်း (၁၄)

ဇန်နဝါရီ (၂၈)ရက် ဆောင်းညသည် တနည်းအားဖြင့် နိုင်ငံ
ကျော် လူရွှင်တော်ကြီးခြောက်ဦးနှင့်အပြိုင် မင်းဝေပါဝင်ဆင်နွှဲခွင့်ရသော
ထူးအငြိမ့်ပွဲကြီးကို ဖျော်ဖြေကပြရမည့် ကြာသပတေးနေ့ညလည်း ဖြစ်
သည်။ အစီအစဉ်၌ နာမည်ကြီးလူရွှင်တော်များအပြင် နာမည်ကြီး မင်း
သမီးနှစ်ယောက်ပါ တင်ဆက်ကပြမည့်ပွဲမို့ မြက်ခင်းပြင်အနှံ့ ပရိသတ်
များက ကြိတ်ကြိတ်တိုးနေ၏။ ဒီနေ့ အငြိမ့်ပွဲကြီးရဲ့ ထူးခြားချက်မှာ အမိုး
အကာများနှင့် အဆောက်အအုံထဲတွင် ကျင်းပခြင်းမဟုတ်ဘဲ ဟိုးရှေးတုန်း
ကလို အားကစားကွင်းမြက်ခင်းပေါ်၌ လူတွေအများကြီး ကြည့်ရှုအားပေး
နိုင်ခြင်း ဖြစ်လေသည်။

မင်းဝေမှအပ ကျန်လူရွှင်တော်ခြောက်ဦးမှာ နှစ်ယောက်စီတစ်တွဲ
တွဲကာ နာမည်ကြီးလာခဲ့သူတွေ ဖြစ်သည်။ ဦးဗျတ်ဝိနဲ့ ဦးဗျတ္တာ၊ ကိုသစ္စာနဲ့
ကိုရှောက်သီး၊ ဒေါ်နညိုနဲ့ ဖိုးလပြည့်. . . အစရှိသည့်လူရွှင်တော်အတွဲများ

www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်၏။ ဦးဗျတ်ဝိနဲ့ ဦးဗျတ္တဆိုတာ အားလုံးထဲမှာ ဝါအရင့်ဆုံး အနု ပညာသက်တမ်း အကြာရှည်ဆုံးဖြစ်ပြီး အသက်ငါးဆယ်ဝန်းကျင်ခန့် ရှိကြ၏။ ကိုသစ္စာနဲ့ကိုရောက်သီးတို့ အတွဲကတော့ အသက်လေးဆယ်နီးပါး လောက်ရှိနိုင်သည်။ ဒေါနညိုနဲ့ ဖိုးလပြည့်တို့နှစ်ယောက်မှာလည်း အသက် သုံးဆယ်ကျော်ကျော်တော့ ရှိနေပြီ။ သူတို့အားလုံးထဲ၌ မင်းဝေမှာ အသက် နှစ်ဆယ့်လေးနှစ်သာရှိသေးသော လူရွှင်တော်လေးတစ်ဦး ဖြစ်နေပါ၏။ ထူးခြားမှုတစ်ခုက မင်းဝေဆိုတဲ့သူ့နာမည်သည် တခြားလူတွေလို လူပြက် ဆန်မနေခြင်း ဖြစ်သည်။

ရန်ကုန်မြို့တွင် ဒီလိုအငြိမ့်ပွဲမျိုး မကျင်းပဖြစ်တာကြာပြီမို့ ပွဲထော် နေသော ပရိသတ်တွေက မြက်ခင်းပြင်အပြည့် နေရာယူထားကြပါသည်။ ရောင်စုံဆလိုက်မီးများ၊ မြန်မာ့ရိုးရာမုန့်မျိုးစုံကို ရောင်းချနေသောဈေးတန်း များ၊ ခေတ်ပေါ်စားသောက်ဖွယ်ရာများနှင့် အတူ အငြိမ့်ပွဲအတွက် စပွန် ဆာပေးထားကြသည့် နာမည်ကျော် ကုန်ပစ္စည်းအမှတ်တံဆိပ် ကြော်ငြာ များကိုလည်း စည်ကားစွာ တွေ့ရှိရ၏။

ဒီအငြိမ့်ပွဲကြီးသည် တကယ်တော့ မြန်မာ့ဇာတ်သဘင်လောကမှ အစဉ်အလာကြီးမားခဲ့သည့် 'ညမွှေးပန်း' အငြိမ့်အဖွဲ့ကြီးတည်ထော င်ခဲ့ တာ (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ်ပွဲကြီးပင် ဖြစ် သည်။ နေ့မြင်ညပျောက်ဆိုသလို အငြိမ့်အဖွဲ့များ၊ နာမည်ကောင်း အနု ပညာကောင်းရခဲ့သော်လည်း စည်းလုံးညီညွတ်မှု မကောင်းသဖြင့် ပြိုကွဲ သွားခဲ့ရသော အငြိမ့်များ၊ ပရိသတ်ကိုကျေနပ်အောင် မဖျော်ဖြေနိုင်၍ ပပျောက်သွားသည့် အငြိမ့်အဖွဲ့များစွာကြား၌ နှစ်ပေါင်း (၇၅)နှစ်ကြာ ခရီးရောက်တဲ့အထိ ချီတက်နိုင်တဲ့ 'ညမွှေးပန်း' အငြိမ့်မိသားစု၏ ဂုဏ် သတင်းမှာ သင်းပျံ့လှသည်။

တချို့က အငြိမ့်သဘင်တစ်မျိုးတည်းနှင့် မရပ်တည်နိုင်၍ ...



ဇာတ်အဖွဲ့အဖြစ် အသွင်ပြောင်းသွားကြ၏။ မြန်မာ့အငြိမ့်စစ်စစ်တို့ ပွဲတော်များ၌ လူပြိန်းကြိုက်ဇာတ်တွေနှင့် အပြိုင်ရုံသွင်းနိုင်သည်မှာလည်း 'ညမွှေးပန်း' အငြိမ့်တစ်ဖွဲ့တည်းသာ ရှိပါသည်။

သားစဉ်မြေးဆက် စနစ်ကျစွာ စီမံခန့်ခွဲနိုင်သော 'ညမွှေးပန်း' အငြိမ့်ပိုင်ရှင်မိသားစုသည် လူရွှင်တော်များ၊ မင်းသားမင်းသမီးများ၊ သဘင် ပညာရှင်နှင့် ဆိုင်းဆရာများကို အဆက်မပြတ် မွေးထုတ်ပေးနိုင်ခဲ့သည်။ ယခုကဲ့သို့ 'ညမွှေးပန်း'အဖွဲ့၏ စိန်ရတုအခါသမယတွင် ဒီအငြိမ့်ရဲ့ စင်တင်မဟုတ်သော်လည်း လက်ရှိအချိန်၌ နာမည်အကြီးဆုံး စူပါမင်း သမီးတွေနှင့် စူပါလူရွှင်တော်များက 'ညမွှေးပန်း' အဖွဲ့အား ဂုဏ်ပြုသည့် အနေဖြင့် ပါဝင်ကြခြင်းဖြစ်ပါ၏။ မင်းသမီးနှစ်ယောက်အနက် ခေါင်း ဆောင် မင်းသမီး ရွှေယမင်းမှာ ညမွှေးပန်းရဲ့ စင်တင်မင်းသမီးဖြစ်၏။ ရေနွှတ်ကြက် မင်းသမီး သီတာရေကြည်ကတော့ ဧည့်သည်တော်အဖြစ် ပါဝင် ကပြဖို့ ရွေးချယ်ဖိတ်ကြားခံရသူ. . .။ အဲဒီလိုပဲ လူရွှင်တော်တွေထဲမှာ လည်း ကိုသစ္စာနဲ့ ကိုရောက်သီးတို့နှစ်ယောက်က ဒီအဖွဲ့ကြီးရဲ့ ကျောင်း ထွက်များ ဖြစ်ကြသည်။ မင်းဝေနှင့် ကျန်လေးယောက်ကတော့ ဂုဏ်ပြု ဧည့်သည်တော်များကဏ္ဍမှ တင်ဆက်ကြရန်ဖြစ်၏။

မင်းဝေအတွက် 'ညမွှေးပန်း' အဖွဲ့နှင့်ပတ်သက်၍ အထူးခြား ဆုံး အမှတ်တရတစ်ခုမှာ သူ့အဖေ ဦးကြာရိုးသည် ဒီ 'ညမွှေးပန်း' အငြိမ့် ကြီး၏ စင်တင်လူပြက်တစ်ဦးအဖြစ် လွန်ခဲ့သော (၂၅)နှစ် ရွှေရတုသဘင် တုန်းက စတင်ပါဝင်ခဲ့ဖူးခြင်း ဖြစ်ပါသည်။ ယခုအချိန်တွင်တော့ ဦးကြာ ရိုးက 'ညမွှေးပန်း' အငြိမ့်အဖွဲ့၏ ဂုဏ်ထူးဆောင် လူရွှင်တော်ကြီး ဖြစ် နေလေပြီ။ ဦးကြာရိုးမှာ သူ့ရဲ့ လူရွှင်တော်ဘဝကို အစမှ နောက်ဆုံးအနေ ယူသည်အထိတိုင်အောင် 'ညမွှေးပန်း' အငြိမ့်အဖွဲ့တစ်ခုတည်းမှာပဲ သစ္စာရှိရှိ အနုပညာတာဝန်ကို ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။ အခုတော့ မင်းဝေအလှည့်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့သားအဖနှစ်ယောက်၏ ခြားနားချက်တစ်ခုမှာ မင်းဝေက ဦးကြာရိုးလို 'ညမွှေးပန်း' မှ မွေးထုတ်ပေးလိုက်သူမဟုတ်။ သူသည် မိဘ၏အလုပ်နှင့် မျိုးရိုးကို ထိန်းသိမ်းသည့်အနေဖြင့် လူရွှင်တော်ဖြစ်လာသူမဟုတ်၊ အပေါင်းအသင်းများကြောင့် ပတ်ဝန်းကျင်၌ အနေနီးစပ်ပြီး ထမင်းတစ်လုတ်အတွက် ဇာတ်စင်ပေါ် မတော်တဆ ရောက်လာခဲ့သူမဟုတ်။

သူသည် ကိုယ့်ဝီဇကိုကိုယ် ရှင်သန်ဖွံ့ဖြိုးလာအောင် မွေးမြူလာခဲ့သူ၊ ကိုယ်အနုပညာစွမ်းကို ခေတ်မီနက်ရှိုင်းလာစေဖို့ ကြိုးစားအားထုတ်နိုင်ခဲ့သူ၊ သွားမယ့်လမ်းအား ကိုယ်တိုင်ဖောက်လုပ်၍ ရာသီအခြေအနေကြောင့် ကိုယ့်လမ်းကိုယ်ထမ်းထားပြီး နေသာသည့်နေ့မှ ချလျှောက်ရန် စဉ်းစားထားသူ။ ကိုယ့်ယုံကြည်မှုအတွက်လည်း အားလုံးကို တိုက်ခိုက်ရသူ။

သူက ရှေ့ခရီးအတွက် သေချာပြင်ဆင်ပြီးမှ အတိတ်ဒဏ်ရာများကို ရယ်စရာဟာသအဖြစ် ပြောင်းလဲပစ်ဖို့ အနုပညာလောကထဲသို့ ရောက်ရှိလာသူ ဖြစ်ပါသည်။

သူ့နာမည်ကိုမင်းဝေဟူ၍ မိဘများက မှည့်ထားကြ၏။

ကျောင်းကသူငယ်ချင်းတွေကတော့ လူပြက်လို့ပဲ အလွယ်ခေါ်ကြသည်။

သူ့အနုပညာကို မြတ်နိုးသော ပရိသတ်များကလည်း မော်ဒန်လူပြက်ဟု သူ့ကို သတ်မှတ်ထားကြ၏။

တကယ်တော့ သူက ကောင်မလေးတစ်ယောက်နဲ့ နှလုံးသားချင်း ပတ်သက်လိုက်မိ၍ အသည်းကွဲနေသော လူရွှင်တော်တစ်ယောက်သာ ဖြစ်လေသည်။



'ညမွှေးပန်း' အငြိမ့်အဖွဲ့၏ စိန်ရတု အထိမ်းအမှတ်ဖျော်ဖြေပွဲကြီးသည် ဆောင်းညနှင်းမြူတွေအောက်မှာ အအေးဓာတ်ကို အံတုလျက်ရှိ၏။ ပွဲခင်းထဲရှိ လူတွေရဲ့မျက်နှာပေါ်တွင် ပြုံးရွှင်ပျော်မြူးရိပ်များ ထင်နေကြပါသည်၊ မင်းဝေသည် ပထမတော့ ရင်ခုန်ကာ စိတ်လှုပ်ရှားနေသေး၏။ အခုလို ကျော်ကြားအောင်မြင်သော သမ္ဘာရင့်လူရွှင်တော်ကြီးများနှင့် ယှဉ်တွဲဖျော်ဖြေနေရသည့် မင်းဝေက သူ့အပေါ် ပရိသတ်၏တုံ့ပြန်မှု ဘယ်လိုရှိမလဲဆိုတာ သိချင်နေသည်။

ဒါပေမဲ့ အငြိမ့်ပွဲစတင်၍ အချိန်သိပ်မကြာခင်ပင် မင်းဝေနှင့်ခွဲကြည့်ပရိသတ်တွေအားလုံးမှာ တစ်သားတည်းဖြစ်သွားကြ၏။ သူလည်း ဒီတော့မှ ဖိစီးထားသောစိုးရိမ်စိတ်များ လျော့ကျသွားပြီး ပြက်လုံးများပေါ် သေချာ အာရုံစိုက်လာနိုင်တော့သည်။ ဒီညသည် သူ့အတွက် ပွဲကြီးပွဲကောင်းဖြစ်နေလေသည်။

မင်းဝေဆီမှာ လူငယ်ပရိသတ် အခိုင်အမာရှိနေတာ ထင်ရှားလှ၏။ သမ္ဘာရင့်ဝါရင့် လူရွှင်တော်ကြီးတွေနှင့်အပြိုင် သူပြက်လုံးထုတ်သည့်အခါ ရယ်သံများက တအုံးအုံးထနေ၏။ ပရိသတ်တွေထဲတွင် အောင်သန်းစိုးတို့လူစု အော်ဟစ်အားပေးနေတာ သူတွေ့ရပါသည်။ သူနှစ်ခြိုက်စွာ ပြုံးမိသွား၏။ တာရာ့ကိုလည်း သတိရမိသွားကာ တစ်ယောက်တည်း ပြုံးလိုက်သည်။

ဒီနေ့ည အငြိမ့်ပြီးရင် သူ တာရာနဲ့ တွေ့ရတော့မည်မဟုတ်ပါလား၊ သူမဆီမှာ သူ့အတွက် ဘယ်လိုအဖြေမျိုးရှိနေမှာလဲ၊ ဒီပွဲခင်းထဲမှာ တာရာရှိနေရင် သိပ်ကောင်းမှာပဲ၊ အို. . . ဒီအချိန်မှာ အဲဒါတွေလျှောက်တွေးနေလို့ မဖြစ်သေးပါဘူး၊ ငါက စင်ပေါ်မှာ လူတွေကိုဖျော်ဖြေနေရတာ ကိုယ့်အလုပ်ထဲမှာ စိတ်ကိုနှစ်ထားမှ. . .။

မင်းဝေသည် ချက်ချင်းဆိုသလို မော်ဒန်လူပြက်အဖြစ် [illegible]

www.burmeseclassic.com

www.burmeseclassic.com



များစွာရဲ့ စိတ်နှလုံးကို ဖမ်းစားနိုင်ရန် ကြိုးစားနေပြန်သည်။

သူက တကယ့်အကျော်အမော် လူရွှင်တော်ကြီးများနှင့် နင်လားငါလား အပြိုင်ကျဲနေ၏။ ရယ်သံများ၊ လက်ခုပ်သံများနှင့် ရှိုခနဲ သြဘာပေးလိုက်သံများသည် ပွဲခင်းအနှံ့မှာ ကြားနေရသည်။ သူအောင်မြင်လေပြီ။

ဇာန်နဝါရီဆောင်းည ကောင်းကင်ထက်၌ ငွေကြယ်ပွင့်သေးသေးလေးများက မှိတ်တုတ်မှိတ်တုတ်နှင့် လင်းလက်၍နေ၏။ ပွဲကြည့်ပရိသတ်များသည် ဆောင်းနှင်းတွေအောက်မှာ ရယ်မောပြုံးရွှင်နေကြပါသည်။ ကိုသစ္စာတို့ပြက်နေချိန်မို့ မင်းဝေက သူ့အလှည့်မရောက်ခင် ပရိသတ်တွေကို စင်ပေါ်မှ လှမ်းကြည့်မိ၏။

သူ့မျက်လုံးများက ပွဲကြည့်ပရိသတ်တွေ၏ ညာဘက်ခြမ်းတစ်နေရာ၌ တဒင်္ဂမျှ ရပ်တန့်သွားသည်။ သူ့နှုတ်ခမ်းတွေက လှုပ်သွားသည်ဆိုရုံလေး ရေရွတ်လိုက်ပါ၏။

"ဖေဖေ. . ."

ဟုတ်သည်။ ဒါဖေဖေပဲ။ တစ်ချိန်တုန်းက ပြည်သူ့အချစ်တော် လူရွှင်တော်ကြီးဦးကြာရိုးဆိုတာ ငါ့အဖေပေါ့။

ဖေဖေသည် ပရိသတ်တွေနှင့် သူအောင်မြင်နေပုံကို အခုလို ခိုးကြောင်ခိုးဝှက် လာကြည့်တာတော့ တစ်ခုခုမှားနေသလိုပဲ ခံစားရ၏။ ပြီးတော့ ကျန်းမာရေးဖြင့်မကောင်းဘဲနဲ့။ ဖေဖေ့ဘေးနားမှာ စည်သူ၊ ပြည့်စုံနှင့် ခင်မေအောင်တို့လည်း ရှိနေကြသည်။ ဖေဖေက ပက်လက်ကုလားထိုင် အဟောင်းတစ်လုံးပေါ် ထိုင်ရင်း သူ့ကို ငေးကြည့်နေ၏။

ဖေဖေ့မျက်လုံးများသည် ဆွေးရီဝေဝါးနေသလား။ သူ သေချာမသိပါ။ ဒါပေမဲ့ ဖေဖေ့နှုတ်ခမ်းထောင့်စွန်း၌ ပြုံးရိပ်လေးတစ်ခုစွန်းနေတာကိုတော့ သူမြင်ရလေသည်။ ဖေဖေက သူ့ကို လက်လှမ်းပြ၏။ ဖေဖေ့ဆီမှ



အခုလို အသိအမှတ်ပြုခံရတာကို မင်းဝေ အရမ်းဝမ်းသာသွားမိသည်။ သူက လက်ပြန်ပြတော့ ဖေဖေ့နားက သူငယ်ချင်းတွေကပါ ဝိုင်း၍ လက်ပြကြကုန်၏။ ထိုအနီးတဝိုက်မှ ပရိသတ်တချို့ကလည်း သူတို့ကို မင်းဝေလက်ပြသည်ထင်ပြီး ပျော်နေကြလေသည်။

လူရွှင်တော်တွေ ခဏနားချိန်၌ နားနေခန်းထဲသို့ မြင့်နိုင်ဦးက ရောက်ချလာ၏။ သူက အံ့သြနေမိသည်။

"ဟာ. . . ဟေ့ကောင် မြင့်နိုင်ဦး၊ မင်း ဒီထဲကို ဘယ်လိုပြောပြီးဝင်လာတာလဲ"

"ဒီလိုပဲပေါ့။ မင်းသူငယ်ချင်းပါ၊ တွေ့ချင်လို့ပါလို့ကွ. . . ဟဲဟဲ"

"သြော်. . . ဒါနဲ့ ပွဲခင်းထဲမှာ ငါ့အဖေရောက်နေတာ တွေ့လိုက်တယ်"

"ဘယ်သူခေါ်လာတာလဲ"

သူ့မေးခွန်းကြောင့် မြင့်နိုင်ဦးက ဘာမှပြန်မပြောသေးဘဲ သတ်ပြင်းကိုပဲ ခပ်ပြင်းပြင်းချလိုက်ပါသည်။ မင်းဝေက . . .

"ဟေ့ကောင်. . . ပြောစရာရှိတာ မြန်မြန်ပြော၊ ဒီမှာ ငါတို့က မင်းသမီးကနေတဲ့ (၁၅)မိနစ်လောက်ပဲ အချိန်ရတာ၊ ပြီးရင် စင်ပေါ်ပြန်တက်ရဦးမှာ"

မြင့်နိုင်ဦးက သူ့စကားကြောင့် ချက်ချင်းပဲ ပြောစရာရှိတာကို ပြော၏။

"မင်းအဖေက ဒီပွဲကိုကြည့်ချင်တယ်ဆိုပြီး ညနေခြောက်နာရီလောက်မှာ စည်သူ့အိမ်ကို ဖုန်းလှမ်းဆက်တယ်တဲ့၊ မင်းက ဒီနေ့ပွဲအတွက် အလုပ်တွေရှုပ်နေတော့ စည်သူက ငါတို့သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး မင်းအဖေကို စည်သူ့ကားနဲ့ပဲ သွားခေါ်လာခဲ့တယ်၊ အဲဒါ မင်းကိုပြောဖို့ ငါလာတာ၊ မင်းက သိပြီးနေပြီပဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဖေ့ကို မင်းတို့ခေါ်လာတာက ဟုတ်ပါပြီ၊ အဖေက ကျန်းမာရေး သိပ်ကောင်းတာမဟုတ်ဘူး၊ ပြီးတော့ ဒီပွဲပြီးရင် အဖေ့ကို ဘယ်သူက အိမ်ပြန်လိုက်ပို့ပေးမှာလဲ"

"ဟာ. . . မင်းရှိနေတာပဲ၊ မင်းတို့သားအဖနှစ်ယောက် အတူတူ ပြန်ပေါ့ကွ"

မြင့်နိုင်ဦးစကားကြောင့် မင်းဝေ စိတ်ညစ်သွား၏။ ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း အကြံအိုက်နေပုံရသည်။ ပြီးတော့ သူက မြင့်နိုင်ဦး ကို မပြောမဖြစ်မို့ ပြောရလေတော့၏။

"ဒီလိုကွ၊ ငါက ဒီညအငြိမ့်ပြီးရင် တာရာနဲ့ချိန်းထားတယ်၊ အဲဒါ အဖေ့ကို ငါ ဘယ်လိုလုပ်ရမလဲဟင်"

"မင်းကလည်းကွာ. . . ဒါများ တာရာ့ဆီမသွားနဲ့တော့လေ၊ အဖိုး ကြီးပါလာလို့ နောက်မှတွေ့မယ်ဆိုပြီး ပြောပြပေါ့၊ တာရာက ဒါလောက် တော့ နားလည်မှာပါ. . ."

"မဟုတ်သေးဘူး မြင့်နိုင်ဦး၊ တာရာက ငါ့ကို ဒီညချိန်းထားတာ အဖြေပေးမလို့ကွ. . . သိရဲ့လား၊ ဟိုတစ်ခါလို ငါ လုံးဝထပ်အဖြစ် မခံနိုင် ဘူး"

"ဟာ. . . အဲဒါမှရောဂါပဲ"

သူတို့နှစ်ယောက်စလုံး စိတ်ပျက်လက်ပျက် ဖြစ်သွားကြပါသည်။

မြင့်နိုင်ဦးက သူ့ကိုပြောလိုက်၏။

"ကဲ. . . ကဲ. . . အဲဒီလောက်ကြီးလည်း စိတ်ညစ်မနေစမ်းပါနဲ့ လူပြက်ရာ၊ ငါ ဟိုကောင်တွေနဲ့ သွားတိုင်ပင်လိုက်ပါဦးမယ်၊ မင်းအဆင် ပြေအောင် ကြည့်လုပ်ပေးပါ့မယ်၊ ဟုတ်ပြီလား၊ သွား. . . သွား. . . ဟိုမှာ မင်းကိုခေါ်နေပြီ"

"အေးပါကွာ၊ ကျေးဇူးပါပဲ"



အခုမှ မင်းဝေလည်း ပြုံးနိုင်လေတော့သည်။ သူက စင်ပေါ်သို့ ပြန်တက်သွားပါ၏။ နောက်. . . ပရိသတ်များစွာ၏ရယ်မောသံတွေကို ခြွေယူနေပြန်သည်။

●

ဇန်နဝါရီကုန်ခါနီးပြီဖြစ်သော်လည်း ဆောင်းနှင်းတွေ၏ အအေး ဓာတ်က သည်းသည်းမည်းမည်းနိုင်လွန်းသည်။ ပွဲကြည့်ပရိသတ်များအား လုံးမှာ 'ညမွှေးပန်း'အဖွဲ့ကြီးရဲ့ အနုပညာဖြင့် သိမ်းပိုက်ခံထားကြဟန်တူ ၏။ အငြိမ့်အဖွဲ့၏တင်ဆက်မှု၌ စီးမျောခံစားနေကြသည်။ ဆောင်းည သည် တစ်စထက်တစ်စ ပို၍နက်ရှိုင်းလာ၏။ နာရီဒိုင်ခွက်ပေါ်မှ စက္ကန့် လက်တံလေးများက တစ်ချက်ချင်းခုန်ရွေ့နေသည်။

မင်းဝေက စင်မြင့်ပေါ်မှ ဖေဖေရှိရာသို့ လှမ်းအကဲခတ်ကြည့် လိုက်၏။ ဒီလောက် ချမ်းစိမ့်လှသောဆောင်းညကြီးထဲမှာ ဖေဖေက ဖလန် ထည်အင်္ကျီ လ[illegible]ည်ပါးပါးလေးနှင့် သူ့ကို ငြိမ်သက်စွာထိုင်အားပေးနေပါ သည်။ အခုဆို ဖေဖေ ဒီညပွဲကို လာကြည့်ခဲ့ခြင်းကိုထောက်၍ သူ့ရဲ့ အောင်မြင်မှုနဲ့ အနုပညာအရည်အချင်းကို အသိအမှတ်ပြုလိုက်ပြီဟု ယူ ဆနိုင်လေသည်။ ဒါကိုတော့ သူ တကယ်ဝမ်းသာပါသည်။

ဖေဖေ့လို လူရွှင်တော်ကြီးတစ်ဦးက သူပါဝင်သည့်အငြိမ့်ပွဲအား လာကြည့်တာ အရမ်းဂုဏ်ယူစရာကောင်းလှသည်။ ဦးဗျတ်ဝိနှင့် ဦးဗျတ္တ တို့က 'ညမွှေးပန်း' ရဲ့သမိုင်းကြောင်းကို အမှတ်တရပြန်ပြောတော့ လူရွှင် တော်ဟောင်းကြီး ဦးကြာရိုး၏နာမည်အား ဖော်ထုတ်ဂုဏ်ပြုခဲ့၏။ သူက စင်ပေါ်မှ ဖေဖေထိုင်နေသော ပက်လက်ကုလားထိုင်လေးဆီ တစ်ချက်ကြည့် လိုက်ပါသည်။ ဖေဖေက အားရပါးရပြုံးနေ၏။ မျက်နှာပေါ်၌ ဒေါ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသားအဖြစ် အရေပြားတွေက တွန့်ခေါက်နေခဲ့ပြီ။ ဦးကြာရိုးမှာ မျက်ရည်လည်လာကာ စိတ်လှုပ်ရှားနေပုံရသည်။ ခဏကြာတော့ သူ့ပါးပြင်ပေါ်သို့ မျက်ရည်တွေစီးကျလာ၏။ သူ့အကြည့်တွေက တစ်နေရာ၌ ရပ်တန့်၍သွား၏။ သူကြည့်နေသည့်နေရာက 'ညမွှေးပန်း'ဆိုသည့် အငြိမ့်ခေါင်းစီးတံဆိပ်ကြီး ဖြစ်ပါသည်။

ထိုစဉ် ဒေါ်နုညိုနှင့် ဖိုးလပြည့်တို့က မင်းဝေနှင့်ပေါင်း၍ ပြက်ရန်ပြက်လုံးတစ်ခုကို အစပျိုးလိုက်၏။ မင်းဝေက ထိုပြက်လုံးအောင်မြင်ဖို့ ကြိုတင်တိုက်ထားသည့်အတိုင်း လိုက်ပြောနေရသော်လည်း စိတ်ထဲမှာ ထင့်နေသည်။ မကြာမီ ခေါင်းတွေမူးဝေနေပြီး မကြည်မလင် ဖြစ်လာတော့သည်။

တစ်စုံတစ်ရာသည် မင်းဝေ၏ခန္ဓာကိုယ်ပေါ် လေးလံပိကျလာနေသလို သူခံစားရလေသည်။ ရုတ်တရက် ဆောင်းလေစိမ်းစိမ်းတွေက ပွဲခင်းထဲသို့ ရက်စက်ကြမ်းတမ်းစွာ ဖြတ်၍ တိုက်ခတ်သွား၏။ မင်းဝေ၏ နှလုံးသားထဲ၌ စိမ့်ခနဲအေးသွားကာ ဖေဖေဆုံးပြီဆိုသောအသိက အလိုအလျောက် ဦးနှောက်ဆီ သတင်းပို့ပါသည်။ သူ ဖေဖေ့အား စိုးရိမ်စွာလှမ်းကြည့်လိုက်၏။

ဦးကြာရိုးမှာ ပြုံးပြုံးလေးနဲ့ အသက်ဝိညာဉ် ကင်းမဲ့နေလေပြီ။ ပြည့်စုံနှင့်ခင်မေအောင်တို့က ဖေဖေ့ကို အတင်းလှုပ်နိုးနေတာကို သူမြင်နေရ၏။ မင်းဝေမှာ ဝမ်းနည်းမှုကို အတင်းပြန်၍ မျိုချပစ်လိုက်ပါသည်။ သူသည် စင်ပေါ်တွင် ပြက်လုံးတွေပြက်ရန် လူရွှင်တော်တစ်ယောက်အဖြစ် မွေးဖွားလာခဲ့သူဖြစ်သည်။ မင်းဝေက ပရိသတ်အပေါ် သူ့ရဲ့ လူရွှင်တော်တာဝန်ကျေဖို့သာ စိတ်ထဲနှစ်သွင်းထားလိုက်၏။ ရယ်စရာတွေကို ပရိသတ်အတွက် သူ ဖန်တီးနေပြန်သည်။

ဒါကို တမလွန်သို့ ထွက်ခွာသွားခဲ့ပြီဖြစ်သော ဖေဖေ ကျေနပ်စွာ



ပြုံးရွှင်နေမည်ဟု သူယုံကြည်ပါသည်။ ဖေဖေသည် သူ့အနုပညာကို ကောင်းကင်ဘုံ၏တစ်နေရာမှ တွေ့မြင်ခံစားနိုင်ပါလိမ့်မည်။

ဖေဖေ ရယ်မောပြီး လက်ခုပ်တီးနေပါစေ. . .။

●

မင်းဝေ ထိုညက ပရိသတ်၏အားပေးအခံရဆုံး လူရွှင်တော်တစ်ဦး ဖြစ်ခဲ့ရပါသည်။ ပုဂ္ဂလိကခံစားချက်ကို ကျော်လွန်နိုင်သည်အထိ သူ့အနုပညာက ခွန်အားကောင်းလွန်း၏။ အဖေသေဆုံးပြီးခါစသားတစ်ယောက်၏ ဆုံးရှုံးကြေကွဲမှုနှင့် လူပြက်အလုပ်မှာ ဘာမှမဆိုင်အောင် ဆန့်ကျင်ခြားနားနေပါသည်။ သူက ထိုအခြေအနေမျိုး၌ပင် အောင်မြင်သူဖြစ်လေသည်။ ဆောင်း၏မြောက်ပြန်လေထဲမှာ ရယ်သံများစွာက လွင့်ဝဲလျက်ရှိနေ၏။

ကိုသစ္စာ ။ ။ ငါက သိပ်မာနကြီးတာနော်၊ တော်ရုံလူနဲ့ ရောတာ မဟုတ်ဘူး၊ မင်းတို့နဲ့မို့လို့. . .။

ဒေါ်နုညို ။ ။ ကျုပ်တို့နဲ့ဆိုတော့ ဘာဖြစ်သတုန်းဗျ။

မင်းဝေ ။ ။ ဩော်. . . ဒေါ်နုညိုကလည်း ဒါတောင်မသိဘူးလား၊ ကျွန်တော်တို့နဲ့ဆို သူ ပညာတွေရတာပေါ့။

ကိုသစ္စာ၏ ရှုံ့မဲ့နေသောမျက်နှာပေးကြောင့် ရယ်သံတွေထွက်လာ၏။

ကိုသစ္စာ ။ ။ အောင်မာ. . . ငါ့ကိုများ၊ မင်းက ရာရာစစ. . .။

ဖိုးလပြည့် ။ ။ အေးလေ. . . မင်းကလည်း ငါတို့အစ်ကိုကြီးကို အဲဒီလို မဖွယ်မရာမပြောပါနဲ့။ သူက တကယ့်အတော်အခန့်ကြီးပါကွ၊ ကြည့်ပါလား၊ ဟော့ဒီဗလကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီနှုတ်ခမ်းမွေးကြီးနဲ့ ဟောဒီဥပဓိကြီးနဲ့၊ ယူထားတဲ့မိန်းမကို ကြည့်ဦးမလား၊ အကုန်လုံးအကြီးကြီး. . .။

ကိုသစ္စာ ။ ။ ဘာကွ. . . မင်းက. . .

ဖိုးလပြည့် ။ ။ ဩော်. . . ဆောရီး၊ ဆောရီး. . . ဟို ကျွန်တော်ပြောတာက အကုန်လုံး အတည်အခန့်ကြီးချည်းပဲလို့ ဆိုလိုတာပါ၊ အဲဒီလိုလုပ်. . .

မင်းဝေက ဖိုးလပြည့်ကို ဘုန်းခနဲတစ်ချက်ရိုက်ရင်း ဝင်ပြောလိုက်ပါသည်။

မင်းဝေ ။ ။ မင်းက အရင်က သူပြောသလိုမလုပ်ဘူးလား။

ဖိုးလပြည့် ။ ။ ဟင့်အင်း. . .

မင်းဝေ ။ ။ အဲဒါခက်တာပေါ့၊ မင်းက လူကြီးကြိုက်မှ မလုပ်တတ်တာ. . .

ကိုရှောက်သီး ။ ။ ကဲကဲ. . . တော်ကြစော့၊ မင်းတို့ဟာက ငါ့သူငယ်ချင်းကို စော်ကားနေသလိုပဲ၊ ဟော့ကောင် သစ္စာ လုံးဝ မခံနဲ့နော်. . . ငါလည်း မခံဘူး။

မင်းဝေ ။ ။ ရမလား. . . အဲဒါဆို ပိုက်ဆံပြန်ပေး၊ အဲ. . . ဟုတ်ပါဘူး၊ မခံချင်ရင် လူကြီးက လူကြီးလိုနေမှပေါ့။

ဖိုးလပြည့် ။ ။ မှန်ပါ့ဗျာ. . . လူကြီးတစ်ယောက်ဖြစ်ပြီး လူငယ်တွေရှေ့မှာ စံပြဖြစ်အောင်မနေရင် ဘယ်လူငယ်ကမှ လေးစားမှာမဟုတ်ဘူး။ ပြီးတော့ လူကြီးတစ်ယောက်အနေနဲ့ လူငယ်တွေကို ဆိုးမွေမပေးမိဖို့လည်း အရေးကြီးတယ်ဗျ။

ဦးဗျတ္တ ။ ။ ဒါတော့ဟုတ်တယ်ကွ၊ အဲဒီကိစ္စကို ငါထောက်ခံတယ်၊ ငါတို့လို လူကြီးတွေအနေနဲ့ လူငယ်တွေကို မသေခင်



ဘာအမွေပေးမလဲဆိုတာ စဉ်းစားဖို့ကောင်းတယ်။

ဦးဗျတ်ဝိ ။ ။ ဒါဆို ငါကတော့ လူငယ်တွေကို စာရိတ္တကောင်းတွေ အမွေပေးချင်တယ်။

ကိုရှောက်သီး ။ ။ ကျွန်တော်ကတော့ ပညာအမွေဟာ အကောင်းဆုံးလို့ ထင်တယ်။

ကိုသစ္စာ ။ ။ အင်း. . . ကျွန်တော်က မသေခင်မှာ ကြီးမားပြီး သန့်စင်တာတစ်ခု လုပ်ပြခဲ့ချင်တယ်။

ကိုရှောက်သီး ။ ။ ဘယ်လိုအလုပ်မျိုးပါလိမ့်ဗျာ. . .

ကိုသစ္စာမဖြေခင် မင်းဝေက အမြန် ကြားဖြတ်ပြောချလိုက်၏။

မင်းဝေ ။ ။ အဲဒါဆိုရင် တိရစ္ဆာန်ရုံမှာ ဆင်ကို ရေချိုးပေးတဲ့အလုပ် လုပ်ပါလားဟင်. . .

ပရိသတ်များဆီမှ ဝေါခနဲဝေါခနဲနေအောင် ရယ်မောသံတွေက ဆူညံစွာ ဟိန်းထွက်လာပါသည်။ မြက်ခင်းပြင်အနှံ့မှာ ဆောင်းနှင်းများက စိုရွှဲနေကြ၏။ အချိန်က ည(၁၁)နာရီကျော်စပြုနေပြီ။

သူသည် ဖေဖေ့အလောင်းကြီးကို ကြည့်ရင်းမှ ပြက်လုံးတွေကို ပြက်နေရသည့်အဖြစ်အား ရင်နာချင်သည်။ လူပြက်တစ်ယောက်၏ဘဝကိုလည်း သူ အထိတ်တလန့်နှင့် ဆင်ခြင်မိ၏။ သို့သော်. . . ထိုဘဝမှာ သူကိုယ်တိုင် နှစ်ခြိုက်စွာ ရွေးချယ်ထားခဲ့သောဘဝလည်း ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

တာရာသည် အနက်ရောင်မွှေးပွဆွယ်တာလေးနှင့် ဒန်းကို ဖြည်းညင်းစွာ လှုပ်ရမ်းကစားနေ၏။ သူမက ကြယ်တွေအများကြီးရှိသော ညကောင်းကင်ပေါ် မော့ကြည့်လိုက်ပါသည်။ ဆောင်းည၏ သန်းခေါင်ယံအချိန်သည် တစ်စထက်တစ်စ ပိုပြီး ရင်ခုန်စရာကောင်းလာ၏။ တာရာက ပေါင်ပေါ်တင်ထားသော ရွှေအိုရောင်ဒိုင်ယာရီ စာအုပ်လေးကိုကြည့်၍ မလုံခြုံသလို တစ်ယောက်တည်း ရှက်ရယ်ရယ်လိုက်သည်။ ထိုစာအုပ်ထဲတွင် သူမရဲ့အချစ်အား ဝန်ခံရေးသားထားခဲ့၏။

ခပ်စိမ့်စိမ့်အေးနေသည့် ပတ်ဝန်းကျင်၌ သူမသွေးတွေက ပူနွေးနွေးတော်စိုနေပါသည်။ အခုလိုညမျိုးမှာ ချစ်သူကို အဖြေပေးရမည့်ကိစ္စသည် သည်းနည်းတော့ ကဗျာဆန်နေ၏။ သူမက ကြယ်ပွင့်လေးများကြားရှိ ကောင်းကင်ဖြူ ကြမ်းပဲ့လမင်းကြီးကို လှစ်ခနဲ လျှာထုတ်ပြလိုက်ပါသည်။ ကြယ်လေးတွေက သူမရဲ့မျက်လုံးများနဲ့အပြိုင် တဖျတ်ဖျတ်လက်ထ၍နေ၏။ တာရာက

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကြယ်တွေထဲမှ ကြယ်ပွင့်တစ်ပွင့်လည်း ဖြစ်ချင်ပါသည်။

သူမထိုင်နေသော အပြာရောင်ဒန်းပေါ်တွင် ဆူးပန်းပင်အိုး သေးသေးလေးတစ်လုံးနှင့် ပါဆယ်ထုပ်ထားသည့် စာအုပ်တစ်အုပ်ရှိ၏။ နာရီကို မြော်ကြည့်လိုက်တော့ ဆယ့်နှစ်နာရီထိုးနေခဲ့ပြီ။ လမ်းမဘက်ဆီသို့ သူမ မျှော်ကြည့်နေမိသည်။ သူ့အပြောအရဆို ဒီအချိန်မှာ ရောက်ဖို့ကောင်းပြီ မဟုတ်ပါလား။

တာရာဘဝတွင် အခုလိုစိတ်လှုပ်ရှားစွာ ယောကျ်ားတစ်ယောက်ကို စောင့်မျှော်နေရခြင်းမျိုး မရှိဖူးခဲ့။ မြန်ဆန်လွန်းနေသည့် ရင်ခုန်သံတွေကို ပုံမှန်ဖြစ်အောင် ထိန်းချုပ်နေရတာ သူမအဖို့ ပင်ပန်းလွန်းပါသည်။ တကယ်ဆို သူမသည် ထိုယောကျ်ားကို စောင့်စားနေခဲ့တာ ကြာလှပြီဖြစ်သည်။ ဒီနေ့တော့ သူမရဲ့စောင့်ထိန်းမှုကို အားလုံးခဝါချပြီး သူ့ရှေ့မှာ အချစ်တစ်ခုအား ရိုးသားစွာဝန်ခံထွက်ဆိုဖို့ တာရာက စဉ်းစားထားပြီးသားပါ။

ယောကျ်ားလေးပေါင်းများစွာရဲ့ ပါးစပ်ဖျားမှာ အသည်းမာတယ်လို့ သတင်းကြီးနေတဲ့ တာရာ့အဖြစ်ကို ကိုယ်တိုင်မတွေ့ရရင် ဘယ်သူယုံပါ့မလဲ။

သူမက နာရီကိုကြည့်ပြန်၏။ အချိန်မှာ ညတစ်နာရီရှိပြီ၊ သူမ၏ နှုတ်ခမ်းလေးကိုကိုက်ကာ အခုနေ မင်းဝေရောက်လာပါက နောက်ကျသည့်အမှုဖြင့် စိတ်ကောက်ပစ်လိုက်မည်ဟု တွေးပြီးပျော်သွား၏။ အဲဒီအခါ လူရှင်တော်က အချော့တော်ဖြစ်ရဦးမည်၊ တာရာတစ်ယောက်တည်း ပြုံးသွားမိသည်။ သူသည် သူမစိတ်နှလုံးအား အလိုလို နူးညံ့သိမ်မွေ့လာစေသူလည်း ဖြစ်ပါသည်။

ဒီလိုနဲ့ အချိန်တွေက တလွင့်လွင့် ပါးလျားကုန်ဆုံးသွားခဲ့၏။ ဇန်နဝါရီဆောင်းညထဲရှိ နှင်းစက်ငွေ့များကြောင့် အပြာရောင်ဒန်းလေး...



...ဘတ်စွတ်စိုကာ ချမ်းတုန်နေရှာသည်၊ ပတ်ဝန်းကျင်တစ်ခုလုံး ဘယ်လောက်အေးနေပါစေ၊ ဒန်းစီးနေသော အနက်ရောင်မွေးပွဆွယ်တာနှင့် ကောင်မလေးတစ်ယောက်ကတော့ သူမလာသေးဘူးဆိုသည့်ဇောဖြင့် မချမ်းနိုင်ဘဲရှိ၏။ စောင့်မျှော်နေသူတစ်ဦးအဖို့ အချိန်တွေက ကုန်ခဲလှပါသည်။ သူမစိတ်ထဲတွင် မျှော်လင့်ချက်များမှ စိုးရိမ်မှုများအဖြစ် တဖြည်းဖြည်း ကူးပြောင်းလာတော့သည်။

ညနှစ်နာရီထိုးတဲ့အထိ တာရာ့ဆီကို သူရောက်မလာသေးသဖြင့် အမျိုးမျိုးတွေးကာ ပူပန်နေရ၏။ ဆောင်းညထဲတွင် သူမက ဇောချွေးများ ...လျက် လိုက်ဖိုရင်မောနေလေသည်။

သူမက သူ့ကိုအဖြေပေးဖို့ အကြာကြီးအချိန်ဆွဲထားခဲ့ဖူးလို့ တာရာ့ကို ကလဲ့စားပြန်ချေနေတာများလား။ အို . . . မဖြစ်နိုင်ပါဘူး။ ...ဟာ အဲဒီလောက်အထိ အောက်တန်းကျတဲ့ ယောကျ်ားတစ်ယောက် ... မဟုတ်တာ။ ဒါဖြင့် တခြားအကြောင်း တစ်ခုခုရှိလို့လား။ အဲဒါဆိုရင် ...ည်း မင်းဝေက အဲဒီအကြောင်းကိစ္စနဲ့ သူမကို ဘယ်ဟာပိုအရေးကြီး ...လဲလို့ ယှဉ်ကြည့်တဲ့အခါ သူမဆီကိုပဲ ရောက်လာရမှာပေါ့။

အငြိမ့်ကလို့ မပြီးသေးတာကတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်။ အခု ...နှစ်နာရီခွဲနေပြီ။ ဒါဆို တခြား ဘာဖြစ်နိုင်ဦးမလဲ။ လျှောက်စဉ်းစားရင်း ... သူမ ခေါင်းတွေထူပူလာ၏။

ဆောင်း၏မြူနှင်းတွေက တဖွဲဖွဲနဲ့ ရွာကျနေပါသည်။ နံနက်မိုး ...သောက်ခါနီးမှ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပိန်းပိတ်လျက်ရှိ၏။ သူမက ...အခုချိန်ထိ သူ့ကို မျှော်လင့်နေဆဲဖြစ်သည်။

ရက်တရက် အိမ်မကြီးဆီမှ မီးအလင်းပွင့်တွေကို တာရာလှမ်းမြင် ...ရ၏။ သူမက လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်၏။ နာရီလက်တံ ...များ နံနက်လေးနာရီဆယ့်ငါးမိနစ်ကို ညွှန်ပြနေပါသည်။ ဒါဆို မမေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာနိုးပြီး ဘုရားဝတ်ပြုဖို့ အဆင်သင့်ဖြစ်နေပြီပေါ့။ နောက်ထပ် နာရီဝက်လောက်ကျရင် မေမေက သူမကိုလာနှိုးတော့မည်။ ဒါကြောင့် အခန်းဆီသို့ပြန်ဖို့ အချိန်တန်ပြီဟု တာရာက ကိုယ့်ကိုယ်ကို သတိပေးထားလိုက်၏။ သူမရဲ့မျှော်လင့်ချက်တွေအားလုံးသည် သူရောက်မလာခဲ့သည့် ဆောင်းညလေးတစ်ညနှင့်အတူ ပြီးဆုံးသွားခဲ့လေပြီ။

တာရာက အံကို တင်းနေအောင်ကြိတ်ထား၏။ ဒီညလေးကုန်ဆုံးသွားတာကို သူမက နှမြောမိသည်။ သူမ၏မာနတရား၊ သူ့ရဲ့ ကတိစကားသံများကို သတိရမိသောအခါ သူနှင့် သူမကြားမှာ နောက်ထပ် ဒီလိုညမျိုး ထပ်မရှိနိုင်တော့တာ သေချာသွားခဲ့ပါသည်။

လူပြက်သည် သူမရဲ့အချစ်တွေကို တကယ်ပဲ ပြက်လုံးထုတ်ခဲ့ပြီဟု သူမ လက်ခံလိုက်ရတော့၏။ သူမက ခေါင်းကို ဖွာခနဲခါရမ်းပစ်လိုက်သည်။ မျက်ရည်စများသည် ဆောင်းညရဲ့နှင်းစက်မှုန်တွေနဲ့ ရောနှောသွားပါ၏။ တာရာက ဆူးပန်းအိုးလေးကို မယူလိုက်သည်။ ပြီးတော့ ပန်းအိုးကို မြေကြီးပေါ် ပေါက်ခွဲပစ်လိုက်တော့သည်။

အခုညရဲ့ အဖြစ်အပျက်မျိုးသည် တာရာလိုမိန်းကလေးတစ်ယောက်အတွက် ခါးသက်လွန်းလှပါသည်။ ဒါကို အမှန်တရားဟု လက်ခံနိုင်ဖို့ သူမမှာ အချိန်ကာလတစ်ခု လိုအပ်နေသေး၏။

တာရာက မေမေဘုရားရှိခိုး၍မပြီးခင် အိမ်ပေါ်ပြန်တက်လာပါသည်။ ခဏမျှကြာတော့ သူမသည် မိသားစုနှင့်အတူ စကော်ပူကိုလိုက်သွားရန် အကုန်လုံး အဆင်သင့်ဖြစ်နေခဲ့ပြီ။ ဖေဖေက မျက်နှာချောင်ကျနေသည့် သူမအား ဆူနေသေးသည်။ လေဆိပ်သို့သွားရန် ခြံထဲမှကားထွက်တော့ တာရာက နောက်ဆုံးအနေနှင့် အပြာရောင်ဒန်းလေးဆီ လှမ်းကြည့်လိုက်ပါ၏။

ဒိုင်ယာရီစာအုပ်လေးနှင့် ပန်းနုရောင်ပါဆယ်ထုပ်တစ်ထုပ်သည်



ဒန်းပေါ်တွင် ငြိမ်သက်စွာရှိနေ၏။ ထိုအနီးတဝိုက်ရှိ မြေပေါ်တွင်တော့ ကွဲကြေပျက်စီးနေသည့် (Forget me not) ဆူးပန်းအိုးငယ်၏ အပိုင်းအစတွေကို တွေ့ရနိုင်လေသည်။

●

ပွဲခင်းထဲရှိပရိသတ်တွေ ရုတ်ရုတ်သဲသဲဖြစ်မှာစိုးသဖြင့် ဦးကြာရိုးဆုံးသွားခဲ့ခြင်းကို ပြည့်စုံ၊ စည်သူအောင်၊ မြင့်နိုင်ဦးနှင့် ခင်မေအောင်တို့က အိပ်ပျော်သွားသယောင် ဖုံးကွယ်ပေးထားခဲ့ကြ၏။ အားလုံးပြီးခါနီးမှ ပြည့်စုံတို့သည် အလောင်းကို ပက်လက်ကုလားထိုင်အတိုင်း မင်းဝေအဖေဟု ပြောပြပြီး စင်နောက်ဘက်သို့ ရွှေ့ပြောင်းလိုက်ကြပါသည်။

မင်းဝေတို့တစ်သိုက်မှာ ပွဲပြီးသွားပြီမို့ ပရိသတ်အား ဂါရဝပြုနှုတ်ဆက်ကာ စင်ပေါ်မှ ဆင်းလာခဲ့၏။ ဘယ်သူကမှ ဦးကြာရိုး ဆုံးသွားသည့်သတင်းကို မပြောပြပေမယ့် မင်းဝေက အငြိမ့်မပြီးခင်တည်းက သိထားခဲ့သူ ဖြစ်ပါသည်။ သူက ဖေဖေ့၏အသက်မဲ့နေသော ခန္ဓာကိုယ်အား တည်ငြိမ်စွာ ရင်ဆိုင်နိုင်ခဲ့၏။ အဖေတစ်ယောက်လုံး ဆုံးသွားတာကို သိလျက်နှင့် ပွဲပြီးသည်အထိ လူပြက်လုပ်ခဲ့တဲ့မင်းဝေကို အားလုံးက အံ့အားသင့်နေကြပါသည်။

သူက ဖေဖေ့ရုပ်အလောင်းကို မျက်ရည်ကျရင်းနဲ့ ကန်တော့လေသည်။ 'ညမွှေးပန်း' အဖွဲ့ဝင်များကလည်း သူတို့ချစ်ခင်လေးစားရသော လူရှင်တော်ဟောင်းကြီး ဦးကြာရိုးကို နောက်ဆုံးအနေနှင့် ဂါရဝပြုကြ၏။ ထို့နောက် အလောင်းအား ဆေးရုံကြီးရေခဲတိုက်ဆီသို့ ညတွင်းချင်းပို့ဆောင်ကြရပြန်သည်။

သူငယ်ချင်းတွေအားလုံးမှာ ပင်ပန်းနွမ်းနယ်ပြီး ခြေကုန်လက်ပန်း

www.burmeseclassic.com

www.burmeseclassic.com



ကျနေကြပြီ။ ပြည့်စုံက တအိအိနဲ့ငိုကြွေးနေသည့် ခင်မေအောင်အား နှစ်သိမ့်နေပါသည်။

မင်းဝေသည် အငြိမ့်တိုက်နေစဉ် တစ်လျှောက်လုံး အိပ်ရေးပျက်ခဲ့သည့်အပြင် ညကလည်းပင်ပန်းစွာ အငြိမ့်ကခဲ့ရသည်။ နောက်တော့ ပွဲခင်းထဲ၌ အဖေဆုံးသွားသဖြင့် ထပ်မံပင်ပန်း၍ အလုပ်ရှုပ်ရပြန်၏။ အခုတော့ သူမှာ အင်အားယဲ့ယဲ့လေးသာ ကျန်တော့သည်။ ဖြစ်နိုင်မည်ဆိုလျှင် သူကရောက်တဲ့နေရာမှာ ခေါင်းချပြီး အိပ်ပစ်လိုက်ချင်ပြီ။

သူကလွယ်အိတ်ထဲမှ ပန်းနုရောင်ပါဆယ်စက္ကူဖြင့် ထုပ်ပိုးထားသည့်စာအုပ်လေးအား စမ်းကြည့်လိုက်မိ၏။ လက်ခနဲပြုံးလိုက်သော တာရာ့မျက်နှာလေးက ပေါ်လာလေသည်။

"ငါ နှင့်ဆီလာပြီ. . . တာရာ"

●

ဆောင်း၏ မနက်အာရုဏ်သောက်ချိန်မို့ နှင်းမြူတွေကမကွဲသေး။ သူတို့လေးယောက်နဲ့ ခင်မေအောင်တို့လိုက်ပါလာသော Taxi ကားလေးမှာ တာရာတို့ခြံရှေ့၌ ထိုးရပ်သွား၏။ အချိန်က မနက်ခြောက်နာရီထိုးတော့မည်။

ခြံတံခါး၌ သော့ခလောက်အကြီးကြီးတစ်လုံးက သူတို့ကို ဆီးကြိုနေ၏။ မင်းဝေက နောက်ဆုံးမျှော်လင့်ချက်နှင့် တက်ကြွစွာ ခြံဝင်းတံတိုင်းကို ကျော်တက်သွားပါသည်။ ကျန်သူငယ်ချင်းတွေက ခြံထောင့်အစပ်ရှိ မလွယ်ပေါက်မှ တိုး၍ တာရာတို့ခြံထဲသို့ ဝင်ရောက်လာကြ၏။

အရင်တစ်ခါ သူတို့နှစ်ယောက်တွေ့ခဲ့သည့် အပြာရောင်ဒန်းလေးဆီသို့ မင်းဝေရောက်လာ၏။ ထိုနေရာ၌ သက်ရှိဆို၍ ဘာဂို ့ ့ ့တွေ



ရ။ ဆောင်းလေကြောင့် လှုပ်ရမ်းနေသည့် အပြာရောင်ဒန်းလေးမှာ သူမ၏အငွေ့အသက်တွေ စွန်းပေနေဆဲဖြစ်သည်။ သူ့နောက်နား မလှမ်းမကမ်းတွင် သူငယ်ချင်းများ ရပ်နေကြ၏။ ရုတ်တရက် မင်းဝေ၏မျက်လုံးများက ဒန်းပေါ်မှာ တာရာချန်ထားရစ်ခဲ့သော ပစ္စည်းများဆီ ရွေ့လျားသွားပါသည်။ သူ့နှလုံးသား၌ ဆတ်ခနဲနာကျင်၍ သွား၏။

အို. . .

တာရာရယ်. . .။

အပြာရောင်ဒန်းလေးပေါ်တွင် မင်းဝေမြင်တွေ့ရသည်မှာ ရွှေအိုရောင်ဒိုင်ယာရီစာအုပ်။ သူ့လိုပဲ ပန်းနုရောင်စက္ကူဖြင့်ထုပ်ပိုးထားသည့် ပါဆယ်တစ်ထုပ်နှင့် ဒန်းအနီးတွင် ကျကွဲကြေမွနေသော ဆူးပန်းအိုးခပ်သေးသေးတစ်လုံးတို့ ဖြစ်ကြသည်။ သူ့ရင်ထဲမှာ ခံစားမှုတစ်မျိုးက နင့်ခနဲစူးဝင်သွား၏။ သွေးကြောများတွင် အစားထိုး၍မရသော ဆုံးရှုံးခြင်းတစ်ရပ်မှာ ခုန်ပေါက်လူးလွန့်နေတော့သည်။ မင်းဝေတစ်ကိုယ်လုံး ပူလောင်ဆူဝေလာ၏။

သူငယ်ချင်းတွေကလည်း ထိုအဖြစ်အပျက်ကြောင့် မျက်နှာပျက်ယွင်းနေကြပြီး သူ့နောက်တွင် မလှုပ်မယှက်နှင့် ခြေစုံရပ်လျက်ရှိသည်။ အားလုံးသည် သူ့အတွက် တာရာပေးခဲ့သောအဖြေကို စိတ်လှုပ်ရှားစွာကြည့်နေကြသည်။ သူက သူမ၏ ရွှေအိုရောင်ဒိုင်ယာရီကို ဖွင့်ဖတ်ကြည့်လိုက်၏။

ပထမဆုံးစာမျက်နှာ၌ သူမ၏ သူ့အပေါ် ထားရှိသော ချစ်ခြင်းနှင့် သံယောဇဉ်အား မင်းဝေခံစားရပါသည်။ တာရာသည် တကယ်တော့ သူ့ကို စတင်တွေ့ဆုံစဉ်ကတည်းက ရင်ခုန်နေကြောင်းကို ဒိုင်ယာရီ၏ ပထမစာမျက်နှာမှာပင် ဝန်ခံရေးသားထားခဲ့၏။ ဖတ်ပြီးတော့ သူ ပူဆွေးစွာ ခံစားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုမှတော့ ဆိုးရွာလှသောကံကြမ္မာကိုလည်း သူ အပြစ်မတင်ချင်တော့။ တာရာသည် သူ့အား ဘယ်လိုအဓိပ္ပာယ်ရှိသော အဖြေပေးခဲ့သလဲဆိုတာ ပြောစရာမလိုဘဲ သူငယ်ချင်းများအားလုံးက သိနေခဲ့ကြပြီ။ သူ့ခြေရင်းတွင် သူမကိုယ်တိုင် ပေါက်ခွဲပစ်ခဲ့သည့် ဂူးပန်းအိုးလေး၏ အပိုင်းအစများက ပြန့်ကျဲလျက်ရှိသည်။ သူက ထိုပန်းအိုးလေးထဲမှ သူမ၏ ချစ်မြတ်နိုးခြင်းရနံ့များကို တကယ်ပဲနမ်းမြောမိပါသည်။

မင်းဝေက ဒိုင်ယာရီစာမျက်နှာများအား တဖျပ်ဖျပ်နှင့် အမြန်လှန်လှောကြည့်နေလေသည်။ သူဖတ်မိသမျှ သူမရဲ့ လက်ရေးစောင်းစောင်းလေးတွေမှာ မင်းဝေကို နှောင်တရစေ၏။ တစ်ချိန်တုန်းက အဲဒီလက်ရေးစောင်းစောင်းလေးများပါသော လိပ်စာကဒ်တစ်ခုသည် သူ့ထံ ရောက်လာခဲ့ဖူးသည်။

သူ့သတိရခြင်းများမှာ အတိတ်ဆီ ပျံဝဲလွင့်မျောသွားလိုက်၊ ပစ္စုပ္ပန်ကို အတင်းပြန်ဖမ်းဆုပ်ထားလိုက်နှင့် စိတ်တွေ ယောက်ယက်ခတ်နေ၏။ မင်းဝေရဲ့လှုပ်ရှားမှုအားလုံးသည် မသိမသာ တုန်ခါလျက်ရှိပါသည်။ သူက ဒိုင်ယာရီစာအုပ်ကို ပြန်ပိတ်လိုက်ပြီး မျက်စိစုံမှိတ်ကာ ဒန်းပေါ် မှီချလိုက်၏။ သူငယ်ချင်းများသည် သူ့ကို ကရုဏာသက်စွာ ဝိုင်းကြည့်နေကြပါသည်။

သူ့ခမျာ ညတုန်းကပဲ အဖေတစ်ယောက်လုံး ဆုံးပါးသွားခဲ့ရသေး၏။ မနက်ကျပြန်တော့လည်း ချစ်သူ၏ထားရစ်ခဲ့ခြင်းအား သူခံစားရပြန်သည်။ ခုချိန်ထိ တစ်ညလုံး တစ်ရေးမှမအိပ်စက်ရသေးသည့်အပြင် အရင်ရက်တွေတုန်းကလည်း မင်းဝေ ကောင်းကောင်းမအိပ်ခဲ့ရ. . .။ အိပ်ရေးပျက်ထားပြီး အားနည်းနေသော မင်းဝေခေါင်းထဲမှာ မိုက်ခနဲဖြစ်သွား၏။ သူငယ်ချင်းတွေက သူ့ကို စိုးရိမ်စွာဝိုင်းအုံလာကြသည်။ ပြည့်စုံက သူ့ကို ခိုပေ့ကာပြော၏။



"လှုပြက်. . . ဟောကောင်၊ သတိထားလေ. . .။ မင်းစိတ်ကို အရမ်းကြီးတင်းမထားနဲ့၊ ဖြည်းဖြည်းချင်းလျှော့ချလိုက်. . . ဟုတ်ပြီလား"

"ဟဲ့. . . လှုပြက်၊ ငါ့မှာ ရှူဆေးဗူးပါတယ်၊ ရော့. . . ရော့. . . ရှူလိုက်. . .၊ ဘယ်လိုလဲ၊ နင်ခေါင်းမူးနေသေးတုန်းပဲလား"

ခင်မေအောင်ကလည်း သူမ၏ရှူဆေးဗူးကို ထုတ်ပေးသည်။ ကျန်သူငယ်ချင်းများမှာ သူ့အား ပူပန်စွာစောင့်ကြည့်ကြပါသည်။ သူသည် ရှူဆေးအာနိသင်ကြောင့် အနည်းငယ် သက်သာလာခဲ့၏။ စိတ်ကို လွတ်ထွက်မသွားစေရန် သူက သတိနှင့် ပြန်လည်ထိန်းချုပ်လိုက်နိုင်၏။ အခြေအနေအား သူ ချက်ချင်းတွက်ကြည့်လိုက်ကာ ဘာဆက်လုပ်ရမည်ဆိုတာကို မင်းဝေက မျက်လုံးမှိတ်ရင်း စဉ်းစားနေမိသည်။ နောက်. . . သူက တစ်စုံတစ်ရာကို အတွေးရောက်သွားပုံဖြင့် မျက်လုံးပြန်ဖွင့်လာ၏။ ပြီးတော့ သူငယ်ချင်းများကို ပြုံးရွှင်စွာကြည့်ရင်း သူက စလိုက်ပါသည်။

"ဟားဟား. . . ဘယ်လိုလဲဟေ့ကောင်တွေ၊ ငါ့ရဲ့ အကယ်ဒမီရှော့ကို လေးစားသွားကြပြီမှတ်လား၊ ငါ စောစောတုန်းကအတိုင်းလေး အသည်းကွဲပြီး ရှောသွား၊ အဲဒါကို မိတ္တရာက နောက်မှ အကြောင်းစုံသိသွားတဲ့အခါ ကြွေပြီပဲ၊ ဟဲဟဲ. . . အဲဒီဇာတ်လမ်းမျိုးကို ငါနဲ့သာ ရုပ်ရှင်ရိုက်လို့ကတော့ ပရိတ်သတ်တွေ ဝက်ဝက်ကွဲပဲနေမှာ. . ."

သူ အစပျိုးလိုက်သောပြက်လုံးကို စည်သူအောင်က စကားဝင်ထောက်ပေး၏။

"ဘာလဲ. . . ဝက်ဝက်ကွဲဒေဝါလီခံရမှာလား"

"အေး. . ."

မင်းဝေက ယောင်၍ထောက်ခံလိုက်ပြီးမှ စည်သူ့ကို သူ့လက်ထဲတွင်ကိုင်ထားသော ဒိုင်ယာရီစာအုပ်နှင့် တစ်ချက်တီးပစ်လိုက်၏။

"ဘာကွ၊ မင်းကများ ငါ့ကိုအထင်သေးလိုက်တာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို အဲဒီကားရုံတင်ရင် ဝက်ဝက်ကွဲ အောင်မြင်မယ်ပေါ့၊ ဒီလိုလား"

"ဟင်းအင်း. . . မဟုတ်ဘူး၊ ကြည့်တဲ့ပရိသတ်တွေက ရုံကို မီးရှို့သွားကြမှာ. . ."

"အေးပေါ့၊ မေတ္တာတရားဆိုတာ အဲဒီလို ကျယ်ပြန့်တဲ့သဘောတော့ ရှိတယ်"

"ဟုတ်ပါ့. . . မေတ္တာတရားကို လိမ်းတဲ့အခါ ဆေးဖက်ဝင်တယ်၊ ဝါးစားတဲ့အခါ ဗိုက်ဝတယ်၊ ရောင်းစားတဲ့အခါ ပိုက်ဆံရတယ်"

သူတို့တွေ၏ ပြက်လုံးထုတ်နေပုံကို ခင်မေအောင်နှင့် မြင့်နိုင်ဦးတို့က ငေးကြောင်ကြည့်နေရာမှ ပြုံးသွားကြပါသည်။ မင်းဝေဆိုတာ အနုပညာအတွက် အချိန်မရွေး အဆင်သင့်ရှိသူတစ်ဦးလည်း ဖြစ်လေသည်၊

ဒီလိုအချိန်အခါမျိုးမှာ အခုလိုပြက်လုံးကို ပြက်နေနိုင်တာ အံ့သြစရာကောင်းလွန်းလှ၏။ မင်းဝေက သွက်လက်စွာဖြင့် သူ့လွယ်အိတ်ထဲမှ ပန်းနုရောင်ပါဆယ်ထုပ်လေးကို ထုတ်ယူပြီး ဖောက်ပြလိုက်သည်။ မင်းဝေရဲ့ပါဆယ်ထုပ်မှာ တာရာမင်းဝေ၏ 'ယန္တရားအခွံနဲ့လူ' ဆိုသည့် စာအုပ်ဖြစ်နေ၏။ သူတို့နှစ်ယောက်၏ထုံးစံကို သိထားကြသော သူငယ်ချင်းများက တာရာထားရစ်ခဲ့သည့်ပါဆယ်ထုပ်အား စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်ကြပါသည်။

သူသည် သူမ၏ပါဆယ်ထုပ်လေးကို လက်ဖြင့်ဆကြည့်နေပြန်၏။ တာရာမင်းဝေရဲ့ ဘာစာအုပ်ဖြစ်မလဲဟု အားလုံးက ရင်ခုန်လှုပ်ရှားစွာ စောင့်ကြည့်နေစဉ် မင်းဝေက ပါဆယ်စက္ကူအား စတင်ဖြဲလေတော့သည်။

တဖြည်းဖြည်းနှင့် စာအုပ်၏အောက်ခြေအစွန်းအား စ၍မြင်ရ၏။ စာအုပ်နှစ်အုပ်မှာ အထူအပါးချင်း မတိမ်းမယိမ်းရှိနေသည့်အပြင် သူတို့မြင်ရသလောက် အညိုရောင်နောက်ခံ ဖြစ်နေတာချင်းလည်းတူနေ၏။



သူတို့အားလုံး၏မျက်နှာ၌ ပြုံးရိပ်များဖြစ်ပေါ်လာပါသည်။

မင်းဝေသည် လက်ကျန်စက္ကူတွေကို ရုတ်တရက်ဗြုန်းဆို ဆွဲဖြဲပစ်လိုက်၏။ သူတို့ရဲ့အကြည့်တွေက သူ့လက်ထဲမှ တာရာမင်းဝေစာအုပ်အမည်ကို ဝိုင်း၍ဖတ်နေကြသည်။ ထိုခဏ၌ သူငယ်ချင်းတွေအားလုံးမျက်နှာပျက်သွားပါသည်။ သူကသာ ဘာမှမဖြစ်သလိုနှင့် ပြုံးရွှင်စွာ လက်ညှိုးကိုနှုတ်ခမ်းမှာကပ်ပြီး အသံထွက်ဖတ်ပြလိုက်သည်။

"ရှူး. . ."

မှန်ပါသည်။ တာရာသူ့အတွက် ယူဆောင်လာခဲ့သော တာရာမင်းဝေ၏စာအုပ်မှာ 'ရှူး' ဆိုသော စာအုပ်ဖြစ်နေလေ၏။

သူမနှင့် 'ဘယ်တော့မှပြန်မဆုံနိုင်တော့ပြီ' ဟူသော အသိက သူ့နှလုံးသားထဲသို့ တိုးဝင်ရောက်ရှိလာခဲ့သည်။ သူ့မျက်နှာမှာ မဆိုသလောက်မဲ့သွားတာကို ပြည့်စုံ အသေအချာလှမ်းမြင်လိုက်ရ၏။ ထို့ကြောင့် ပြည့်စုံက သူငယ်ချင်းဖြစ်သူအား နှစ်သိမ့်စကားဆိုရှာပါသည်။

"စိတ်ဓာတ်မကျစမ်းပါနဲ့ လူပြက်ရာ၊ မင်းတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ချစ်ကြတယ်ဆို၊ ချစ်သူတွေပဲပေ့ါ မဟုတ်ဘူးလား၊ ပြီးတော့ မင်းတို့မှာ ဒီထက်ပိုပြီး လွဲချော်စရာလည်းမရှိတော့ဘူးလေ၊ အခုလွဲချော်မှုတွေရဲ့နိဂုံးချုပ်ဟာ တစ်ချိန်ချိန်ကျရင် ပြန်ဆုံခြင်းတွေရဲ့ နိဒါန်းသစ်လည်းဖြစ်လာနိုင်တာပဲ မဟုတ်လား"

မင်းဝေက သူ့ရဲ့လူရွှင်တော်အကျင့်အတိုင်း ပက်ခနဲပြန်ပြောလိုက်သည်။

"ဘာလဲ၊ အဲဒီပြန်ဆုံချိန်က တာရာမှာ ကလေးခြောက်ယောက်မွေးပြီးတဲ့ အချိန်လောက်မှာလား"

ဘယ်သူမှ မထင်မှတ်ထားသည့် သူ့ရဲ့တုန့်ပြန်စကားကြောင့် သူငယ်ချင်းတွေအားလုံးမှာ ဟန်မဆောင်နိုင်ကြတော့ဘဲ ရယ်မောလိုက်မိကြ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၏။ ပြည့်စုံက ခွက်ထိုးခွက်လန်နှင့် အားရပါးရကြီးကို ရယ်နေပြန်သည်။ နောက်. . . ရယ်နေရင်းမှ သူ့မျက်ရည်တွေဝဲကျလာ၏။ ပြည့်စုံတင်မဟုတ်၊ သူ့လိုပဲ မင်းဝေ၏ပြက်လုံးကြောင့် ရယ်နေကြသောသူငယ်ချင်းများအားလုံးမှာ မျက်ရည်ဝဲလျက်ရှိပါသည်။

သူမအချစ်တွေကို မင်းဝေဟာသလုပ်ခဲ့ပြီဟု တာရာက ဝမ်းနည်းနာကျင်နေပေလိမ့်မည်။ ဆောရီးပါ. . . မိတ္တာရာရယ်။ ဒီစကားဟာ တောင်းပန်စကားဖြစ်ပေမယ့် ငါ့ကို နင် လုံးဝခွင့်မလွှတ်ပါနဲ့။

တကယ့်တကယ်မှာ မင်းဝေသည် သူမ၏အချစ်တွေကို ပြက်လုံးထုတ်ခဲ့တာမဟုတ်ဘဲ ကွက်ကြားမိုးလို သူတစ်ယောက်ထဲ ကြံဖန်ဆိုးရွားခဲ့သည့် ကံကြမ္မာကိုသာ ပြက်လုံးထုတ်ခဲ့ခြင်းဖြစ်၏။ တစ်နည်းအားဖြင့် သူသည် အနုပညာကျိန်စာသင့်နေသည့် လူရွှင်တော်တစ်ဦးလည်းဖြစ်ပါသည်။

တာရာကတော့ သူ့ဘဝထဲမှ အဝေးဆုံးဆီသို့ ထွက်ခွာသွားခဲ့ပြီး

●

ထိုသို့ဖြင့် ဆောင်း၏နံနက်ခင်း မြူနှင်းမှုန်များကြား၌ အသည်းကွဲလူရွှင်တော်တစ်ယောက်နှင့် သူ့သူငယ်ချင်းတစ်သိုက်သည် မျက်ရည်တွေဝဲကာ ရယ်မောနေခဲ့ကြဖူးလေသည်။

❑

လေးစားစွာဖြင့်

ဝေမှုန်းသွင်
(၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ)

www.burmeseclassic.com